ကြေးမုံ
The Mirror Daily
၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၁၁ ရက်၊ စနေနေ့။ Saturday 9 June 2018 ၉၃၀၂

**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။ ပါပဝဂ်(ဓမ္မပဒ-၁၁၈)

# ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် အမျိုးသားလုံခြုံရေးနှင့် နိုင်ငံတကာဆက်ဆံရေးအခြေအနေများနှင့်စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ



ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် အမျိုးသားလုံခြုံရေးနှင့် နိုင်ငံတကာဆက်ဆံရေးအခြေအနေများနှင့်စပ်လျဉ်းသည့် အစည်းအဝေးသို့ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။

**နေပြည်တော် ဇွန် ၈**

ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် အမျိုးသားလုံခြုံရေးနှင့် နိုင်ငံတကာဆက်ဆံရေးအခြေအနေများနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

အစည်းအဝေးတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့သည့်အခြေအနေများ၊ စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းမှုအခြေအနေများ၊ ရှန်ဂရီလာ ဒိုင်ယာလော့ခ်နှင့် ဆက်စပ်ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်နှင့် နယ်စပ်လုံခြုံရေးကိစ္စရပ်များ စသည်တို့ကို ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများဖြစ်သည့် ဦးမြင့်ဆွေ၊ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

**လွှတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့စည်းခြင်း ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အထောက်အပံ့ပြုနိုင်ရေး မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ခြင်းအပေါ် ကမ္ဘာ့နိုင်ငံကြီးများမှ ထောက်ခံကြိုဆို**

စာမျက်နှာ » ၅

**ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများနှင့် တွေ့ဆုံမေးမြန်းခြင်း (အပိုင်း-၁)**

စာမျက်နှာ - ၈

C B BANK
Best Digital Bank 2018
ASIAMONEY
www.cbbank.com.mm
CBBankmyanmar
contact@cbbank.com.mm
Call Center : 01 231 777 0

ကြေးမုံ

# ပြည်သူလူထု လူမှုဘဝလိုအပ်ချက်ကို ဖြည့်ဆည်း

နိုင်ငံဖွံ့ဖြိုးတိုးတက်မှသာ ပြည်သူလူထု၏ လူမှုဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ တိုင်းပြည်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်ဓာတ်အားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအကြောင်းအရင်းတစ်ခုဖြစ်သည်။ လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးတိုးတက်လျှင် လူမှုဘဝမြင့်မားပြီး နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှု အခြေအနေကောင်းများဖြစ်ပေါ်ကာ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးမည်ဖြစ်သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ဖြင့်ဆောင်ရွက်သည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်နှင့်ပတ်သက်၍ ဆောင်ရွက်ထားမှု အခြေအနေများကို ဇွန်လ ၇ ရက်နေ့က နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက လာရောက်ရှင်းလင်း တင်ပြသည်ကို မြင်တွေ့ကြားသိခဲ့ရသည်။ ယင်းသို့ဆောင်ရွက်မှုကြောင့် ဝန်ကြီးဌာန၏ ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုရမည်ဖြစ်သလို လိုအပ်ချက်များကို ဝိုင်းဝန်းပံ့ပိုးဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် ကောင်းမွန်သည့် အစဉ်အလာတစ်ခုကို ဖြစ်စေပြီး ပွင့်လင်းမြင်သာမှုနှင့် နိုင်ငံ၏ လိုအပ်ချက်အား ဖြည့်ဆည်းပေးနေမှုကို သိရှိခွင့်ရပေသည်။

အဆိုပါချေးငွေဖြင့် လက်ရှိလျှပ်စစ်ဓာတ်အား ရောက်ရှိပြီးနေရာမှ နှစ်မိုင်အတွင်းရှိ ကျေးရွာပေါင်း ၅၀၈၀ ကို ပထမအဆင့်အဖြစ် လည်းကောင်း၊ ငါးမိုင်အတွင်းရှိ ကျေးရွာပေါင်း ၇၆၃၉ ရွာကို ဒုတိယအဆင့်အဖြစ် လည်းကောင်း ဆက်သွယ်တည်ဆောက်ရန် စီစဉ်ထားသည်ဟု သိရသည်။ ချေးငွေစာချုပ် လက်မှတ်ရေးထိုးခဲ့သည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့မှစ၍ ယနေ့ကာလအထိ ထရန်စဖော်မာများ၊ ခွဲရုံများ၊ ကွန်ကရစ်တိုင်များ၊ စတီးတိုင်များနှင့် အခြားဆက်စပ်ပစ္စည်းများ၊ ဝန်ဆောင်မှုများကို သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီး ဆောင်ရွက်နေပြီဖြစ်သည်။ ယင်းကဲ့သို့ဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ ကျေးရွာ ၅၀၀၀ ကျော်၊ လျှပ်စစ်မီးသုံးစွဲသူ အိမ်ထောင်စုပေါင်း ခြောက်သိန်းကျော်တို့အား လျှပ်စစ်ဓာတ်အားရရှိရေး တိုးချဲ့ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းလျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် သုံးနှစ်အတွင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀၀၀ ရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ သုံးနှစ်အတွင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀၀၀ ရရှိရေးအတွက် ပြည်ပကုမ္ပဏီများနှင့် ပူးပေါင်း၍ တနင်္သာရီတိုင်းဒေသကြီး ကန်ပေါက်ဒေသတွင် မဂ္ဂါဝပ် ၁၂၃၀၊ ဧရာဝတီတိုင်းဒေသကြီး မီးလောင်ဂျိုင်ဒေသတွင် မဂ္ဂါဝပ် ၁၃၉၀၊ ရန်ကုန်တိုင်းဒေသကြီး အလုံတွင် ၃၅၆ မဂ္ဂါဝပ်၊ ရခိုင်ပြည်နယ် ကျောက်ဖြူတွင် ၁၃၅ မဂ္ဂါဝပ်ထွက်ရှိမည့် လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းများကို မိမိနိုင်ငံ၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် မဖြစ်မနေ ဆောင်ရွက်ကြရမည်သာဖြစ်သည်။ အရည်အသွေးပြည့်မီသော လျှပ်စစ်ဓာတ်အားစီမံကိန်းများ အောင်မြင်စေရန် သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြိုးပမ်းအားထုတ်မှုများကို အဘက်ဘက်က ဝိုင်းဝန်းကူညီခြင်းဖြင့် ပူးပေါင်းလက်တွဲဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် အမေရိကန် သံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့အလန်မာစီရယ်လ်အား ယမန်နေ့ ညနေပိုင်းက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံပြီး ဆိုက်ဘာလုံခြုံရေး၊ ဆက်သွယ်ရေးဆိုင်ရာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မိတ္ထီလာခရိုင်၌ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းပေါင်း ၁၀၀ ကျော် အဆင့်တိုးမြှင့်

**မိတ္ထီလာ ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် မိတ္ထီလာမြို့နယ်၌ ၂၄ ကျောင်း၊ မလှိုင်မြို့နယ်တွင် ၁၃ ကျောင်း၊ သာစည်မြို့နယ်တွင် ၂၄ ကျောင်းနှင့် ဝမ်းတွင်းမြို့နယ်တွင် ၄၄ ကျောင်း စုစုပေါင်း ကျောင်းပေါင်း ၁၀၅ ကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် မိတ္ထီလာခရိုင်အတွင်း၌ အထက်တန်းကျောင်း ခြောက်ကျောင်း၊ အထက်တန်းကျောင်းခွဲ ၁၇ ကျောင်း၊ အလယ်တန်းကျောင်း ၃၄ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၁၈ ကျောင်း၊ မူလွန်ကျောင်း ၁၈ ကျောင်း၊ မူလတန်းကျောင်း ခြောက်ကျောင်း၊ မူလတန်းကျောင်းခွဲ ခြောက်ကျောင်း စုစုပေါင်း ၁၀၅ ကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့သည်။

မိတ္ထီလာမြို့နယ်တွင် အထက်တန်းကျောင်းခွဲများဖြစ်သည့် တောမနှင့် တည်ပင်ကုန်းတို့အား အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပြီး အလယ်တန်းကျောင်းများဖြစ်သည့် ဖက်တော၊ ဒီးဒုတ်တောင်၊ အမှတ်(၃)၊ လေတပ်ကျောင်းတို့ကို အထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ခဲ့သည်။

ထို့နောက် အလယ်တန်းကျောင်းခွဲများဖြစ်သည့် ပြည်သာယာ၊ သံဘို၊ သပြေကန်၊ အုံတုံ၊ သီးပင်ကုန်း၊ ကူတော်၊ ကန်တောင်၊ ညောင်ကုန်း(၈)၊ သဖန်းပင်ကျောင်းတို့ကို အလယ်တန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့်ပြီး မူလွန်ကျောင်းများဖြစ်သည့် ကမ္ဘားတဲ၊ လက်ပံအိုင့်၊ နဘဲကုန်း၊ အုတ်ဖိုကြာကန်၊ ခင်လူး၊ ရေငံကျောင်းတို့ကို အလယ်တန်းကျောင်းခွဲများအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သည်။ ယင်းနောက် ကျောက်ဖြူကုန်းမူလတန်းကျောင်းကို မူလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပြီး မကျီးကန်၊ ကျောက်အိုးကိုယ်ပိုင်ကျောင်းတို့အား မူလတန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူ အကျိုးခံစားခွင့် ထုတ်ပေး

**နေပြည်တော် ဇွန် ၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအောက်ရှိ မိတ်ဖက်ဌာနများမှ အသိပညာပေး ဟောပြောပွဲနှင့် လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို နေပြည်တော် လယ်ဝေးမြို့နယ် ရေနီ-တောင်စဉ်အေး သကြားစက်ရုံတွင် ဇွန် ၆ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနုက လူမှုဖူလုံရေးအဖွဲ့၏ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ ထုတ်ပေးလျက်ရှိသည့် အကျိုးခံစားခွင့်များအကြောင်းကို အလုပ်သမားများ သိရှိခံစားခွင့်ရှိစေရန် ရှင်းလင်းပြောကြားကာ နေပြည်တော် လယ်ဝေးမြို့နယ် ရေနီ-တောင်စဉ်အေး သကြားစက်ရုံမှ လုပ်ငန်းခွင်ပြင်ပတွင် လုပ်ငန်းတာဝန်ထမ်းဆောင်ရင်း ထိခိုက်မှုကြောင့် သေဆုံးသွားသော ယာဉ်မောင်း(၃) ဦးစောဟန်၏ ကျန်ရစ်သူ အကျိုးခံစားခွင့်ပြုငွေကျပ် ၃၂၆၇၀၀၀ အား ကွယ်လွန်သူ၏ ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ရွှေအား ထုတ်ပေးခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ဆေးဝါးကုသမှုပေးခြင်းနှင့် ငွေလက်ငင်း အကျိုးခံစားခွင့်ထုတ်ပေးခြင်းကို ဥပဒေစတင်ခဲ့သည့် ၃/၂၀၁၄ ခုနှစ်မှ ၃/၂၀၁၈ ခုနှစ်အထိ လေးနှစ်တာကာလအတွင်း အကျိုးခံစားခွင့် အမှုတွဲပေါင်း ၈၂၉၃၀၅ မှုအတွက် ကျပ်သန်းပေါင်း ၂၃၈၄၉ ဒသမ ၀၇ သန်းကို ခွင့်ပြုထုတ်ပေးပြီးဖြစ်ကာ လူမှုဖူလုံရေးအဖွဲ့မှ အာမခံအလုပ်သမားများနှင့် မိသားစုများအတွက် လူမှုဘဝလုံခြုံမှုရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၈**

ရန်ကုန်(ရွှေဈေး) ၉၃၃၀၀၀ - ၉၃၃၀၀၀   မန္တလေး(ရွှေဈေး) ၉၃၃၀၀၀ - ၉၃၃၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၅ ကျပ်၊ | ၉၄၀/၉၆၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၈၀/၁၀၀၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၅/၈၈၀ ကျပ်၊ | ၉၃၀/၉၆၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၅၀/၉၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၅/၈၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၅/၈၈၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၀၈/၈၂၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၄. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၉၈. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၁. ၈၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၃၂၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၀. ၂၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၀၈၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၃. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆. ၃၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၂. ၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၅. ၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957 — ၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅



ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် အမျိုးသားလုံခြုံရေးနှင့် နိုင်ငံတကာဆက်ဆံရေးအခြေအနေများနှင့် စပ်လျဉ်းသည့် အစည်းအဝေးကျင်းပစဉ်။ (သတင်း - ရွှေဖုံး)




**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တတိယအကြိမ် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာသူများ မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။**

**❍ ကျော့ဖုံးမှ**

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးချစ်စိန်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးက မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းအပါအဝင် အသင်းအဖွဲ့ ၁၀ ဖွဲ့အား မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးဆုများကို အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးရန်ပုံငွေအဖွဲ့က စစ်ဘေးရှောင် ဒုက္ခသည်များနှင့် သဘာဝဘေးဒုက္ခသည်များအတွက် ပေးအပ်လှူဒါန်းသည့် လှူဒါန်းငွေကျပ် သိန်း ၈၀၀ ကို မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးနေ့ပွဲကျင်းပရေးကော်မတီက ပေးအပ်လှူဒါန်းရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက လက်ခံရယူသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၁၉၄၉ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် လွတ်လပ်ရေးရရှိခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၄၉ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အာရှတိုက်ရှိနိုင်ငံအားလုံးအနက် ပထမအစောဆုံး တရားဝင် အသိအမှတ်ပြုခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

မြန်မာ-တရုတ် နှစ်နိုင်ငံ တရားဝင် သံတမန်ဆက်သွယ်ရေးကို ၁၉၅၀ ပြည့်နှစ် ဇွန် ၈ ရက်တွင် စတင်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် မြန်မာ-တရုတ် နှစ်ပြည်ထောင်ဝန်ကြီးချုပ်တို့သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက်ကို လက်မှတ်ရေးထိုးကာ ကမ္ဘာသို့ ကြေညာနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိကာလတွင် မြန်မာ-တရုတ်နှစ်နိုင်ငံ ဆက်ဆံရေးသည် မဟာဗျူဟာမြောက် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးအဖြစ် ဆက်လက်တိုးတက်လျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

## မတရားအသင်းအဖြစ်မှ ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၈)**
၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် (၁၀) ရက်
၂၀၁၈ ခုနှစ်၊ ဇွန်လ (၈)ရက်

**မတရားအသင်းအဖြစ်မှ ပယ်ဖျက်ခြင်း**

နိုင်ငံတော်သမ္မတသည် မတရားအသင်းများ အက်ဥပဒေအရ မတရားအသင်းအဖြစ်ကြေညာထားသော ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (National Coalition Government of the Union of Burma-NCGUB)အဖွဲ့အား ၈-၆-၂၀၁၈ ရက်နေ့မှစ၍ မတရားအသင်းအဖြစ်မှ ပယ်ဖျက်လိုက်သည်။

**အမိန့်အရ**
**ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ**
**ပြည်ထောင်စုဝန်ကြီး**

## အကြမ်းဖက်သူများအဖြစ်မှ ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၈)**
၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် (၁၀) ရက်
၂၀၁၈ ခုနှစ်၊ ဇွန်လ (၈)ရက်

**အကြမ်းဖက်သူများအဖြစ်မှ ပယ်ဖျက်ခြင်း**

နိုင်ငံတော်သမ္မတသည် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်သူများအဖြစ် ကြေညာထားသော ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ(National Coalition Government of the Union of Burma-NCGUB)အဖွဲ့နှင့် အဖွဲ့ဝင်များအား ၈-၆-၂၀၁၈ ရက်နေ့မှစ၍ အကြမ်းဖက်သူများအဖြစ်မှ ပယ်ဖျက်လိုက်သည်။

**အမိန့်အရ**
**ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ**
**ပြည်ထောင်စုဝန်ကြီး**

**✻ အောင်လအန်ဆန်မှ**

တက်ခါထာထောင်(ထိုင်း)နှင့် ယူဆွတ်(ဆိုက်ပရပ်စ်)၊ ကွန်တန်(ဩစတြေးလျ)နှင့် ဆမ်ပါ(အမေရိကန်)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ အောင်လအန်ဆန်သည် ကစားသမားဘဝ ပထမဆုံး ကမ္ဘာ့ချန်ပီယံဆုကို ၂၀၁၇ ခုနှစ် ဇွန်လတွင် ရယူနိုင်ခဲ့ပြီး ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်ကို အနိုင်ထိုးသတ်ခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် လက်ရှိ ONE မစ်ဒယ်ဝိတ်တန်းအပြင် လိုက်ဟဲဗီးဝိတ် ကမ္ဘာ့ချန်ပီယံဆုကိုပါ ရယူထားပြီး လိုက်ဟဲဗီးဝိတ် ကမ္ဘာ့ချန်ပီယံဆုကို ဖေဖော်ဝါရီလတွင် ဘရာဇီးနိုင်ငံသား မာချာဒိုကိုအနိုင်ယူကာ ရယူထားခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ပထမဆုံး ချန်ပီယံဆုကာကွယ်ပွဲ ထိုးသတ်ခြင်းဖြစ်ပြီး ယခုနှစ်အတွင်း ဝိတ်တန်းနှစ်ခုစလုံး ချန်ပီယံဆုကာကွယ်ပွဲများ ထိုးသတ်ရမည်ဖြစ်သည်။

အောင်လအန်ဆန်သည် ရန်ကုန်မြို့၌ ထိုးသတ်သည့် ငါးပွဲစလုံးအနိုင်ရထားပြီး ယခုခြောက်ပွဲမြောက် ယှဉ်ပြိုင်ထိုးသတ်ခြင်းဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- ဖိုးသော်ဇင်**



# နိုင်ငံတော်အတွက် ဆုတောင်းခြင်းနှင့် အနာရောဂါငြိမ်းခြင်း အခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၈**
မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ် (MECA)က ကြီးမှူးကျင်းပသည့် နိုင်ငံတော်အတွက် ဆုတောင်းခြင်းနှင့် အနာရောဂါငြိမ်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

အခမ်းအနားတွင် သိက္ခာတော်ရ ဆရာတော် Dr.Morris Liana က ကြိုဆိုနှုတ်ခွန်းဆက်ခြင်းနှင့် အဖွင့်ဆုတောင်းခြင်းကို ဆောင်ရွက်သည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံသူ နိုင်ငံသားအားလုံး ကျန်းမာခြင်းနှင့်အတူ အမိနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်က မေတ္တာစေတနာ ရှေ့ထားကာ အနာရောဂါငြိမ်းခြင်းနှင့် နိုင်ငံတော်အတွက် အထူးဆုတောင်းခြင်းအခမ်းအနား ကျင်းပပေးသည့်အတွက် နိုင်ငံသူ နိုင်ငံသားများကိုယ်စား ကျေးဇူးတင်ပါကြောင်း၊ မတူကွဲပြားသော လူမျိုး၊ ယဉ်ကျေးမှုနှင့် ဘာသာတရားများကို ပိုင်ဆိုင်ထားကြသည့် ကမ္ဘာ့ရွာကြီးအတွင်း လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုအားဖြင့် နီးစပ်လှသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွင်း အတူတကွ မှီတင်းနေထိုင်ကြသည့် ခရစ်ယာန်ဘာသာဝင် တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ခရစ်တော်၏ ဟောကြားချက် အဆုံးအမတော်များကို ဦးထိပ်ထားလျက် ကျေးဇူးတော်အစုံကို ခံယူနိုင်ကြပါစေကြောင်းနှင့် မိမိတို့မှီတင်းနေထိုင်ရာ နိုင်ငံတော်ကြီးအကျိုး၊ မိမိတို့ ဆည်းကပ်ကိုးကွယ်ရာ ဘာသာသာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာစကား ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး သိက္ခာတော်ရဆရာတော် ဒေါက်တာဦးတင်မောင်ထွန်းက နိုင်ငံတော်အတွက် ဆုတောင်းမင်္ဂလာစကားပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ခရစ်ယာန်ဘာသာဝင်များက အဖွဲ့အလိုက် ချီးမွမ်းခြင်းနှင့် ဝတ်ပြုဆုတောင်းခြင်းများကို ဆောင်ရွက်ကြပြီး သိက္ခာတော်ရ ဆရာတော် ဒေါက်တာ ဦးအေးမင်းက လွတ်မြောက်ခြင်းဆိုင်ရာ လိုအပ်ချက်များ၊ ဟောကြားချက်များကို ဆောင်ရွက်ကာ အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြသည်။ အခမ်းအနားကို ဇွန် ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် နှစ်ပတ်လည်စာစောင် ထုတ်ဝေ

**နေပြည်တော် ဇွန် ၈**
ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ ၂၀၁၈ ခုနှစ်အတွက် နှစ်ပတ်လည်စာစောင် ထွက်ရှိလာသည်။



အဆိုပါစာစောင်တွင် ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက "နိုင်ငံအတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတို့ကို အမှန်တကယ်ဖြစ်ထွန်းစေမည့် ဥပဒေများအား ပြည်သူများက မျှော်လင့်နေကြသည်။ ထိုသို့သော ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် ကော်မရှင်က သက်ဆိုင်သောဌာန၊ အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့်အတူ ဥပဒေမူကြမ်းများကို တတ်နိုင်သမျှ ပြည့်စုံစွာ ရေးဆွဲပြီး အဆုံးအဖြတ်ပြုပြဋ္ဌာန်းမည့် ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် တာဝန်ရှိသည်"ဟု အမှာစာတွင် ရေးသားထားသည်။

စာစောင်တွင် ဖြတ်သန်းခဲ့ရ ဘဝအတွေ့အကြုံကဏ္ဍ၊ လေ့လာတင်ပြသုတေသနကဏ္ဍ၊ ကျင့်သုံးလိုက်နာ ဥပဒေရေးရာကဏ္ဍဟူ၍ ကဏ္ဍသုံးရပ်ပါဝင်ပြီး ကော်မရှင်၏ ဆောင်ရွက်ချက်များကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။

အဆိုပါစာစောင်ကို ထက်စာပေ အမှတ်(၃၃၃) အခန်း(၃) ပထမထပ်(ယာ) ဗိုလ်အောင်ကျော်လမ်း(အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၇၃၅၊ ၀၉-၄၅၂၁၅၀၀၂၈ နှင့် အမှတ် (အေ-၀၀၁) မေယုလမ်းနှင့် ပဒုမ္မာ(၇)လမ်းထောင့် ရွှေကြာပင်ရပ်ကွက် ဇမ္ဗူသီရိမြို့နယ် နေပြည်တော် ဖုန်း-၀၆၇-၈၁၀၉၆၆၃ တို့က ဖြန့်ချိထားသည်။

# စဉ့်ကိုင်မြို့နယ်၌ မိုးလေဝသရေဒါဖွင့်ပွဲနှင့် လွှဲအပ်ပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၈**
မိုးလေဝသရေဒါဖွင့်ပွဲနှင့် လွှဲအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ရှိ မိုးလေဝသရေဒါအဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ဌာနေကိုယ်စားလှယ် Mr.Masayuki Karasawa တို့ တက်ရောက်ကြသည်။

ဂျပန်ယန်း ၃ ဒသမ ၈၄၂ ဘီလီယံပမာဏရှိသည့် Doppler အမျိုးအစား ရေဒါသုံးလုံးအား ဂျပန်အစိုးရ၏ အကူအညီဖြင့် ဆိုးရွားသည့် မိုးလေဝသအခြေအနေများကို စောင့်ကြည့်သည့်စနစ်ထူထောင်မှုစီမံကိန်းကို ၂၀၁၃ ခုနှစ် မတ် ၂၂ ရက်တွင် သဘောတူညီမှုလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ကျောက်ဖြူရေဒါ၊ ၂၀၁၆ ခုနှစ်တွင် ရန်ကုန်ရေဒါတို့ကို တပ်ဆင်ပြီးစီးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာဌာနတို့သို့ ကွင်းဆင်းလေ့လာ

**နေပြည်တော် ဇွန် ၈**
ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်လင်း ဦးဆောင်သော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များသည် နေပြည်တော် ဇေယျာသီရိမြို့နယ်(ရေဆင်း)ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)တို့ ပူးပေါင်းဖွင့်လှစ်ထားသော ဆယ်မားအူးလ်အွန်ဒုန် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း၏ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ ဇွန် ၅ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းလေ့လာခဲ့ကြသည်။

ကွင်းဆင်းလေ့လာရေးအဖွဲ့များအား စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးအစီအစဉ်အရ KOICA မှ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် မြန်မာဆယ်မားအူးလ်အွန်ဒုန် စီမံကိန်းကို ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ငါးနှစ်စီမံကိန်းဖြင့် စီမံကိန်းဝင်ကျေးရွာလူထု၏ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့် ဝင်ငွေတိုးလုပ်ငန်းများအတွက် နည်းပညာအထောက်အကူပေးနိုင်ရန် စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းကို နေပြည်တော်(ရေဆင်း)တွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာလက ဖွင့်လှစ်ခဲ့ပြီး ကျေးရွာခေါင်းဆောင်များနှင့် သက်ဆိုင်ရာဝန်ထမ်းများကို ကျေးရွာသစ်လှုပ်ရှားမှုသင်တန်းများ ဖွင့်လှစ်ပို့ချပေးနေမှုများကိုလည်းကောင်း၊ အဆိုပါသင်တန်းကျောင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ဆက်စပ်အသုံးအဆောင်များနှင့် သင်တန်းကုန်ကျစရိတ်များကို KOICA မှ ထောက်ပံ့ကူညီခဲ့ခြင်းဖြစ်ကာ စီမံကိန်းကာလပြီးဆုံးပါက မိမိတို့အစီအစဉ်ဖြင့် ဆက်လက်ရပ်တည်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့ပြင် ဒေသဖွံ့ဖြိုးရေး၊ အခြေခံအဆောက်အအုံနှင့် ဝင်ငွေတိုးလုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်ရေးသာမက ပြည်သူတစ်ဦးချင်းစီ၏ စိတ်ပိုင်းဆိုင်ရာ ခံယူချက်၊ ယုံကြည်ချက်နှင့် အတွေးအခေါ်များ မြှင့်တင်ပေးပြီး စုပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများဖြင့် မိမိဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းပါဝင်ကြိုးပမ်းကြစေရန် မြန်မာဆယ်မားအူးလ်အွန်ဒုန်စီမံကိန်းကို တိုင်းဒေသကြီး၊ ပြည်နယ် ကိုးခုရှိ ကျေးရွာ ၁၁၀ တွင် တတိယနှစ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားသည်။

ဆက်လက်၍ သင်တန်းကျောင်းအုပ်ကြီး Mr. ChaungKap Jin က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့သိရှိလိုသည်များကိုမေးမြန်းကာ ကျေးလက်ဒေသနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို အကြံပြုဆွေးနွေးကြပြီး သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။



အဆိုပါ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းသည် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယနေ့ထိ သင်တန်းအကြိမ်ရေ ၄၂ ကြိမ် သင်ကြားပို့ချပြီးဖြစ်ကာ ကျေးရွာခေါင်းဆောင် သင်တန်းသား ၂၂၇၈ ဦးတို့အပြင် အစိုးရဝန်ထမ်း သင်တန်းသား ၃၅၁ ဦး စုစုပေါင်း သင်တန်းသား ၂၆၂၉ ဦး သင်ကြားပို့ချ မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ကော်မတီဥက္ကဋ္ဌ ဦးရန်လင်းနှင့်အဖွဲ့သည် စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ရိတ်သိမ်းချိန်လွန်နည်းပညာဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဓာတ်ခွဲခန်းများသို့ ဝင်ရောက်လေ့လာကြရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်က ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လွှတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းခြင်း

# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အထောက်အပံ့ပြုနိုင်ရေး မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးနိုင်ခြင်းအပေါ် ကမ္ဘာ့နိုင်ငံကြီးများမှ ထောက်ခံကြိုဆို

**ဂျပန်နိုင်ငံ**

၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်က ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် ပြဿနာများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ နိုင်ငံတကာမှ ပုဂ္ဂိုလ်ကြီးတစ်ဦးပါဝင်သည့် လွှတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ခု ဖွဲ့စည်းမည်ဖြစ်ကြောင်း မြန်မာအစိုးရက မေ ၃၁ ရက်တွင် ထုတ်ပြန် ကြေညာခဲ့ပါသည်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့အကြား ရခိုင်ပြည်နယ် မြောက်ပိုင်းမှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အထောက်အပံ့ပြုနိုင်ရေး နားလည်မှုစာချွန်လွှာတစ်ရပ် သဘောတူလက်မှတ်ရေးထိုးခဲ့ပါသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းမှ နေရပ်စွန့်ခွာသူများ မိမိသဘောဆန္ဒအလျောက် လုံလုံခြုံခြုံ ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေး၊ လူ့အခွင့်အရေးများနှင့် လူသားချင်းစာနာမှုအခြေအနေများအတွက် အလွန်အရေးပါသည့် တိုးတက်မှုများကို ဂျပန်အစိုးရအနေဖြင့် ထောက်ခံကြိုဆိုပါသည်။

ဂျပန်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းဖော်ထုတ်ရန် မြန်မာအစိုးရကို အကြိမ်ကြိမ်တိုက်တွန်းခဲ့ပါသည်။ လွှတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့် ယုံကြည်စိတ်ချရသည့် ပွင့်လင်းမြင်သာမှုရှိသော စုံစမ်းစစ်ဆေးမှုများကို ဖော်ထုတ်နိုင်မည်ဟု မျှော်လင့်ပါသည်။

ယခုလက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာသည် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများနောက်ပိုင်း အထက်ပါ ကုလသမဂ္ဂအေဂျင်စီများအတွက် ရခိုင်ပြည်နယ်တွင် ပထမဆုံးအကြိမ် စီမံခန့်ခွဲလုပ်ဆောင်မည့် အခြေခံအုတ်မြစ်ဖြစ်လာမည်ဖြစ်သည်။

ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် အထောက်အပံ့ပြုနိုင်ရေးကို ရှေးရှုလျက် ဂျပန်အစိုးရသည် ကုလသမဂ္ဂအေဂျင်စီများနှင့် မြန်မာအစိုးရ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ကြားဝင်စေ့စပ်ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ ကုလသမဂ္ဂအေဂျင်စီများအနေဖြင့် နားလည်မှုစာချွန်လွှာပါအချက်များကို အခြေခံလျက် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်မည်၊ မြန်မာအစိုးရကလည်း ပြန်လည်ဝင်ရောက်လာမည့်သူများ လက်ခံရေးအတွက် အဆောက်အအုံများ တည်ဆောက်ထားမည်ဟု ဂျပန်အစိုးရအနေဖြင့် ခိုင်မာစွာ ယုံကြည်ပါသည်။

မြန်မာအစိုးရနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရတို့၏ ရခိုင်ပြည်နယ်မှ အခြေအနေများ တိုးတက်ကောင်းမွန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဂျပန်အစိုးရအနေဖြင့် ဆက်လက်ထောက်ခံအားပေးသွားမည်ဖြစ်ပါသည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်အရေးကိစ္စတွင် တိုင်းရင်းသားလူမျိုးရေး အပါအဝင် ဘာသာရေးဆိုင်ရာ အယူဝါဒများနှင့်ပတ်သက်ပြီး ရှုပ်ထွေးလှသော နောက်ခံသမိုင်းကြောင်း ရှိသည်။ ထို့ကြောင့် မြန်မာနှင့်ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား အရေးကိစ္စများဖြေရှင်းရာတွင် နိုင်ငံတကာအကူအညီရယူပြီး တိုင်ပင်ဆွေးနွေးညှိနှိုင်းရမည်ဖြစ်သည်။

ထို့ကြောင့် မြန်မာအစိုးရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ်ကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် တရုတ်နိုင်ငံက လှိုက်လှဲစွာကြိုဆိုပါသည်။ အဆိုပါ စာချွန်လွှာအရ သက်ဆိုင်သည့် အဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံအရေးကိစ္စကို ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုများဖြင့် အဖြေရှာနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း သက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် အတူတကွပူးပေါင်းကာ စာချွန်လွှာပါသဘောတူညီမှုများကို တက်ကြွစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်လိမ့်မည်ဟု တရုတ်နိုင်ငံက မျှော်လင့်ပါသည်။

မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံများသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့်အတွက် တရုတ်နိုင်ငံအနေဖြင့် ရခိုင်ပြည်နယ် အရေးကိစ္စနှင့် ပတ်သက်ပြီး ဖြစ်ပေါ်ပြောင်းလဲတိုးတက်လျက်ရှိသည့် အခြေအနေအရပ်ရပ်ကို မျက်ခြည်မပြတ် စောင့်ကြည့်လျက်ရှိပြီး ကောင်းမွန်သော ရလဒ်ထွက်ပေါ်စေရေးအတွက် အိမ်နီးချင်းကောင်းနိုင်ငံအဖြစ် အကူအညီပေးလျက်ရှိသည်။ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်စည်ပင်ဝပြောစေရန်ရည်ရွယ်ပြီး အေးချမ်းတည်ငြိမ်မှုကို ရေရှည်ထိန်းသိမ်းကာ မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဆွေးနွေးညှိနှိုင်းပွဲများ ကျင်းပစေရေးအတွက် တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာ အသိုက်အဝန်းနှင့် အတူတကွလက်တွဲကာ ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိပါသည်။

**ပြင်သစ်နိုင်ငံ**

မြန်မာအစိုးရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ်ကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ပြင်သစ်နိုင်ငံအနေဖြင့် လှိုက်လှဲစွာထောက်ခံကြိုဆိုပါသည်။

သဘောတူလက်မှတ်ရေးထိုးခဲ့သော စာချွန်လွှာသည် ဒုက္ခသည်များ ဘေးကင်းလုံခြုံဂုဏ်သိက္ခာရှိစွာဖြင့် နေရပ်သို့ပြန်လည်နေထိုင်နိုင်ရေးအတွက် လိုအပ်သောအခြေအနေများကြိုတင်ပြင်ဆင်ရန် အရေးကြီးသောခြေလှမ်းတစ်ရပ်ဖြစ်သည်။ ယခုစာချွန်လွှာသည် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် လုံခြုံရေးကောင်စီဥက္ကဋ္ဌက ချမှတ်ခဲ့သည့် ထုတ်ပြန်ကြေညာချက်နှင့် ကွဲလွဲမှုမရှိပေ။ ထို့ကြောင့် ပြင်သစ်နိုင်ငံအနေဖြင့် လူသားချင်းစာနာထောက်ထားသည့် အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့၏ လုပ်ဆောင်ချက်များကို ဆက်လက်ထောက်ခံလျက်ရှိသည်။

ရခိုင်ပြည်နယ်အရေးကိစ္စများ ပြေလည်အောင် ဖြေရှင်းနိုင်စေရန်နှင့် ကိုဖီအာနန်ကော်မရှင် အစီရင်ခံစာတွင် ပါရှိသည့်ထောက်ခံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာအစိုးရအနေဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန် ခရစ္စတင်း ရှာနာဘာဂျီနာနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ပြင်သစ်အစိုးရက တိုက်တွန်းပါသည်။

**ကြေးမုံ**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ အမေရိကန်သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ




**နေပြည်တော် ဇွန် ၈**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာ စကော့အလန်မာစီရယ်နှင့်အဖွဲ့အား ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဆောင်ရွက်နေသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးကိစ္စ၊ သတင်းပေးတိုင်ကြားသူကို အကာအကွယ်ပေးရေးကိစ္စ၊ အဂတိလိုက်စားမှုနှင့် ပတ်သက်၍ ပြည်သူလူထု၏ အမြင်စစ်တမ်းကောက်ယူရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သတ်မှတ်ကာလအတွင်း လုပ်ကိုင်ခြင်းမရှိသည့် မြေရိယာများအား မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရ ပြန်လည်သိမ်းဆည်းမည်

**နေပြည်တော် ဇွန် ၈**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၁၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို အသုံးပြု၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းများ အပါအဝင် အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအပေါ် ဝိုင်းဝန်းပူးပေါင်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ဦးသက်နိုင်ဦးက မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်၊ ပြန်လည်လျှောက်ထားခွင့်၊ ပြန်လည်အပ်နှံခွင့်နှင့် အမှန်တကယ်စိုက်ပျိုးမှုအခြေအနေများကို လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဝင်များက တိုင်းဒေသကြီး၊ ပြည်နယ်များမှ တင်ပြလာသည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ အသုံးပြုခွင့်ဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို လယ်ယာမြေအဖြစ် သတ်မှတ်ရန် လျှောက်ထားလာမှုများနှင့်ပတ်သက်၍ လည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ သဘောထားမှတ်ချက်ဖြင့် ပြန်ကြားလာသည့် လုပ်ငန်းစာတွဲများနှင့်ပတ်သက်၍ လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် **ယခင်အစိုးရကာလ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့က ခွင့်ပြုပေးခဲ့ပြီး သတ်မှတ်ကာလ လေးနှစ် ပြည့်မြောက်သည်အထိ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း မရှိသည့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မြေဧရိယာစုစုပေါင်း ၈၂၁၈၂၉ ဒသမ ၁၆ ဧကအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂ အပိုဒ်ခွဲ(ဂ)အရ ပြန်လည်သိမ်းဆည်းရန် ဆုံးဖြတ်ခဲ့**ကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**

## မြဝတီတွင် စုပေါင်းသစ်ပင်စိုက်ပျိုး

**မြဝတီ ဇွန် ၈**

၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မြဝတီမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ဇွန် ၈ ရက် နံနက် ၈ နာရီတွင် မြဝတီမြို့ တစ်ခါသုံးစက်ရုံဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်ရွှေ၊ မြောက်ပိုင်းခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းနိုင်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသိန်းရွှေနှင့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများက ကျွန်းပင် ၄၂၅ ပင်၊ မဟော်ဂနီပင် ၁၀၀ စုစုပေါင်း ပျိုးပင် ၅၂၅ ပင် စိုက်ပျိုးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတကာမြင်ကွင်း

■ရဲရင့်လင်းလက်



ရှန်ဂရီလာဆွေးနွေးပွဲဟာ နှစ်စဉ်ကျင်းပတဲ့ လုံခြုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးပါ။ ဒီနှစ်ရှန်ဂရီလာဆွေးနွေးပွဲကို စင်ကာပူမှာ ကျင်းပခဲ့ပါတယ်။ ဒီအချက်ကိုကြည့်ရင် အိန္ဒိယသမုဒ္ဒရာနဲ့ ပစိဖိတ်သမုဒ္ဒရာကို ဆက်စပ်ပြီး လုံခြုံရေးရှုထောင့်က ချဉ်းကပ်ပုံအပေါ် ကျယ်ကျယ်ပြန့်ပြန့် လက်ခံလာတာကို တွေ့ရပါတယ်။ နောက်တစ်ချက် ထပ်ပြောနိုင်တာက အိန္ဒိယ-ပစိဖိတ်သမုဒ္ဒရာလုံခြုံရေးနယ်ပယ်မှာ အိန္ဒိယနိုင်ငံက အရေးကြီးတဲ့ ဒေါက်တိုင်တစ်ခုအနေနဲ့ ပါဝင်လာတာပါ။

အိန္ဒိယ-ပစိဖိတ်သမုဒ္ဒရာ လုံခြုံရေးဝန်းကျင်ရဲ့ အရေးပါပုံကို အသိအမှတ်ပြုတဲ့အနေနဲ့ အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီဟာ အင်ဒိုနီးရှားနိုင်ငံနဲ့ မလေးရှားနိုင်ငံတွေကို သွားရောက်လည်ပတ်ခဲ့ပါတယ်။ ဒီနှစ် ရှန်ဂရီလာဆွေးနွေးပွဲမှာလည်း အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီက အရေးပါတဲ့ မူဝါဒဆိုင်ရာမိန့်ခွန်းကို ပြောကြားခဲ့ပါတယ်။ အိန္ဒိယပြည်တွင်းမှာ ဝန်ကြီးချုပ် မိုဒီကို လူထုအကြိုက် ပြင်းပြင်းထန်ထန် လှုံ့ဆော်ဟောပြောစည်းရုံးတဲ့ နိုင်ငံရေးသမားတစ်ယောက်အဖြစ် ရှုမြင်ကြတာပါ။ ဒီရှန်ဂရီလာဆွေးနွေးပွဲမှာတော့ ဝန်ကြီးချုပ် မိုဒီက ထိန်းထိန်းသိမ်းသိမ်း ပြောဆိုသွားပါတယ်။ လိုတိုရှင်းပြောရရင်တော့ ဝန်ကြီးချုပ် မိုဒီက သူ့ကိုယ်သူ ကမ္ဘာ့ခေါင်းဆောင်တစ်ယောက်အဖြစ် ပုံဖော်သွားတာပါ။ ပိုပြီးပြည့်စုံအောင်ပြောရရင် အရှေ့အာရှနဲ့ ပစိဖိတ်သမုဒ္ဒရာကို သူ့နိုင်ငံရဲ့ မဟာဗျူဟာဝန်းကျင်အဖြစ် ရှုမြင်တဲ့ စူပါပါဝါသစ်နိုင်ငံကြီးတစ်နိုင်ငံရဲ့ ခေါင်းဆောင်အဖြစ် ရပ်တည်ပြောကြားသွားတာပါ။ အိန္ဒိယဝန်ကြီးချုပ် မိုဒီက မိန့်ခွန်းပြောကြားရာမှာ "ကျွန်တော်တို့ရဲ့ အခြေခံရည်မှန်းချက်ကတော့ ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးနှစ်ပတ်လည် ၇၅ နှစ်ပြည့်တဲ့ ၂၀၂၂ ခုနှစ်မှာ အိန္ဒိယနိုင်ငံကို အင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ် အသွင်ကူးပြောင်း ဖန်တီးနိုင်ဖို့ပါ"လို့ ပြောကြားခဲ့ပါတယ်။

ဝန်ကြီးချုပ် မိုဒီက အိန္ဒိယနိုင်ငံရဲ့ မဟာဗျူဟာမြောက် လွတ်လွတ်လပ်လပ် ရပ်တည်နိုင်စွမ်းနဲ့ သမိုင်းအစဉ်အဆက် ဆုပ်ကိုင်ခဲ့တဲ့ ဘက်မလိုက်မူဝါဒအပေါ် မြဲမြံမှုတို့ကို အလေးထားပြောကြားခဲ့ပါတယ်။ ဒီလိုနည်းနဲ့ ဝန်ကြီးချုပ် မိုဒီက အိန္ဒိယနိုင်ငံရဲ့ ကမ္ဘာ့နိုင်ငံရေးမှာ အရေးပါပုံကို ပုံဖော်သွားတာပါ။ ပြောရရင် ဝန်ကြီးချုပ် မိုဒီက မဟာအင်အားကြီးနိုင်ငံတွေအကြား အကြိတ်အနယ် ယှဉ်ပြိုင်နေရာကနေ အိန္ဒိယနိုင်ငံအတွက် မလိုလားအပ်တဲ့ ဂယက်ထမှုတွေမရှိစေဘဲ လိုချင်တာကို ပါးပါးနပ်နပ် ပြောကြားသွားတာပါ။

ဝန်ကြီးချုပ်မိုဒီ အထူးတလည်အလေးထားပြီး မီးမောင်းထိုး ပြောကြားသွားတာကတော့ လွတ်လပ်ပွင့်လင်းပြီး စည်းမျဉ်းစည်းကမ်းအပေါ် အခြေခံတဲ့ နိုင်ငံတကာဆက်ဆံရေးစနစ်ရဲ့ အရေးပါပုံပါ။ ဒါက အမေရိကန်နိုင်ငံရဲ့ ကိုယ်ကျိုးစီးပွားကာကွယ်ရေးကုန်သွယ်ရေးမူဝါဒနဲ့ တရုတ်နိုင်ငံရဲ့ ပင်လယ်ပြင်ဆိုင်ရာ ပြန်လည်ပြင်ဆင်ရေးဝါဒတို့ကို သွယ်ဝိုက်ပြီး ဝေဖန်လိုက်တာပါ။ ပင်လယ်ပြင်ဆိုင်ရာ ကူးသန်းသွားလာရေးနဲ့ ပတ်သက်ပြီး တရုတ်နိုင်ငံက ပြင်ဆင်ပြောင်းလဲလိုတဲ့ အနေအထားဟာ အိမ်နီးချင်းနိုင်ငံတွေရဲ့ ကုန်သွယ်ရေးကြောင်း လုံခြုံမှုအပေါ် ခြိမ်းခြောက်မှုတွေဖြစ်စေခဲ့တာပါ။ ဝန်ကြီးချုပ် မိုဒီက "ကိုယ်ကျိုးစီးပွားအတွက် တံတိုင်းတွေကာရံပြီး ဆောင်ရွက်တာဟာ အဖြေမှန်ကို ရှာတွေ့နိုင်မှာ မဟုတ်ပါဘူး၊ အဖြေမှန်ကို ရှာတွေ့ဖို့ဆိုရင် အပြောင်းအလဲတွေကို ထွေးပွေ့လက်ခံနိုင်ရပါမယ်၊ အိန္ဒိယနိုင်ငံရဲ့ ကြိုးပမ်းအကောင်အထည်ဖော်မှုဟာ နိုင်ငံတိုင်း နိုင်ငံတိုင်း တန်းတူအခွင့်အရေး ရရှိဖို့ပါ၊ အိန္ဒိယနိုင်ငံဟာ ပွင့်လင်းပြီး တည်ငြိမ်မှုရှိတဲ့ နိုင်ငံတကာကုန်သွယ်ရေးစနစ် ပေါ်ပေါက်ရေးကို အမြဲထာဝရထောက်ခံနေပါတယ်"ဆိုပြီး အိန္ဒိယနိုင်ငံကို လွတ်လပ်မျှတတဲ့ ကမ္ဘာ့ကုန်သွယ်ရေးစနစ် ပေါ်ပေါက်ရေးအတွက် အမြဲထာဝရကြိုးပမ်းနေတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ပုံဖော်သွားပါတယ်။

ဆက်ပြောကြားရာမှာ ဝန်ကြီးချုပ်မိုဒီက "ကျွန်တော်တို့ရဲ့ လွတ်လပ်ပွင့်လင်းတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေအပေါ် ဟန့်တားနေတဲ့ အင်အားစုတွေကို ကျွန်တော်တို့ ဆန့်ကျင်ဖို့လိုပါတယ်၊ အိန္ဒိယနိုင်ငံရဲ့ ရပ်တည်ချက်ကတော့ အင်ဒို-ပစိဖိတ်သမုဒ္ဒရာ ဝန်းကျင်တစ်ခွင်အပြင် နိုင်ငံအားလုံး လွတ်လပ်ပွင့်လင်းပြီး တန်းတူရည်တူ ဆောင်ရွက်ပိုင်ခွင့်ရရှိရေးပါ၊ ဒီလိုဆောင်ရွက်နိုင်မှသာ ကျွန်တော်တို့အားလုံးရဲ့ ဘုံရည်မှန်းချက်ဖြစ်တဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ကြွယ်ဝချမ်းသာမှုကို ထွေးပွေ့နိုင်မှာပါ၊ နိုင်ငံအားလုံးဆိုတဲ့နေရာမှာ အင်ဒို-ပစိဖိတ်သမုဒ္ဒရာဝန်းကျင်မှာ တည်ရှိတဲ့ နိုင်ငံတွေအပြင် ဒီဒေသမှာ အကျိုးစီးပွား တစ်နည်းတစ်ဖုံ ပါဝင်ပတ်သက်နေတဲ့ နိုင်ငံအားလုံးကို ဆိုလိုတာပါ"လို့ ပြောကြားခဲ့ပါတယ်။

အိန္ဒိယနိုင်ငံရဲ့ မဟာဗျူဟာအရ ဟန်ချက်ညီရပ်တည်နိုင်မှု ထိန်းသိမ်းနိုင်ရေးကို အဓိကထားပြီး ဝန်ကြီးချုပ် မိုဒီက အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံအကြားက ရင့်ကျက်ပြီး အမြော်အမြင်ရှိတဲ့ဆက်ဆံရေးကို ချီးကျူးပြောဆိုခဲ့ပါတယ်။ အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံကြားက ဆက်ဆံရေးကိုပဲ ဝန်ကြီးချုပ်မိုဒီက ချီးကျူးခဲ့တာမဟုတ်ပါဘူး။ အိန္ဒိယ-အမေရိကန်ဆက်ဆံရေးကိုလည်း မကြုံစဖူး ထူးကဲတဲ့ အရည်အသွေးတွေနဲ့ ပြည့်စုံနေပါတယ်လို့ ဂုဏ်တင်ပြောဆိုခဲ့သလို အိန္ဒိယ-ရုရှားဆက်ဆံရေးကိုလည်း အထူးတလည် တန်ဖိုးထားရတဲ့ ဆက်ဆံရေးအဖြစ် ဂုဏ်ပြုပြောဆိုခဲ့ပါတယ်။

မနှစ်က ရှန်ဂရီလာဆွေးနွေးပွဲမှာ ဩစတြေးလျဝန်ကြီးချုပ် မဲလ်ကွန်တန်းဘဲလ် ပြောကြားခဲ့တဲ့ မူဝါဒကို လိုက်နင်းပြီး အင်ဒို-ပစိဖိတ်သမုဒ္ဒရာဝန်းကျင်ရဲ့ ဗဟိုချက်မအဖြစ် အလယ်အလတ် အင်အားရှိတဲ့ အာဆီယံရဲ့ အရေးပါပုံကို ဝန်ကြီးချုပ် မိုဒီက အလေးအနက်ထား ပြောကြားခဲ့ပါတယ်။ အိန္ဒိယဝန်ကြီးချုပ် မိုဒီက ခေတ်သစ်ကို ထွေးပွေ့ကြိုဆိုပါတယ်လို့ ပြောကြားချိန်မှာ အမေရိကန်နိုင်ငံရဲ့ ခေါင်းဆောင်မှုဆိုတာက စိုးရိမ်စိတ်ပျက်စရာလိုဖြစ်နေပြီး တရုတ်နိုင်ငံရဲ့ စည်းမျဉ်းစည်းကမ်းအခြေခံ နိုင်ငံတကာဆက်ဆံရေးအပေါ် ကတိကဝတ်ကလည်း မေးခွန်းထုတ်ရမလို ဖြစ်နေတာပါ။ ဒီလိုအနေအထားမှာ အိန္ဒိယဝန်ကြီးချုပ် မိုဒီက ကိုယ့်အမြင်၊ ကိုယ့်အယူအဆကို တရားသေဆုပ်ကိုင်ထားတဲ့ မဟာအင်အားကြီးနိုင်ငံတွေထက် အလယ်အလတ် အဆင့်အင်အားရှိတဲ့ နိုင်ငံတွေကို ဒေသတည်ငြိမ်လုံခြုံ ဖွံ့ဖြိုးမှုအတွက် အားကိုးယုံကြည်ရာအဖြစ် ထောက်ပြပြောဆိုသွားခဲ့တာပါ။

> 66 အိန္ဒိယနိုင်ငံရဲ့ မဟာဗျူဟာအရ ဟန်ချက်ညီရပ်တည်နိုင်မှု ထိန်းသိမ်းနိုင်ရေးကို အဓိကထားပြီး ဝန်ကြီးချုပ် မိုဒီက အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံအကြားက ရင့်ကျက်ပြီး အမြော်အမြင်ရှိတဲ့ဆက်ဆံရေးကို ချီးကျူးပြောဆိုခဲ့ပါတယ်။ အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံကြားက ဆက်ဆံရေးကိုပဲ ဝန်ကြီးချုပ်မိုဒီက ချီးကျူးခဲ့တာမဟုတ်ပါဘူး။ အိန္ဒိယ-အမေရိကန်ဆက်ဆံရေးကိုလည်း မကြုံစဖူး ထူးကဲတဲ့ အရည်အသွေးတွေနဲ့ ပြည့်စုံနေပါတယ်လို့ ဂုဏ်တင်ပြောဆိုခဲ့သလို အိန္ဒိယ-ရုရှားဆက်ဆံရေးကိုလည်း အထူးတလည် တန်ဖိုးထားရတဲ့ ဆက်ဆံရေးအဖြစ် ဂုဏ်ပြုပြောဆိုခဲ့ပါတယ် 99

အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းစ်မက်တစ်က မိန့်ခွန်းပြောကြားရာမှာတော့ အိန္ဒိယဝန်ကြီးချုပ် မိုဒီချပြခဲ့တဲ့ အယူအဆနဲ့ သိသိသာသာ ကွဲပြားတဲ့သဘောထားကို ပြောင်ပြောင်တင်းတင်းပဲ ပြောကြားခဲ့တာကို တွေ့ရပါတယ်။ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းစ်မက်တစ်က အာရှဒေသအတွင်း စည်းမျဉ်းစည်းကမ်းအခြေခံ နိုင်ငံတကာဆက်ဆံရေးစနစ်ကို ထိန်းသိမ်းရာမှာ အမေရိကန်နိုင်ငံရဲ့ အရေးပါပုံကို အသားပေးပြောကြားသွားခဲ့တာပါ။ ဒီနေရာမှာ သတိပြုရမယ့် အချက်တစ်ချက်ရှိပါတယ်။ အမေရိကန်ကာကွယ်ရေးဝန်ကြီးရဲ့ ဒီမိန့်ခွန်းဟာ ဒေသတွင်း အမေရိကန်လုံခြုံရေးကွပ်ကဲရေးစနစ်ကို "အမေရိကန်ပစိဖိတ်ကွပ်ကဲရေး"လို့ခေါ်ဆိုခဲ့ရာကနေ "အင်ဒို-ပစိဖိတ်ကွပ်ကဲရေး"လို့ ပြောင်းလဲခေါ်ဆိုခဲ့အပြီး ရက်ပိုင်းအတွင်း ပေါ်ထွက်လာခဲ့တာပါ။ ကွပ်ကဲရေးအခေါ်အဝေါ် အပြောင်းအလဲဟာ ဒေသတွင်းလုံခြုံရေးမှာ အိန္ဒိယနိုင်ငံရဲ့ အရေးပါလာတဲ့ အခန်းကဏ္ဍကို အသိအမှတ်ပြုတဲ့သဘောတော့ သက်ရောက်နေပါတယ်။

အမေရိကန် ကာကွယ်ရေးဝန်ကြီး ဂျိမ်းစ်မက်တစ်က "ယုံမှားသံသယမရှိကြပါနဲ့၊ အမေရိကန်နိုင်ငံဟာ အင်ဒို-ပစိဖိတ်သမုဒ္ဒရာပင်လယ်ပြင်မှာ ဆက်ရှိနေမှာပါ၊ ဒီသမုဒ္ဒရာပင်လယ်ပြင်ဟာ အမေရိကန်နိုင်ငံအတွက် ထိပ်တန်းဦးစားပေးပါ"လို့ ရှင်းလင်းပြောဆိုခဲ့တာပါ။ ဆက်လက်ရှင်းလင်းပြောဆိုရာမှာ အမေရိကန်ကာကွယ်ရေးဝန်ကြီးက အင်ဒို-ပစိဖိတ်သမုဒ္ဒရာဝန်းကျင်ဒေသရဲ့ အဓိကအန္တရာယ်အဖြစ် တရုတ်နိုင်ငံကို လက်ညှိုးထိုးပြီး အမေရိကန်နိုင်ငံကိုတော့ အင်ဒို-ပစိဖိတ်သမုဒ္ဒရာဝန်းကျင်တည်ငြိမ်ငြိမ်းချမ်းမှုရဲ့ မရှိမဖြစ် အင်အားစုအဖြစ် ပုံဖော်ပြောဆိုခဲ့တာကတော့ အံ့ဩစရာမရှိပါဘူး။ တရုတ်နိုင်ငံအနေနဲ့ တောင်တရုတ်ပင်လယ်ပြင်မှာ စိတ်တိုင်းကျ လှုပ်ရှားနိုင်ရေးမူဝါဒကိုသာ ဆက်လက်ကျင့်သုံးနေမယ်ဆိုရင် တရုတ်နိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံငယ်တွေအကြား သဘောထားကွဲလွဲမှုတွေ ပိုပြင်းထန်လာလိမ့်မယ်လို့ ဂျိမ်းစ်မက်တစ်က သတိပေးခဲ့ပါတယ်။ အမေရိကန် ကာကွယ်ရေးဝန်ကြီး ဂျိမ်းစ်မက်တစ်ရဲ့ ပြောဆိုချက်တွေထဲမှာ ထိုင်ဝမ်ကျွန်းကို ကာကွယ်ရေး၊ ကိုရီးယားကျွန်းဆွယ်မှာ နျူကလီးယားလက်နက်ကင်းစင်ရေး၊ ဒေသတွင်းအစဉ်အလာ မဟာမိတ်နိုင်ငံတွေအပေါ် အမေရိကန်နိုင်ငံက အကာအကွယ်ပေးရေး စတာတွေကို အလေးအနက်ထား ပြောကြားခဲ့တဲ့အတွက် အမေရိကန်နိုင်ငံက သမိုင်းအစဉ်အဆက်ဆုပ်ကိုင်ခဲ့တဲ့ မူဝါဒတွေနဲ့ ကွာခြားမှုသိပ်မရှိလှဘူးလို့ပဲ ဆိုပါရစေ။ ။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ကျင်းပမည့် မန္တလေးတက္ကသိုလ်ဝင်း အတွင်း လှည့်လည်ကြည့်ရှုစဉ်။

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရန် တွေ့ဆုံဆွေးနွေး

**မန္တလေး ဇွန် ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို မန္တလေးမြို့၌ စည်ကားသိုက်မြိုက်စွာနှင့် အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ကြိုတင်လာရောက်ပြီး ညှိနှိုင်းဆွေးနွေးခြင်း ဖြစ်ပါကြောင်း၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို လူငယ်များအချင်းချင်း အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတနှင့် ကျင့်ဝတ်တန်ဖိုးများ မျှဝေပေးနိုင်ရန်နှင့် အနာဂတ်မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်များဖြင့် အကောင်အထည်ဖော် တည်ဆောက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင်လည်း နိုင်ငံတိုင်း၊ အစိုးရတိုင်းက ၎င်းတို့နိုင်ငံ၏အနာဂတ်ကို ရေးဆွဲပုံဖော်ဆောင်ရွက်နိုင်မည့် လူငယ်လူရွယ်များကို ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါကြောင်း၊ ယခင်နှစ်က ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မှ အတွေ့အကြုံကောင်းများကို အခြေခံပြီး ပိုမိုပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံလူဦးရေ၏ ၂၆ ရာခိုင်နှုန်းခန့်သည် အသက်(၁၅)နှစ်မှ (၂၉)နှစ်ကြားအရွယ် လူငယ်များဖြစ်ပါကြောင်း၊ ၎င်းတို့ကို အသိပညာ၊ အတတ်ပညာ ပြည့်ဝစေရန်အတွက် အထောက်အကူဖြစ်စေရန် မန္တလေးမြို့၌ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို လက်ခံကျင်းပသွားမည် ဖြစ်ပါကြောင်း၊ ပွဲတော်စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေးအတွက် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပြန်လည်ဆွေးနွေးခဲ့ကြသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကို မကြာမီ မန္တလေးတက္ကသိုလ်၌ သုံးရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်တွင် စာပေဆိုင်ရာလှုပ်ရှားမှုများ၊ အားကစားဆိုင်ရာလှုပ်ရှားမှုများ၊ အနုပညာဆိုင်ရာလှုပ်ရှားမှုများ၊ အိုင်တီနည်းပညာဆိုင်ရာ လှုပ်ရှားမှုများ၊ ဖျော်ဖြေရေးနှင့် ပညာပေးအစီအစဉ်များ၊ အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာပြပွဲများ ထည့်သွင်းကျင်းပနိုင်ရန် ဆွေးနွေးခဲ့ကြသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(ရန်ကုန်)ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ရန်ကုန်တက္ကသိုလ်၌ ကျင်းပခဲ့ပြီး ယခုအခါ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကို မန္တလေးတက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မန်းကိုယ်ပွား**

# ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အထွေထွေစီးပွားရေးသမဝါယမအသင်း၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၈**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အထွေထွေစီးပွားရေး သမဝါယမအသင်း၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ အသင်းသားများနှင့် ဇမ္ဗူသီရိမြို့နယ် သမဝါယမဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် အထွေထွေစီးပွားရေးသမဝါယမအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်သီတာတင်က အမှာစကားပြောကြားပြီး အတွင်းရေးမှူးက အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူးက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းနှင့် အသားတင် အကျိုးအမြတ်ခွဲဝေမှုကိုလည်းကောင်း ဖတ်ကြားတင်ပြသည်။

ထို့နောက် အသင်းသားများ၏ အတည်ပြုချက်ရယူကာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် အမှုဆောင်သစ်များကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အထွေထွေစီးပွားရေး သမဝါယမအသင်းအနေဖြင့် အသင်းသားများ၏ စုဆောင်းငွေများ၊ အစုရှယ်ယာများဖြင့် အသင်းသားများအား ချေးငွေများထုတ်ချေးပေးခြင်း၊ အမြတ်ငွေများကို အသင်းသားများသို့ ပြန်လည်ခွဲဝေထုတ်ပေးခြင်းများ သာမက Coporate Social Responsibilities အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများ၏ သာရေး၊ နာရေးထောက်ပံ့ငွေများ၊ ပညာသင်ထောက်ပံ့ငွေများကိုပါ ထောက်ပံ့ကူညီပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ အချိန်ပိုင်းဓာတ်အားပြတ်တောက်မည်

**ရန်ကုန် ဇွန် ၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များ၌ ၆၆ ကေဗွီ၊ ၃၃ကေဗွီ ဓာတ်အားခွဲရုံများ၊ Distribution Transformer များ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ၊ မိုးဦးကာလ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေရှည်ဓာတ်အားတည်ငြိမ်ပြည့်ဝစွာပေးနိုင်ရေးအတွက် ဟောင်းနွမ်း၍ ဝန်အားမနိုင်တော့သော ၁၁ ကေဗွီ ဓာတ်အားလိုင်းကြိုးများအား လျှပ်ကာပါသော ဓာတ်အားလိုင်းကြိုးအသစ်များဖြင့် လဲလှယ်ခြင်းလုပ်ငန်းများကို ဇွန် ၁၂ ရက်နှင့် ၁၄ ရက်တို့တွင် နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်စဉ်အချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ဥက္ကံ၊ ဒါးပိန်၊ ဖောင်ကြီး၊ မြောင်းတကာ၊ အဖျောက်၊ ထန်းတပင်၊ ပန်းဘဲတန်း၊ အလုံ၊ ကမာရွတ်၊ ဗဟန်း၊ ကြည့်မြင်တိုင်၊ မရမ်းကုန်း၊ လမ်းမတော်မြို့နယ်များ၌ အဆိုပါရက်များတွင် အချိန်ပိုင်းဓာတ်အားပြတ်တောက်မှု အနည်းငယ်ရှိနိုင်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက အများပြည်သူများထံသို့ အသိပေးပန်ကြားထားသည်။ **ကြေးမုံ**

**မနက်ဖြန် နံနက်အထိ ခန့်မှန်းချက်**

**နေပြည်တော် ဇွန် ၈**။ ။ မန္တလေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့်ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့်ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

# မြန်မာဆယ်မားအူးလ်အွန်ဒုန်စီမံကိန်း တတိယနှစ် လုပ်ငန်းဆောင်ရွက်မှု ဆွေးနွေးပွဲ ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဇွန် ၈**။ ။ မြန်မာဆယ်မားအူးလ်အွန်ဒုန်စီမံကိန်း တတိယနှစ်လုပ်ငန်းဆောင်ရွက်မှုဆွေးနွေးပွဲနှင့် ၂၀၁၇ ခုနှစ် စီမံကိန်းဒုတိယနှစ် ဆုရရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ကျင်းပသည်။ ပေးအပ်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက ကျေးရွာ၏ အများကောင်းကျိုး လုပ်ငန်းများဆောင်ရွက်သည့်အခါ ခေါင်းဆောင်များက လူငယ်လူရွယ်များအားလုံးကို လက်ဆင့်ကမ်းတွဲခေါ် တာဝန်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၁၇ ခုနှစ် စီမံကိန်းဒုတိယနှစ် (A) အဆင့်ဆုရ ကျေးရွာငါးရွာ၏ ဆုစီမံကိန်းရန်ပုံငွေကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုကလည်းကောင်း၊ စီမံကိန်းဒုတိယနှစ် (B) အဆင့်ဆုရကျေးရွာလေးရွာ၏ ဆုစီမံကိန်းရန်ပုံငွေကို ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်ကလည်းကောင်း ကျေးရွာခေါင်းဆောင်များထံ ပေးအပ်ခဲ့သည်။ **ကြေးမုံ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများနှင့် တွေ့ဆုံမေးမြန်းခြင်း (အပိုင်း - ၁)

*မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး သဘောတူညီချက်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထို့ပြင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ ၁၉၉၃ ခုနှစ် သဘောတူညီချက်တွင် သဘောတူညီခဲ့သည့်အတိုင်း နေရပ်စွန့်ခွာသူများ ပြန်လည်ရောက်ရှိလာလျှင် အကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ခြင်းမရှိပါက အရေးယူခြင်းပြုမည်မဟုတ်ကြောင်း နှစ်နိုင်ငံသဘောတူညီခဲ့ကြပါသည်။*

ယခုအခါ မိမိသဘောဆန္ဒဖြင့် ပြန်လည်ဝင်ရောက်လာသော နေရပ်စွန့်ခွာသူအချို့မှာ အကြမ်းဖက်မှုတွင် ပါဝင်ခဲ့ခြင်း ရှိ၊ မရှိ စိစစ်မှုခံယူပြီးနောက် မောင်တောမြို့နယ်ရှိ မိမိတို့နေရပ်အသီးသီးတွင် ပြန်လည်ရောက်ရှိနေထိုင်နေကြပြီဖြစ်ရာ ၎င်းတို့အား သတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းထားပါသည်။



**အီမာနူရ်ဆောင်း**
**နေရပ်**
**ယခင် - ရွှေဇားကျေးရွာအုပ်စု၊ ရွှေဇားအလယ်ကျေးရွာ**
**ယခု - ရွှေဇားအုပ်စု မိမိနေအိမ်**

ဒီမြန်မာနိုင်ငံဘက်ကို ဟိုဘက်ကမ်းကနေ ပြန်ရောက်လာခဲ့ပါတယ်။ ကျွန်တော့်မိသားစုကတော့ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းကို သွားနေပါတယ်။ ကျွန်တော်ကတော့ မြန်မာနိုင်ငံဘက်ခြမ်း ကျွန်တော့်အိမ်ကို ကျွန်တော်ပြန်လာနေထိုင်တာပါ။ ကျွန်တော့်မိသားစုကိုလည်း ပြန်ခေါ်မှာပါ။ သူတို့က ဒုက္ခသည်စခန်းမှာသွားနေတာဖြစ်တဲ့အတွက် ဒုက္ခသည်စာရင်းအတိုင်း ပြန်လာမှာကိုပဲ ကြိုဆိုနေမှာပါ။ ဒီမှာနေရတာ အဆင်ပြေပါတယ်။ ဒီမြန်မာနိုင်ငံမှာ ပြန်လာတာဖြစ်တဲ့အတွက် NVC ကတ်နဲ့ပတ်သက်ပြီး အစိုးရရဲ့ စည်းမျဉ်းစည်းကမ်းအတိုင်း ကျွန်တော်နာခံပါမယ်။ ဒီမှာ စားဝတ်နေရေးအတွက်ကိုတော့ အရင်တုန်းကလိုပဲ ငါးဖမ်းလုပ်ငန်းကိုပဲ ဆက်ပြီးတော့လုပ်ကိုင်မှာပါ။



**ဆူဖရာဘီဘီ**
**နေရပ်**
**ယခင် - ကညင်တန်းကျေးရွာအုပ်စု၊ မောင်နီရွာ**
**ယခု - ကညင်တန်း(မြို့မ)၊ မိမိနေအိမ်**

ဒီကို ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းကနေ ပြန်ရောက်လာတာပါ။ ကျွန်မ မြန်မာနိုင်ငံကဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာပဲနေချင်ပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်ကိုတော့ ဆေးကုဖို့ပဲသွားခဲ့တာပါ။ ကျွန်မက အခုအစိုးရရဲ့ စည်းမျဉ်းစည်းကမ်းအတိုင်း နေပါမယ်။ NVC ကတ် လုပ်ဖို့အတွက် ကတော့ မိသားစုနဲ့တိုင်ပင်ရပါဦးမယ်။ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းမှာ ရှိတဲ့သူ တွေကိုလည်း မြန်မာနိုင်ငံဘက်ကိုပဲ ပြန်လာစေချင်ပါတယ်။



**ဖေရှုဒုစ်**
**နေရပ်**
**ယခင် -မြို့မတောင်ရပ်ကွက်၊ ဖေဇီရွာ**
**ယခု - ကညင်တန်း(မြို့မ)**

ကျွန်မလောလောဆယ်တော့ မြို့မကညင်တန်းမှာ အဖေနဲ့ နေပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်ကို သွားခဲ့တာက ကျွန်မညီမတစ်ယောက် လက်ကျိုးသွားလို့ သူ့ကိုစောင့်ရှောက်ဖို့၊ ဝိုင်းဝန်းကူညီပေးဖို့အတွက် လိုက်သွားခဲ့တာပါ။ ဆေးရုံမှာ ခြောက်ရက်တိတိ နေခဲ့ပါတယ်။ ခြောက်ရက်နေပြီး ဆေးရုံဆင်းတာနဲ့ ဒီမြန်မာနိုင်ငံဘက်ကမ်းကို ပြန်လာပါတယ်။ အခုဒီကနေထွက်ပြေးတဲ့သူတွေ နေတဲ့နေရာနဲ့ ဆေးရုံနဲ့ အဝေးကြီးပါ။ အဲဒီဘက်ကိုတော့ မသွားခဲ့ပါဘူး။

အဲဒီဘက်မှာ လူတွေအများကြီးရောက်နေတယ်ဆိုတာတော့ သတင်းကြားပါတယ်။ သူတို့တွေကို ဘင်္ဂလားဒေ့ရှ်ဘက်က အထောက်အပံ့တွေပေးနေတာကိုလည်းကြားပါတယ်။ ကျွန်မက မြန်မာနိုင်ငံမှာနေတဲ့အတွက် မြန်မာနိုင်ငံကိုပဲသဘောကျပါတယ်။ အခု NVC ကတ်ကတော့ ကျွန်မတစ်ယောက်တည်းပဲရထားပါတယ်။ ကျွန်မအဖေကတော့ NVC ကတ်ကို မယူပါဘူး။ ကျွန်မက မြန်မာနိုင်ငံမှာနေတဲ့အတွက် မြန်မာနိုင်ငံရဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာပြီးတော့ နေမှာပါ။



**နော်ဂူမူလ္လာ**
**နေရပ်**
**ယခင် - ညောင်ချောင်းကျေးရွာအုပ်စု၊ ညောင်ချောင်းကျေးရွာ**
**ယခု - ညောင်ချောင်းကျေးရွာ**

ကျွန်တော် ဘင်္ဂလားဒေ့ရှ်ဘက်ကို ဆေးကုဖို့အတွက် သွားခဲ့တာပါ။ ဆေးကုရင်းနဲ့ ဘာလူကာလီ ဒုက္ခသည်စခန်းကိုတော့ တစ်ရက်နှစ်ရက်သွားနေပြီး အဲဒီက အုပ်ချုပ်ရေးမှူးရုံးမှာ တည်းခိုခဲ့ပါတယ်။ အခုကတော့ ပြန်ပြီးနေကောင်းသွားပါပြီ။ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းကို လောလောဆယ်တော့မသွားတော့ပါဘူး။ အဲဒီဒုက္ခသည်စခန်းမှာတော့ ကျွန်တော့်ရဲ့ ဆွေမျိုးသားချင်းလည်း မရှိပါဘူး။ သူငယ်ချင်းတွေလည်း မရှိပါဘူး။ ကျွန်တော်ဆေးကုဖို့ အချိန်မကျသေးတဲ့အတွက် ကြောင့် အဲဒီဒုက္ခသည်စခန်းမှာ နှစ်ရက်လောက် သွားပြီးနေတာပါ။

ကျွန်တော့်မိသားစုကလည်း မြန်မာနိုင်ငံမှာရှိပါတယ်။ မောင်တောမြို့မှာပဲနေကြပါတယ်။ NVC ကတ်ကတော့ ကျွန်တော်တစ်ယောက်တည်းပဲရထားပါတယ်။ ကျွန်တော့်မိသားစုမှာတော့မရှိပါဘူး။ မြန်မာနိုင်ငံမှာရှိသရွေ့ NVC ကတ်ကို လုပ်ရမယ်လို့ ကျွန်တော်ထင်ပါတယ်။ အသက်မွေးဝမ်းကျောင်းအနေနဲ့ကတော့ ကျွန်တော်က အရင်က အငှားအလုပ်သမားတစ်ယောက်ပါ။ အခုကတော့ ကျွန်တော်ဆိုင်ခန်းတစ်ခန်းဖွင့်ဖို့အတွက် စိတ်ကူးနေပါတယ်။ ဟိုဘက်မှာရှိနေတဲ့သူတွေကိုလည်း ပြန်လာဖို့အတွက် အကြံပေးချင်ပါတယ်။



**အော်ဒါဟူဆောင်း**
**နေရပ်**
**ယခင် - ကျောက်ပြင်ဆိပ်ကျေးရွာအုပ်စု၊ တောင်ရွာ**
**ယခု - ကျောက်လှေကားကျေးရွာ၊ ဦးလေးနေအိမ်**

ကျွန်တော် ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းမှာ နှစ်လတိတိနေခဲ့ပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းမှာ ကျွန်တော့်မိသားစုလေးယောက် ရှိပါတယ်။ ကျွန်တော်ပြန်လာမယ်ဆိုတော့ သူတို့ကို ခေါ်ပါတယ်။ ဒါပေမယ့်မလာကြပါဘူး။ ကျွန်တော်ကတော့ NVC ကတ်ရှိတဲ့အတွက် ဒီဘက်မှာပဲနေမှာပါ။ ဒီဘက်ခြမ်းကို ပြန်လာဖို့အတွက်ကိုတော့ ဘင်္ဂလားဒေ့ရှ်ဘက်က အာဏာပိုင်တွေ၊ တာဝန်ရှိသူတွေ ပြောလို့မဟုတ်ပါဘူး။ ကျွန်တော့်စိတ်နဲ့ကျွန်တော် ပြန်လာတာပါ။

ဘဝနေထိုင်မှုအတွက် လုံခြုံတာကတော့ ဒီဘက်မှာပဲ ကောင်းပါတယ်။ ဒီဘက်ကိုပြန်ရောက်တော့ မြန်မာအစိုးရဘက်ကနေ အိုး၊ ခွက်တွေ ထောက်ပံ့ပေးထားပါတယ်။



**မာမတ်အီလီယာ့စ်**
**နေရပ်**
**ယခင် - ရွှေဇားကျေးရွာအုပ်စု၊ ရွှေဇားမြောက်ကျေးရွာ**
**ယခု - ရွှေဇားမြောက်ကျေးရွာ**

ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းမှာ ငါးရက်လောက်နေပြီး မြန်မာနိုင်ငံဘက်ခြမ်းကို ပြန်လာတဲ့အချိန်မှာ အဖမ်းခံခဲ့ရတာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်လောက်က သွားခဲ့တာပါ။ ကျွန်တော့်မိသားစုကတော့ မောင်တောမြို့မှာ ရှိပါတယ်။

အခုကတော့ ကျွန်တော့်မှာ NVC ကတ်ယူထားပါတယ်။ NVC ကတ်လုပ်ထားရင် ကျွန်တော်တို့စီးပွားရေးအတွက် အထောက်အကူဖြစ်နိုင်မယ်ဆိုပြီးတော့ ယူထားပါတယ်။ ကျွန်တော့်မိသားစုကတော့ NVC ကတ်မယူပါဘူး။ ကျန်တဲ့သူတွေ NVC ကတ် ဘာကြောင့်မလုပ်ဘူးဆိုတာကိုတော့ ကျွန်တော်မသိပါဘူး။ အသက်မွေးဝမ်းကျောင်းအနေနဲ့ကတော့ ဆိုက်ကားနင်းပါတယ်။

အချုပ်ကနေထွက်ပြီးတဲ့နောက်ပိုင်း ဆန်၊ ဆီ၊ ပဲနီ၊ အိုးခွက်ပန်းကန်တွေ၊ အင်္ကျီနဲ့ ပုဆိုးကို အစိုးရကနေ ထောက်ပံ့ပေးပါတယ်။ အခုလောလောဆယ် ဆိုက်ကားမရှိတော့ တက္ကစီမောင်းပြီးတော့ ဝင်ငွေရအောင်လုပ်ဖို့စဉ်းစားနေပါတယ်။

ဖြစ်စဉ်ဖြစ်ပြီးနောက်ပိုင်းမှာ ထွက်ပြေးသွားတဲ့သူတွေကိုလည်း မြန်မာနိုင်ငံကို ပြန်လာကြမယ်ဆိုရင် ကျွန်တော့်အနေနဲ့ ကြိုဆိုပါတယ်။



**မပဟာဘေဇူရာမန်**
**နေရပ်**
**ယခင် - ငါးခူရကျေးရွာအုပ်စု၊ တောင်ရွာ**
**ယခု - ငါးခူရကျေးရွာအုပ်စု၊ မှို့ဝင်ကျေးရွာ**

ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းမှာတော့ ဘာလူပာလီဆိုတဲ့ ကျေးရွာဒုက္ခသည်စခန်းမှာနေခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော့်မိသားစုနဲ့နေတာပါ။ အခုပြန်လာတာကတော့ အဲဒီမှာမနေချင်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံဘက်ကို ပြန်လာတာပါ။ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းကိုတော့ ဒီမှာဖြစ်စဉ်တွေဖြစ်ပြီးနောက်ပိုင်းမှ မိသားစုနဲ့ ထွက်ပြေးသွားခဲ့တာပါ။ ဘင်္ဂလားဒေ့ရှ်က ဒုက္ခသည်စခန်းမှာတော့ တူရကီနိုင်ငံက ထောက်ပံ့ပစ္စည်းတွေပေးပါတယ်။ အခြားနိုင်ငံတွေကလည်း ထောက်ပံ့ပေးတယ်ဆိုတာတော့ သိရတယ်။ ဒါပေမယ့် ဘယ်နိုင်ငံဆိုတာတော့ အတိအကျမသိဘူး။ တူရကီနိုင်ငံကိုပဲ သိခဲ့တာပါ။

ဒီမြန်မာနိုင်ငံဘက်ကို ပြန်လာဖို့အတွက်တော့ ကျွန်တော့်ဘာသာကျွန်တော်ပဲ ပြန်လာတာပါ။ အသက်မွေးဝမ်းကျောင်းအနေနဲ့ကတော့ ကျွန်တော့်မှာ အရင်ကဆိုင်ရှိပါတယ်။ အဲဒီဆိုင်ကလည်း မီးလောင်တဲ့အထဲမှာပါသွားပါပြီ။ အခုလောလောဆယ်တော့ အလုပ်အကိုင်မရှိသေးပါဘူး။ အခု မြန်မာနိုင်ငံအစိုးရကတော့ အိုးခွက်၊ ဇွန်း ၊ ပန်းကန်၊ ဆန်၊ ဆီ၊ ဆား၊ ပဲနီနဲ့ ပုဆိုး၊ အင်္ကျီတွေ ထောက်ပံ့ပေးထားပါတယ်။ ကျွန်တော်ကတော့ မြန်မာနိုင်ငံမှာ နေဖို့ပဲ ဆန္ဒရှိပါတယ်။ ဒါပေမယ့် ကျွန်တော့်မိသားစုကတော့ သူတို့ဆန္ဒအတိုင်းပဲဖြစ်ပါတယ်။ ကလေးတွေကတော့ ဘင်္ဂလားဒေ့ရှ်ဘက်က အာရ်ဗီကျောင်းမှာ လက်ရှိကျောင်းတက်နေပါတယ်။

ကျွန်တော် NVC ကတ်လုပ်ထားပြီးဖြစ်ပါတယ်။



**မာမက်အာယာ့စ်**
**နေရပ်**
**ယခင် - ရွှေဇားကျေးရွာအုပ်စု၊ ရွှေဇားမြောက်ကျေးရွာ**
**ယခု - ရွှေဇားမြောက်ကျေးရွာ**

ဘင်္ဂလားဒေ့ရှ်ဘက်မှာ ငါးရက်လောက်နေခဲ့ပါတယ်။ ငါးရက်နေပြီး မြန်မာဘက်ကို ကူးလာတဲ့အချိန်မှာ ဖမ်းဆီးခံလိုက်ရပါတယ်။ ဘာတစ်ခုမှလုပ်ဖို့သွားတာမဟုတ်ပါဘူး။ အခုနှစ် နှစ်လပိုင်းက သွားတာပါ။ ဟိုဘက်မှာ ဒီဘက်က သွားတဲ့လူတွေနဲ့ မတွေ့ပါဘူး။ မောင်တောမြို့မှာ ကျွန်တော်တို့မိသားစု ခေတ်ပုံလုပ်ငန်း လုပ်ပါတယ်။



**မာမက်ဂျူဘာရ်**
**နေရပ်**
**ယခင် - အလယ်သံကျော်ကျေးရွာအုပ်စု၊ မော်တူလာကျေးရွာ**
**ယခု - ကညင်တန်း(မြို့မ) ဂျော်မိလ်နေအိမ်**

ဘင်္ဂလားဒေ့ရှ်ကို သွားခဲ့တာကတော့ နှစ်နှစ်ဝန်းကျင်လောက်ရှိပါပြီ။ ဘင်္ဂလားဒေ့ရှ်ကနေ အခုဒီဘက်ကမ်းကို ပြန်လာပါတယ်။ ပြီးတော့ ကညင်တန်းကျေးရွာမှာ နေပါတယ်။ ဒီဘက်မှာ တစ်နှစ်နီးပါးလောက်နေထိုင်ခဲ့ပါတယ်။

လောလောဆယ်တော့ ဘာအလုပ်မှမလုပ်ရသေးဘူး။ ဘင်္ဂလားဒေ့ရှ်မှာနေရတာထက် မြန်မာနိုင်ငံမှာနေရတာက ပိုအဆင်ပြေပါတယ်။ အလယ်သံကျော်မှာ အိမ်ထောင်စုစာရင်းပယ်ဖျက်ခံရတော့ အုပ်ချုပ်ရေးမှူးတွေပြောပြီး ကညင်တန်းမှာနေရပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်မှာလည်း နေထိုင်ခွင့်ကတ်ယူရပါတယ်။ ကတ်မရှိရင် ရဲတွေကဖမ်းပါတယ်။

အခု မြန်မာနိုင်ငံမှာ NVC ကတ်လုပ်ပြီးပြီဆိုတော့ ဘင်္ဂလားဒေ့ရှ်ကို ပြန်မသွားတော့ပါဘူး။ မိသားစုကို ဒီဘက်ကိုခေါ်ဖို့တော့ ကြိုးစားနေပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီဘက်ကို လာစေချင်တယ်။ **စာမျက်နှာ ၉ သို့ »»»**

**တွေ့ဆုံမေးမြန်း - သတင်းအဖွဲ့**

# နေအိမ်မီးလောင်သွားသူများအတွက် ပြန်လည်နေရာချထားရေးနှင့် နေအိမ်ပြန်လည်ဆောက်လုပ်ပေးမည့်လုပ်ငန်းများ စီစဉ်ဆောင်ရွက်

**မောင်တော ဇွန် ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်သည် ယနေ့မွန်းလွဲပိုင်းက မောင်တောမြို့သို့ ရောက်ရှိပြီး မိမိသဘောဆန္ဒအလျောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများထဲမှ နေအိမ်မီးလောင် ဆုံးရှုံးသွားသူများအတွက် ပြန်လည်နေရာချထားရေးနှင့် နေအိမ်များ ပြန်လည်ဆောက်လုပ်ပေးမည့်လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ငါးခူရ ပြန်လည်လက်ခံရေးစခန်းသို့ မေ ၂၆ ရက်က ပြန်လည်ဝင်ရောက်လာသူများအနက်မှ နေအိမ်မီးလောင်ဆုံးရှုံးခဲ့သူများအား မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် တွေ့ဆုံပြီး ၎င်းတို့၏ ယခင်ကနေထိုင်ခဲ့မှု၊ ယခုလက်ရှိနေထိုင်နေမှု၊ မိသားစုအခြေအနေ၊ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသောအလုပ်အကိုင်များ၊ အခက်အခဲများနှင့် စပ်လျဉ်း၍မေးမြန်းခဲ့ပြီး ဒုတိယဝန်ကြီးက နေအိမ်မီးလောင်ဆုံးရှုံးခဲ့သူများအား ၎င်းတို့ ယခင်ကနေထိုင်ခဲ့ကြသည့် ကျေးရွာများ သို့မဟုတ် အနီးဆုံးကျေးရွာများတွင် ပြန်လည်နေရာချထားပေးမည်ဖြစ်ကြောင်းနှင့် နေအိမ်များကိုလည်း Cash For Work အစီအစဉ်ဖြင့် ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် နေအိမ်များ ပြန်လည်ဆောက်လုပ်ပေးမည့် ရပ်ကွက်၊ ကျေးရွာများသို့ လိုက်လံကြည့်ရှုခဲ့ပြီး လုပ်ငန်းများ လျင်မြန်စွာပြီးမြောက်စေရန်အတွက် ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**နိုင်လင်းကြည်၊ ဇင်ဦး**



»»» စာမျက်နှာ ၈ မှ

လောလောဆယ်တော့ ပိုက်ဆံမရှိ၊ အိမ်မရှိဆိုတော့ ဒီမှာ အမျိုးတစ်ယောက်ရှိပါတယ်။ သူ့ဆီမှာ ကားတစ်စီးရှိပါတယ်။ အဲဒီကားနောက်မှာ စပယ်ယာလိုက်ပါမယ်။ အခုတော့ ကျွန်တော်က တစ်ကောင်ကြွက်ဖြစ်သွားပြီ။ မိသားစုက ဟိုဘက်မှာရှိတော့ သူတို့လာရင်တအားပျော်ပါတယ်။

**အဒူရော်ဟိန်း**
**နေရပ်**
**ယခင် - ဥဒေါင်းကျေးရွာအုပ်စု၊ ပါစ်ကိုရီကျေးရွာ**
**ယခု - အလယ်သံကျော်၊ အိုစမော်ဟိုကျေးရွာ**



ဒီဘက်မှာ ဖြစ်စဉ်ဖြစ်ပွားတဲ့ အချိန်မှာ ဘင်္ဂလားဒေ့ရှ်ကို သွားပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်မှာတော့ တန်ခါလီဆိုတဲ့ ဒုက္ခသည်စခန်းမှာ နေပါတယ်။ အလုပ်အကိုင်တော့ ဘာအလုပ်မှမလုပ်ပါဘူး။ အဲဒီဘက်မှာ မိသားစုလိုက်နေပါတယ်။ ဘင်္ဂလားဒေ့ရှ်အစိုးရကတော့ မြန်မာနိုင်ငံကို ပြန်သွားဖို့မပြောပါဘူး။ ကိုယ့်အစီအစဉ်နဲ့ကိုယ် ပြန်လာခြင်းဖြစ်ပါတယ်။

ဘင်္ဂလားဒေ့ရှ်အစိုးရက မြန်မာနိုင်ငံကို ပြန်ရမယ်ဆိုပြီး တိုက်တွန်းတာမရှိပါဘူး။ အခုမောင်တောမြို့နယ်မှာ နေရတာကတော့ ပျော်ပါတယ်။ ကျွန်တော့်မိသားစုကို ဘင်္ဂလားဒေ့ရှ်ကနေ ဒီကိုခေါ်လာပြီး ဘဝတည်ထောင်မယ်ဆိုရင် ကျွန်တော်ပျော်ပါတယ်။

ကျွန်တော့်ရဲ့ စိတ်ဆန္ဒကတော့ ဘင်္ဂလားဒေ့ရှ်ဘက်က မိသားစုကို လာစေချင်ပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်မှာနေရင် သူတို့ရဲ့စည်းမျဉ်းစည်းကမ်းကို လိုက်နာရသလို မြန်မာနိုင်ငံမှာနေရင်လည်း မြန်မာနိုင်ငံရဲ့ စည်းမျဉ်းစည်းကမ်းကို လိုက်နာပါမယ်။

**ဇာဟိတ်ဟူစိန်**
**နေရပ်**
**ယခင် - မြင်းလွတ်မြို့၊ ရှိုးဒါးရပ်ကွက်**
**ယခု - အလယ်သံကျော်၊ မော်ဇော်ဖူးတူဆောင်းနေအိမ်**



ဖြစ်စဉ်ဖြစ်ပြီးချိန်မှာ ဘင်္ဂလားဒေ့ရှ်ဘက်ကို သွားခဲ့ပြီး တစ်လအကြာမှာ ပြန်လာပါတယ်။ အမျိုးအနွယ်တွေ၊ မောင်နှမတွေ ဒီဘက်ခြမ်းရောက်နေလို့ ပြန်လာပြီးတွေ့တာပါ။ ဘင်္ဂလားဒေ့ရှ်ဘက်မှာတော့ တန်ခါလီ ဒုက္ခသည်စခန်းမှာ နေပါတယ်။ ဘင်္ဂလားဒေ့ရှ်ကနေ ပြန်လာတာမို့ လောလောဆယ် အလုပ်အကိုင်တော့ အဆင်မပြေသေးပါဘူး။ အမျိုးတစ်ယောက်ဆီမှာ ကပ်နေပါတယ်။

မြန်မာနိုင်ငံကို ပြန်လာတာကတော့ တန်ခါလီကျေးရွာကနေ လောင်းနဲ့ကူးပြီး ရောက်လာခြင်းဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်မှာနေတုန်းက နေရပ်ပြန်ဖို့အတွက် အစိုးရအချင်းချင်း သဘောတူထားတယ်ဆိုတာ မကြားခဲ့ပါဘူး။

အခုနေရတာကတော့ အဆင်ပြေပါတယ်။ ကျွန်တော့်မိသားစုက ဘင်္ဂလားဒေ့ရှ်ဘက်မှာပါ။ ဒီဘက်ခြမ်းကခေါ်ဖို့ အဆင်သင့်ရှိမယ်ဆိုရင် သူတို့လာမယ်ဆိုရင် ကျွန်တော်ကြိုဆိုပါတယ်။

**ဆော်ယူဆလန်**
**နေရပ်**
**ယခင် - တောလျာကျေးရွာအုပ်စု၊ ဖူလကျေးရွာ**
**ယခု - ကညင်တန်းကျေးရွာ**



ဘင်္ဂလားဒေ့ရှ်ဘက်သွားခဲ့တာကတော့ ခြောက်လ၊ ခုနစ်လလောက်ရှိပြီ။ ဘင်္ဂလားဒေ့ရှ်ဘက်မှာကတော့ မူဆိုနီဒုက္ခသည်စခန်းမှာနေခဲ့တာပါ။ ဘင်္ဂလားဒေ့ရှ်ကနေ မြန်မာနိုင်ငံကို ပြန်လာတာကတော့ ဒီမှာ သမီးရှိလို့ လာခဲ့တာပါ။ အရင်ကတော့ ဆောက်လုပ်ရေးအလုပ် လုပ်ပါတယ်။ ဒီမှာနေရတာလည်း အဆင်ပြေပါတယ်။ ဘင်္ဂလားဒေ့ရှ်ကနေ ပြန်လာတာလည်း ဂေါ်ဒူသာရကျေးရွာဘက်က ပြန်လာတာပါ။ ဘင်္ဂလားဒေ့ရှ်အစိုးရကလည်း မြန်မာနိုင်ငံကိုပြန်ဖို့ တိုက်တွန်းတာတွေမရှိပါဘူး။

အခု NVC ကတ်လုပ်ထားပြီးပါပြီ။ မြန်မာနိုင်ငံကို လာမယ်ဆိုတော့ ဒီနိုင်ငံရဲ့ လုပ်ထုံးလုပ်နည်းတွေကို ဒုက္ခသည်စခန်းမှာနေစဉ်ကတည်းက သိထားပါတယ်။ မိသားစုကိုခေါ်ဖို့လည်း တင်ပြထားပါတယ်။ မြန်မာနိုင်ငံရဲ့ လုပ်ထုံးလုပ်နည်းဥပဒေတွေကိုလည်း လိုက်နာမှာပါ။

ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်းမှာလည်း သုံးလနေခဲ့ပါတယ်။ အဲဒီစခန်းကနေ မြန်မာနိုင်ငံကိုလာချင်တဲ့လူတွေလည်းရှိပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ နေရတာထက် မြန်မာနိုင်ငံမှာနေရတာ ပိုအဆင်ပြေပါတယ်။ ခွင့်ပြုမယ်ဆိုရင် ကျွန်တော့်မိသားစုကို မြန်မာနိုင်ငံကို ခေါ်ချင်ပါတယ်။

**နေဆာအူလ္လာ**
**နေရပ်**
**ယခင် - သူဦးလာကျေးရွာအုပ်စု၊ ကံပြင်ရွာ**
**ယခု - သူဦးလာ၊ မိမိနေအိမ်**



ကျွန်တော်က ဘင်္ဂလားဒေ့ရှ်ကနေ မြန်မာနိုင်ငံဘက်ကို ထွက်လာခဲ့တာ မိဘကိုမပြောဘဲ ခိုးထွက်လာခဲ့တာပါ။ ဘင်္ဂလားဒေ့ရှ်မှာတော့ ဇမ်တိုလီ ဒုက္ခသည်စခန်းမှာ နေပါတယ်။ အခုလောလောဆယ်တော့ ထောင်က ထွက်လာတာဆိုတော့ အလုပ်မရှိသေးပါဘူး။ အရင်ကတော့ လယ်သမား အလုပ်လုပ်ပါတယ်။ နိုင်ငံတော်က အဆင်ပြေသလိုထားမယ်ဆိုရင် မိသားစုကိုပြန်ခေါ်ချင်ပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်ကနေ မြန်မာနိုင်ငံကို လာတာကတော့ ဘယ်သူမှ တိုက်တွန်းလို့လာတာတော့ မဟုတ်ပါဘူး။ ကျွန်တော့်ဘာသာ ခိုးထွက်ပြီးလာခဲ့တာပါ။

ဒုက္ခသည်စခန်းတွေမှာလည်း မြန်မာနိုင်ငံကိုပြန်ဖို့ ကြော်ငြာကပ်ထားတာတွေလည်း မရှိပါဘူး။ မြန်မာနိုင်ငံကို ပြန်လာမယ်ဆိုရင် ဆောင်ရွက်ရမယ့် လုပ်ထုံးလုပ်နည်းတွေကိုလည်း မသိခဲ့ရပါဘူး။ ကျွန်တော်ကတော့ NVC ကတ်လုပ်ပြီးပါပြီ။ မိသားစုကိုလည်း NVC ကတ်လုပ်ဖို့ပြောမှာပါ။ လှဖိုးခေါင်စခန်းကနေပြီးတော့ ဆန်တွေ၊ အိုးတွေ ပေးပါတယ်။ အဖြစ်ချင်ဆုံး ဆန္ဒကတော့ ကျွန်တော့်မိသားစုကိုတွေ့မြင်လိုပါတယ်။ သူတို့ပြန်လာမယ်ဆိုရင် တအားပျော်မှာပါ။

**မာမွတ်ဆွေယော့စ်**
**နေရပ်**
**ယခင် - သူဦးလာကျေးရွာအုပ်စု၊ ကံပြင်ရွာ**
**ယခု - သူဦးလာ၊ မိမိနေအိမ်**



အကြမ်းဖက်မှု ဖြစ်စဉ်တွေဖြစ်ပွားပြီး နယ်မြေရှင်းလင်းရေးတွေလုပ်တဲ့အချိန်တုန်းက ကျွန်တော်တို့မိသားစုတွေ ဘင်္ဂလားဒေ့ရှ်ဘက်ကို ကြောက်လို့ထွက်ပြေးသွားခဲ့ပါတယ်။ နောက်ပြီး တဖြည်းဖြည်း အဆင်မပြေဘူး။ တစ်ဖက်နိုင်ငံမှာ မနေချင်တဲ့အတွက်ကြောင့် မိဘတွေမသိအောင် ငါးဖမ်းတဲ့ လောင်းနဲ့ ဒီမြန်မာနိုင်ငံဘက်ကို ပြန်လာခဲ့တာဖြစ်ပါတယ်။

ဘင်္ဂလားဒေ့ရှ်ဘက်မှာ ဇမ်တိုလီကမ့်ဆိုတဲ့ ဒုက္ခသည်စခန်းမှာ နေပါတယ်။ ကိုယ့်နိုင်ငံမဟုတ်တဲ့အတွက် နေရတာအဆင်မပြေပါဘူး။ အသက်မွေးဝမ်းကျောင်းအနေနဲ့ကတော့ လယ်သမားအလုပ်ကို လုပ်ပါတယ်။ အခုကတော့ ကျွန်တော်တစ်ယောက်တည်းပဲ ဝင်လာတာဖြစ်ပါတယ်။ အခုဒီမှာ နေရတာအဆင်ပြေပါတယ်။ ကျွန်တော့်မိသားစုကိုလည်း ခေါ်ဖို့ဆန္ဒရှိပါတယ်။

ဘင်္ဂလားဒေ့ရှ်ဘက်ကနေ ဒီဘက်ကို ပြန်လာလို့ရတယ်ဆိုတဲ့ အစီအစဉ်တွေကို ပြောတာတော့မရှိဘူး။ ကြားလည်းမကြားမိပါဘူး။ ကြော်ငြာတွေကပ်ထားတာကိုလည်း မတွေ့မိပါဘူး။ ဒုက္ခသည်စခန်းမှာ ခုနစ်လခွဲတိတိနေခဲ့ရပါတယ်။ မြန်မာနိုင်ငံကို ပြန်လာရင် လုပ်ရမယ့် လုပ်ထုံးလုပ်နည်းတွေအတိုင်း ကျွန်တော်ကတော့ လက်ခံပါတယ်။ မိသားစုအတွက်ကိုလည်း NVC ကတ်လုပ်ဖို့အတွက် ဆန္ဒရှိပါတယ်။

**မာမတ်ဇာဘေရ်**
**နေရပ်**
**ယခင် - သူဦးလာကျေးရွာအုပ်စု၊ ကံပြင်ရွာ**
**ယခု - သူဦးလာ၊ မိမိနေအိမ်**



အကြမ်းဖက်မှု ဖြစ်စဉ်တွေဖြစ်ပွားတဲ့အချိန်တုန်းက ကျွန်တော်တို့မိသားစုတွေ ဘင်္ဂလားဒေ့ရှ်ဘက်ကို ကြောက်လို့ထွက်ပြေးသွားခဲ့ပါတယ်။ အဲဒီကနေ ကျွန်တော်တို့ ဘင်္ဂလားဒေ့ရှ်ဘက်မှာ မပျော်ဘူး။ ကျွန်တော် မြန်မာနိုင်ငံမှာနေရတာ ပျော်ပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်မှာတုန်းကတော့ ဇမ်တိုလီကမ့်ဆိုတဲ့ ဒုက္ခသည်စခန်းမှာ နေပါတယ်။

အရင်တုန်းကတော့ ကောက်စိုက်တယ်၊ လယ်ထွန်တယ်၊ အဲဒီအလုပ်တွေလုပ်တယ်။ ဒါပေမယ့် အခုလောလောဆယ်ကတော့ ဘာအလုပ်မှ မလုပ်ပါဘူး။ ကျွန်တော့်မိသားစုကတော့ ဘင်္ဂလားဒေ့ရှ်ဘက်က ဇမ်တိုလီကမ့်မှာ ကျန်နေခဲ့ပါတယ်။ ကျွန်တော့်မိသားစုတွေကိုတော့ ခွင့်ပြုမယ်ဆိုရင် မြန်မာနိုင်ငံမှာ ပြန်နေဖို့အဆင်သင့်ပါ။ ဘင်္ဂလားဒေ့ရှ်ဘက်ကနေ လမ်ဘာဘီလီကျေးရွာကနေလာပါတယ်။ သွားတာလည်း အဲဒီကနေသွားပါတယ်။ ဘင်္ဂလားဒေ့ရှ်အစိုးရက မြန်မာနိုင်ငံကိုပြန်ဖို့ တိုက်တွန်းတာ မရှိပါဘူး။ ဘင်္ဂလားဒေ့ရှ်ကနေ မြန်မာနိုင်ငံကို ပြန်လာရင် လုပ်ရမယ့်စည်းမျဉ်းစည်းကမ်းတွေကိုလည်း ကြိုပြီး မသိထားပါဘူး။ ကျွန်တော့်မိသားစုတွေကိုလည်း NVC ကတ် လုပ်ပေးဖို့ အချိန်မရှိခဲ့ပါဘူး။

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၄ ပေခန့် ရှိနိုင်သည်။

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

**(ယမန်နေ့မှအဆက်)**

**ယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးမှု**

ရခိုင်ပြည်နယ်ရှိ တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်ပျက်စေဘဲ ရေရှည်တည်တံ့စေရန် စနစ်တကျ ထိန်းသိမ်းခြင်း၊ မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးလုပ်ငန်းစဉ်အဆင့်များ ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း

- မြောက်ဦး မြို့ပေါ်ရပ်ကွက်အချို့နှင့် ကျေးရွာများတွင် ရေအရင်းအမြစ်ဆိုင်ရာ အထောက်အထားများအား ကွင်းဆင်း ဆောင်ရွက်ခြင်းနှင့် ကောက်ယူထားသော အချက်အလက်များအား မှတ်တမ်းများ ပြုစုခြင်း၊
- မြောက်ဦးမြို့ ရှေးဟောင်းအဆောက်အအုံများအား Drone ဖြင့် မှတ်တမ်းဓာတ်ပုံ ရိုက်ကူးခြင်း၊ မြောက်ဦး ယဉ်ကျေးမှု အမွေအနှစ် ပညာပေးရေးလုပ်ငန်းကို မြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်ခြင်း၊
- ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာမှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာ ရေးသားပြုစုခြင်း၊ ရခိုင်မင်္ဂလာလက်ထပ်ပွဲ (သမက်တက်ပွဲ) ရိုးရာဓလေ့တို့ကို လေ့လာမှတ်တမ်းတင်ခြင်း၊ ကျောက်တော်မြို့နှင့် ပုဏ္ဏားကျွန်းမြို့ နယ်ခြားမှတ်တိုင်အနီး ပြိုင်းတောင်ပေါ်ရှိ ရှေးဟောင်းဘုရားတစ်ဆူနှင့် ကျောက်ဆစ် လက်ရာများအား ကွင်းဆင်းလေ့လာခြင်း၊ မြောက်ဦးပြတိုက် အတွင်းရှိ ငွေဒင်္ဂါး၊ စဉ့်ထည်နှင့် လူ့အသုံးအဆောင်ပစ္စည်း များအား စာရင်းကောက်ယူခြင်း၊
- မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသ ထိန်းသိမ်းရေးလုပ်ငန်း အဖွဲ့မှ မြဝါတောင်စေတီ၊ ဘားဘူတောင်စေတီ၊ သျှင်ငယ် တက်စေတီ၊ ဖုတ်တောမော်စေတီနှင့် မင်္ဂလမာရ်အောင်စေတီ တို့ကို ပြုပြင်ထိန်းသိမ်းခြင်း၊ နိမ္မျုဇာတောင်တန်းရှိ ဆင်းတု တော်များအား ထိန်းသိမ်းခြင်း၊ နန်းတော်ရာကုန်း တူးဖော်မှု နေရာများအား ပန္နက်ရိုက်(Layout) လုပ်ငန်းများ ဆောင်ရွက် ခြင်းနှင့် တူးဖော်သုတေသနပြုခြင်း၊
- မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေ အနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီး ဌာနမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပ ပညာရှင်များ ထောက်ပံ့ကူညီသည့် နိုင်ငံများမှ သံအမတ်ကြီးများ၊ ဒေသခံ ပြည်သူများပါဝင်သော ညှိနှိုင်းအစည်းအဝေး ၁၁ ကြိမ် ကျင်းပခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ စစ်တွေ၊ ပေါက်တော မြို့နယ်တို့ရှိ သက်တမ်း နှစ်(၁၀၀) ကျော်ရှိသော ဗုဒ္ဓဘာသာဆိုင်ရာစေတီ နှင့် ဘာသာရေးအဆောက်အအုံ ၄၃ ခု၏ သမိုင်းကြောင်း အချက်အလက် များကို လေ့လာမှတ်တမ်းတင်ခြင်း ဆောင်ရွက်ခဲ့ပါသည်။

**နယ်စပ်ဆိုင်ရာ ကိစ္စရပ်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်ဆံရေး**

နှစ်နိုင်ငံအကြား နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး အတွက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် ၁၅-၂-၂၀၁၈ ရက်မှ ၁၇-၂-၂၀၁၈ ရက်အထိ လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ၁၁-၄-၂၀၁၈ ရက်မှ ၁၃-၄-၂၀၁၈ ရက်အထိလည်းကောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အသီးသီး သွားရောက်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြည်ထဲရေးဝန်ကြီးသည် ၂၃-၁၀-၂၀၁၇ ရက်မှ ၂၅-၁၀-၂၀၁၇ ရက်အထိလည်းကောင်း၊ နိုင်ငံခြားရေး ဝန်ကြီးသည် ၂၂-၁၁-၂၀၁၇ ရက်မှ ၂၃-၁၁-၂၀၁၇ ရက်အထိလည်းကောင်း မြန်မာနိုင်ငံသို့ အသီးသီးလာရောက်၍ ဆွေးနွေးခဲ့ကြပါသည်။



နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ၁၅-၁-၂၀၁၈ ရက်တွင် နေပြည်တော်၌ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ Joint Working Group ၏ ပထမ ညှိနှိုင်းအစည်းအဝေးကို ကျင်းပပြီး "Physical Arrangement for Repatriation of Displaced Myanmar Residents from Bangladesh" ကို နှစ်နိုင်ငံသဘောတူ လက်မှတ်ရေးထိုး နိုင်ခဲ့ပါသည်။ ပြန်လည်လက်ခံရေးအစီအစဉ်များတွင် UNDP နှင့် UNHCR တို့ပါဝင်ကူညီနိုင်ရေးအတွက် MoU လက်မှတ်ရေးထိုးနိုင်ရေးကို ၂၃-၂-၂၀၁၈ နေ့မှစတင်၍ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။






နေရပ်စွန့်ခွာသူများအတွက် တည်ဆောက်ပြီးနေအိမ်များ

ရခိုင်ပြည်နယ်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်ရသော တိုင်းရင်းသားများနှင့် ဟိန္ဒူဘာသာဝင်များအတွက် နေအိမ် ၁၁၂၆ လုံးနှင့် မွတ်စလင်လူမျိုးများအတွက် နေအိမ် ၁၈၂ လုံး စုစုပေါင်း ၁၃၀၈ လုံးကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စစ်ကိုင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ် အစိုးရအဖွဲ့၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ UEHRD၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ CB ဘဏ်၊ တပ်မတော်နှင့် အိန္ဒိယနိုင်ငံအစိုးရတို့က လည်းကောင်း၊ စာသင်ကျောင်း လေးကျောင်း၊ ဆရာ ဆရာမ အဆောင် နှစ်ဆောင်၊ ဘုန်းကြီးကျောင်း လေးကျောင်း၊ လမ်းများ စသည်တို့ကို မကွေး တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ချင်းပြည်နယ် အစိုးရအဖွဲ့၊ တပ်မတော်တို့ကလည်းကောင်း ဆောက်လုပ်ပေးလျက်ရှိပါသည်။ တစ်ဖက်နိုင်ငံသို့ နေရပ်စွန့်ခွာသူများကို တောင်ပြိုလက်ဝဲစခန်း၊ ငါးခူရစခန်း တို့တွင် ပြန်လည်လက်ခံ၍ လှဖိုးခေါင်ကြားစခန်းတွင် ခေတ္တထားရှိပြီး နေအိမ် များ ဆောက်လုပ်ပြီးပါက ၎င်းတို့ကျေးရွာများတွင် နေထိုင်ရေး ဆောင်ရွက် ပေးသွားမည်ဖြစ်ပါသည်။




နှစ်နိုင်ငံအကြားပြုလုပ်ခဲ့သည့်
တပ်ရင်းမှူးအဆင့် အလံတင်အခမ်းအနား အစည်းအဝေး

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နှစ်နိုင်ငံ လုံခြုံရေးနှင့် နယ်စပ်ဒေသ စီမံခန့်ခွဲမှုအတွက် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်အကောင်အထည်ဖော်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလ အတွင်း မြန်မာဘက်ခြမ်း၌ တပ်ရင်းမှူးအဆင့် အလံတင်အခမ်းအနား အစည်းအဝေး လေးကြိမ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း၌ တပ်ရင်းမှူးအဆင့် အလံတင်အခမ်းအနား အစည်းအဝေး တစ်ကြိမ် စုစုပေါင်း ငါးကြိမ်ပြုလုပ်ခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ခရိုင်အုပ်ချုပ်ရေးမှူးအဆင့် တွေ့ဆုံဆွေးနွေးပွဲ တစ်ကြိမ်ကိုလည်း ပြုလုပ်ခဲ့ပါသည်။

မောင်တောဒေသကုန်သွယ်မှု တိုးတက်မြင့်မားလာစေရေးအတွက် မောင်တောမြို့ ကညင်ချောင်း ကုန်သွယ်ရေးဇုန် အကောင်အထည်ဖော်မှုကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့ရာ လိုအပ်သည့် အခြေခံ အဆောက်အအုံများဖြစ်သည့် ကွန်ကရစ်ဆိပ်ခံတံတား နှစ်စင်း၊ ပင်မ




အဆောက်အအုံ တစ်လုံးနှင့် ကုန်စည်ပြခန်း အဆောက်အအုံ အလုံး ၂၀ ဆောက်လုပ်ပြီးစီးနေပြီ ဖြစ်ပါသည်။ ဖွင့်လှစ်ပြီးဖြစ်သည့် စစ်တွေ ကုန်သွယ်ရေးစခန်းနှင့် မောင်တောကုန်သွယ်ရေးစခန်းတို့တွင် ဘင်္ဂလား ဒေ့ရှ်နိုင်ငံနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်လျက် ရှိရာ စစ်တွေကုန်သွယ်ရေးစခန်းတွင် ၁-၁-၂၀၁၈ ရက်မှ ၂၇-၄-၂၀၁၈ ရက်အထိ အမှန်ကုန်သွယ်မှု ပမာဏမှာ အမေရိကန် ဒေါ်လာ ၇ ဒသမ ၀၁ သန်းဖြစ်ပြီး ယခင်နှစ်အလားတူ ကာလထက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၇၄၇ သန်း ပိုမိုလာခဲ့ပါသည်။ မောင်တောကုန်သွယ်ရေးစခန်းတွင် ၁-၁-၂၀၁၈ ရက်မှ ၂၇-၄-၂၀၁၈ ရက်အထိ အမှန်ကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာ ၆ ဒသမ ၉၅၈ သန်းဖြစ်ပြီး ယခင်နှစ်အလားတူ ကာလထက် အမေရိကန် ဒေါ်လာ ၄ ဒသမ ၃၆၅ သန်း ပိုမိုလာခဲ့ပါသည်။

**ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေး**

မြန်မာနိုင်ငံ၏ လက်ရှိဆောင်ရွက်နေမှုများကို ဒေသတွင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ ကျယ်ပြန့်စွာ သိရှိနိုင်ရေးအတွက် နိုင်ငံတော် အကြီးအကဲများ၊ အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများအနေဖြင့် ရှင်းလင်း ဆွေးနွေးပြောကြားမှုများ ဆောင်ရွက်လျက်ရှိရာ



- စင်ကာပူနိုင်ငံတွင် ၂၅-၄-၂၀၁၈ ရက်မှ ၂၈-၄-၂၀၁၈ ရက်အထိ ကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်း အဝေးသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက် ခဲ့ပြီး ASEAN Summit Retreat တွင် ရခိုင်ပြည်နယ် အရေးနှင့်စပ်လျဉ်းသော ဖြစ်ပေါ်တိုးတက်မှုများကို လည်းကောင်း၊




- ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ၁၇-၃-၂၀၁၈ ရက်မှ ၁၈-၃-၂၀၁၈ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံ-ဩစတြေးလျ အထူး ထိပ်သီးအစည်းအဝေးနှင့် အာဆီယံနှင့် ဩစတြေးလျနိုင်ငံ ခေါင်းဆောင်များ၏ သီးသန့်အစည်းအဝေးများသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ခဲ့ပြီး ရခိုင်ပြည်နယ်ကိစ္စအပါအဝင် နိုင်ငံ၏ စိန်ခေါ်မှုများကိုလည်းကောင်း၊

**(ဆက်လက်ဖော်ပြပါမည်)**

# မြောက်ကိုရီးယားခေါင်းဆောင်နှင့် တွေ့ဆုံမည့်ဆွေးနွေးပွဲအတွက် အသင့်ရှိနေဟု သမ္မတထရမ့်ပြော

**ဝါရှင်တန် ဇွန် ၈**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် လာမည့် ရက်သတ္တပတ်တွင် တွေ့ဆုံမည့် ထိပ်သီးဆွေးနွေးပွဲအတွက် မိမိအသင့်ရှိနေပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇွန် ၇ ရက်တွင် ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

သမ္မတထရမ့်သည် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအား အိမ်ဖြူတော်၌ တွေ့ဆုံရာတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ ဝန်ကြီးချုပ် အာဘေးသည် စင်ကာပူနိုင်ငံ၌ ဇွန် ၁၂ ရက်တွင် ပြုလုပ်မည့် အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်မှုပြုလုပ်နေချိန်တွင် သမ္မတထရမ့်နှင့် တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။

ထိပ်သီးဆွေးနွေးပွဲတွင် အစစအရာရာ အဆင်ပြေမည်ဆိုပါက မြောက်ကိုရီးယားခေါင်းဆောင်ကင်ကို အမေရိကန်သို့ လာရောက်ရန် မိမိဖိတ်ခေါ်မည်ဖြစ်ကြောင်း သမ္မတထရမ့်က ဝန်ကြီးချုပ်အာဘေးနှင့် ဆွေးနွေးခဲ့ပြီးနောက် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

နျူကလီးယားလက်နက်ဖျက်သိမ်းရေး ရည်မှန်းချက်ပေါက်မြောက်ရေးအတွက် မြောက်ကိုရီးယားဘက်မှ တိုးတက်လုပ်ဆောင်လာသည်အထိ ယင်းနိုင်ငံအပေါ် အရေးယူဒဏ်ခတ်မှုများ ပြုလုပ်ထားခြင်းကို ဆက်လက်ထားရှိရန် သမ္မတထရမ့်နှင့် ဝန်ကြီးချုပ်အာဘေးတို့ သဘောတူညီခဲ့ကြသည်ဆို၏။

ထိုစဉ်အတွင်း စင်ကာပူနှင့် မြောက်ကိုရီးယားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် မြို့တော်ပြုံယမ်းတွင် တွေ့ဆုံဆွေးနွေးလျက်ရှိကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဗီဗီယန်ဘာလာခရစ်ရှ်နန်သည် နှစ်ရက်ကြာခရီးစဉ်အဖြစ် ဇွန် ၇ ရက်တွင် ပြုံယမ်းသို့ ထွက်ခွာသွားခဲ့သည်။ ၎င်းသည် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ရီယောင်ဟို၏ ဖိတ်ကြားချက်အရ ပြုံယမ်းသို့ သွားရောက်ခြင်းဖြစ်သည်။ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် သမ္မတထရမ့်နှင့် ကင်တို့၏ ထိပ်သီးဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်မှု ပြုလုပ်နိုင်ရန် ဆွေးနွေးညှိနှိုင်းမည်ဟု မျှော်လင့်ရသည်။

**အေအက်ဖ်ပီ၊ ကျိုဒို**









# ဟာဝိုင်အီကျွန်းရှိ ကီလာအူယာ မီးတောင်ချော်ရည်များ လူနေအိမ် ၆၀၀ ခန့်ကို ဖုံးလွှမ်း

**ဟာဝိုင်အီ ဇွန် ၈**

အမေရိကန်ပြည်ထောင်စု ဟာဝိုင်အီကျွန်းရှိ ကီလာအူယာ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် အနီးဝန်းကျင်ရှိ လူနေအိမ်များသည် ချော်ရည်များဖုံးလွှမ်းကာ ပျက်စီးခဲ့ကြောင်း အာဏာပိုင်များက ယနေ့ပြောကြားခဲ့သည်။

ကီလာအူယာမီးတောင် စတင်ပေါက်ကွဲခဲ့သည့် မေ ၃ ရက်မှစပြီး ချော်ရည်များဖုံးလွှမ်းမှုကြောင့် ပျက်စီးခဲ့သော လူနေအိမ် ၆၀၀ ခန့်ရှိသည်ဟု အာဏာပိုင်များက ဆိုသည်။

မီးတောင်၏ အရှေ့ဘက်ပိုင်းရှိ လူနေရပ်ဝန်းဆီသို့ မီးတောင်မှ ချော်ရည်များ စီးဆင်းသွားပြီး လမ်းတစ်လျှောက်ရှိ လူနေအိမ်များကို ပျက်စီးစေခဲ့သည်။

ချော်ရည်၊ ချော်ခဲများ၏ အပူရှိန်ကြောင့် မီးတောင်အနီးရှိ ကျယ်ဝန်းသော ရေကန်တစ်ခုသည် နာရီအနည်းငယ်အကြာတွင် အငွေ့ပျံတက်သွားကြောင်း သိရသည်။

ပင်လယ်ရေပြင်ထဲသို့ စီးဆင်းခဲ့သော ချော်ရည်များကြောင့် အနီးပတ်ဝန်းကျင်ရှိ လေထုထဲတွင် အဆိပ်အတောက်ဖြစ်စေသော ဓာတ်ငွေ့များဖြစ်ပေါ်စေသည်။ ထို့ကြောင့် ဒေသခံများအနေဖြင့် အဆိုပါဓာတ်ငွေ့များကို မရှူရှိုက်မိစေရန် အာဏာပိုင်များက သတိပေးချက်များ ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

မီးတောင်ဝန်းကျင်တွင် ပြင်းအား ၅ ရစ်(ချ်)တာစကေးခန့်ရှိသော မြေငလျင်များ လှုပ်ခတ်လျက်ရှိပြီး အသေးစားပေါက်ကွဲမှုများ မကြာခဏ ဖြစ်ပွားလျက်ရှိသည်ဟု အာဏာပိုင်များက ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# အီသီယိုးပီးယား ရွှေ့ပြောင်းနေထိုင်သူ ၄၆ ဦး အေဒင်ပင်လယ်ကွေ့ကို ဖြတ်သန်းစဉ် သေဆုံး

**အဒစ္စအဘာဘာ ဇွန် ၈**

အေဒင်ပင်လယ်ကွေ့ကို ဖြတ်သန်းသွားလာနေစဉ် ရေယာဉ်နစ်မြုပ်မှု ဖြစ်ပွားခြင်းကြောင့် ရွှေ့ပြောင်းအခြေစိုက်နေထိုင်မည့် အီသီယိုးပီးယားနိုင်ငံသား ၄၆ ဦး ရေနစ်သေဆုံးခဲ့ရပြီး ၁၆ ဦးထက်မနည်း ပျောက်ဆုံးနေကာ ၎င်းတို့သေဆုံးသွားပြီဟု မှတ်ယူရကြောင်း ကုလသမဂ္ဂ ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာ အေဂျင်စီ (အိုင်အိုအမ်)က ဇွန် ၇ ရက်တွင် ပြောကြားသည်။



လူမှောင်ခိုကူး သမားများက ရွှေ့ပြောင်းနေထိုင်သူ ၁၀၀ ထက်မနည်းကို မော်တော်ဘုတ်တစ်စင်းပေါ် အပြည့်အသိပ်တင်ဆောင်ကာ ဇွန် ၅ ရက်က ဆိုမာလီနိုင်ငံ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ဘော့ဆာကိုမှ ထွက်ခွာလာခဲ့ပြီးနောက် မတော်တဆမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ယီမင်နိုင်ငံနှင့် အေဒင်ပင်လယ်ကွေ့ဒေသရှိ နိုင်ငံများတွင် အလုပ်အကိုင်များရှာဖွေရန်အတွက် အီသီယိုးပီးယားနိုင်ငံသား အမျိုးသား ၈၃ ဦးနှင့် အမျိုးသမီး ၁၇ ဦးတို့ ပါဝင်သည့် ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများသည် အေဒင်ပင်လယ်ကွေ့ကို ညပိုင်းတွင် ဖြတ်သန်းခဲ့ခြင်းဖြစ်သည်။

၎င်းတို့စီးနင်းလာသည့် မော်တော်ဘုတ်သည် ခရီးဆုံးပန်းတိုင်အနီးသို့ ချဉ်းကပ်လာစဉ် လှိုင်းလုံးကြီးများ ရိုက်ပုတ်ခံရကာ ဇွန် ၇ ရက် နံနက်အစောပိုင်းတွင် နစ်မြုပ်ရခြင်းဖြစ်ကြောင်း အိုင်အိုအမ်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

အေဒင်ပင်လယ်ကွေ့ကို ဖြတ်သန်းသွားလာသည့် ရေကြောင်းခရီးကို ရွှေ့ပြောင်းအခြေချသူ ၇၀၀၀ ကျော်ခန့် လစဉ် ဖြတ်သန်းသွားလာလေ့ရှိကြောင်း၊ ယင်းရေကြောင်းခရီးလမ်းကို အသုံးပြု၍ ရွှေ့ပြောင်းအခြေချသူ ဦးရေမှာ လွန်ခဲ့သည့်နှစ်က ဦးရေ ၁၀၀၀၀၀ အထိ ရှိခဲ့ကြောင်း ကုလသမဂ္ဂ ရွှေ့ပြောင်းအခြေချနေထိုင်သူများဆိုင်ရာ အေဂျင်စီ (အိုင်အိုအမ်)က ပြောကြားသည်။

**ဆင်ဟွာ**

# ဥရောပလုံခြုံရေး အစီအစဉ်သစ် နေတိုးကာကွယ်ရေးဝန်ကြီးများ ထုတ်ပြန်

**ဘရပ်ဆဲ ဇွန် ၈**

ဥရောပတိုက်၌ တပ်ဖွဲ့များ အင်အားတိုးချဲ့ရေး၊ စစ်လေယာဉ်များနှင့် ရေတပ်စစ်ရေယာဉ်များ အင်အားမြှင့်တင်ရေးတို့နှင့် ပတ်သက်သော အစီအစဉ်သစ်တစ်ရပ်ကို မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး) ကာကွယ်ရေးဝန်ကြီးများက ထုတ်ပြန်ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲမြို့၌ ဇွန် ၇ ရက်က ပြုလုပ်သည့် နေတိုးကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးတွင် အထက်ပါအတိုင်း ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

ရုရှားနိုင်ငံ၏ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုကို ထိန်းချုပ်နိုင်ရန် ရည်ရွယ်လျက် နေတိုးက စစ်ရေးဆိုင်ရာအစီအစဉ်သစ်ကို ရေးဆွဲခဲ့သည်။ ရုရှားနိုင်ငံ၏ ရေတပ်အင်အား တိုးမြှင့်လာမှုကို ရင်ဆိုင်နိုင်စေရန် ဥရောပလုံခြုံရေး အစီအစဉ်သစ် အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း အဆိုပါ အစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီးများက ပြောကြားခဲ့ကြသည်။

ဥရောပတစ်ဝန်း တပ်ဖွဲ့များဖြန့်ကြက်နိုင်မှု စွမ်းပကားမြှင့်တင်ရန်နှင့် တိုက်ပွဲဝင်ရန် အသင့်ရှိမှုအနေအထားဖြစ်စေရန် အဆိုပါအစီအစဉ်တွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**

# နဘေးလ်ဖီကာကို ခေါ်ယူရန် လိုင်ယွန်နှင့် လီဗာပူး သဘောတူညီမှုရရှိခဲ့ပြီးဖြစ်သည်ဟု သတင်းများအပေါ် လိုင်ယွန်ဥက္ကဋ္ဌ ငြင်းဆန်




လီဗာပူးအသင်းသည် တိုက်စစ်မှူး နဘေးလ်ဖီကာအတွက် လိုင်ယွန်အသင်းနှင့် ပေါင် ၅၇ ဒသမ ၁ သန်းဖြင့် ဝယ်ယူနိုင်ရန် သဘောတူညီချက်ရရှိခဲ့ပြီးဖြစ်ကြောင်း ပြင်သစ်မီဒီယာများက ဖော်ပြခဲ့ကြသော်လည်း လိုင်ယွန်အသင်းဥက္ကဋ္ဌ အော်လက်စ်ကမူ ကမ္ဘာ့ဖလားပြီးဆုံးချိန်အထိ ဘယ်အပြောင်းအရွှေ့မှ ဖြစ်မြောက်လာမည် မဟုတ်ကြောင်း ငြင်းဆန်ခဲ့သည်။

လီဗာပူးသည် နဘေးလ်ဖီကာကို နွေဈေးကွက် မစတင်မီကတည်းက ခေါ်ယူရန် တောက်လျှောက်ချိတ်ဆက်နေခဲ့ပြီး ယခုအခါ ယူရို ၅၅ သန်းမှ သန်း ၆၀ ကြား၊ ပေါင် ၄၈ ဒသမ ၃၅ သန်းမှ ၅၂ ဒသမ ၇၅ သန်းနှင့် အပိုဆုကြေး ယူရို ငါးသန်း ပေါင် ၄ ဒသမ ၄ သန်းကြားဖြင့် ခေါ်ယူရန် သဘောတူညီခဲ့ပြီဖြစ်ကြောင်း သိရသည်။ ပြင်သစ်နာမည်ကြီးသတင်းစာ L'Equipe ကဆိုလျှင် ဇွန် ၈ ရက်မှာပင် ဆေးစစ်မှုပြုလုပ်ပြီး ပြောင်းရွှေ့ကြေး ယူရို ၆၅သန်း အပိုဆုကြေး ယူရို ခုနစ်သန်းဖြင့် လီဗာပူးသို့ ဖီကာ ပြောင်းရွှေ့မှု အပြီးသတ်မည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

သို့သော် လိုင်ယွန်အသင်းဥက္ကဋ္ဌ အော်လက်စ်က ဇွန် ၇ ရက်မှာပင် လီဗာပူးနှင့် ဖီကာတို့ အပြောင်းအရွှေ့ကိစ္စရပ်ကို ထပ်မံငြင်းဆိုသွားခဲ့ပြီး ကမ္ဘာ့ဖလား မပြီးမချင်း ဘယ်အပြောင်းအရွှေ့မှ ဖြစ်မြောက်လာမည် မဟုတ်ကြောင်း ထပ်မံပြောကြားခဲ့ပြန်ရာ အင်္ဂလန်မီဒီယာများက အော်လက်စ်ကို ခေါင်းမာလွန်းသူအဖြစ် အမည်တပ်ဖော်ပြခဲ့ကြသည်။ လိုင်ယွန်အသင်းက “နဘေးလ်၏ အပြောင်းအရွှေ့မှာ ကမ္ဘာ့ဖလားမတိုင်မီနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲကာလအတွင်း ဖြစ်မြောက်မည် မဟုတ်ပေ”ဟု လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဗီဒီယိုတင်ကာ ဖော်ပြခဲ့သည်။

လီဗာပူးအသင်းသည် ယခုနှစ် နွေဈေးကွက်အတွင်း ခြေလှမ်းကျဲကျဲဖြင့် လှုပ်ရှားနေပြီး မိုနာကိုမှ ဘရာဇီးကွင်းလယ်လူ ဖာဘင်ဟိုကို ပေါင် ၃၉ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီးနောက် လိုက်ပဇစ်အသင်းမှ ခီတာမှာလည်း ဇူလိုင်လအတွင်း ထပ်မံရောက်ရှိလာဦးမည်ဖြစ်သည်။ လီဗာပူးသည် တန်းဆင်းသွားခဲ့ရသည့် စတုတ်အသင်းမှ ရှာကွီရီကိုလည်း ပေါင် ၁၂ သန်းဖြင့် ခေါ်ယူရန် စဉ်းစားနေကြောင်း သိရသည်။



# ကမ္ဘာ့ဖလားမှာ အင်္ဂလန်အသင်း တောက်ပလာမည့်အသင်းဟု မာတီနက်ဇ် ထောက်ခံ

ရုရှားနိုင်ငံတွင် ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်းမှာ တောက်ပလာမည့် အသင်းဖြစ်ကြောင်း ဘယ်လ်ဂျီယံအသင်းနည်းပြ မာတီနက်ဇ်က ထောက်ခံပြောကြားလိုက်သည်။

အင်္ဂလန်အသင်းသည် ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲ မစတင်မီ ခြေစမ်းပွဲစဉ်တစ်ပွဲဖြစ်သည့် ကော်စတာရီကာအသင်းနှင့် ပွဲစဉ်တွင်လည်းတိုက်စစ်မှူး ရက်ရှ်ဖို့ဒ်နှင့် တိုက်စစ်မှူး ဝဲလ်ဘက်တို့၏ သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိထားခဲ့သည်။ အဆိုပါ နှစ်သင်းမှာ ဘရာဇီးနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်တွင် ဂိုးမရှိ သရေကျခဲ့ဖူးသည့် အသင်းနှစ်သင်းဖြစ်သည်။

အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်သည် ကမ္ဘာ့ဖလားအတွေ့အကြုံမရှိသည့် အလက်ဇန္ဒားအာနိုး အပါအဝင် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် တတိယမျိုးဆက်များကို ရွေးချယ်လာခဲ့သည်။

အင်္ဂလန်အသင်း၏ ကစားသမားများထဲတွင် ကမ္ဘာ့ဖလားပြိုင်ပွဲ အတွေ့အကြုံနည်းသည့် ကစားသမားများကို ရွေးချယ်ထားခဲ့သော်လည်း ကမ္ဘာ့အဆင့်ရှိ ဘယ်လ်ဂျီယံအသင်းနှင့် အုပ်စုအဆင့်မှာပင် ထိပ်တိုက်တွေ့ဆုံနေသည်။

သို့ရာတွင် အင်္ဂလန်အသင်းမှာ ကမ္ဘာ့ဖလားတွင် တောက်ပလာမည့်အသင်းဖြစ်ကြောင်း အဲဗာတန်အသင်း နည်းပြဟောင်းတစ်ဦးဖြစ်သူ မာတီနက်ဇ်က ပြောကြားခဲ့သည်။

အင်္ဂလန်အသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့သည် ကမ္ဘာ့ဖလားအုပ်စုအဆင့် ပွဲစဉ်တွင် ဇွန် ၂၈ ရက်၌ အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်အဖြစ် ထိပ်တိုက်ရင်ဆိုင်ရမည်ဖြစ်ပြီး အင်္ဂလန်အသင်း၊ ဘယ်လ်ဂျီယံအသင်း၊ တူနီးရှားအသင်း၊ ပနားမားအသင်းတို့မှာ တစ်အုပ်စုတည်း ကျရောက်လျက်ရှိကြောင်း သိရသည်။

**ငွေကြယ်**



# ဂွါဒီယိုလာကို လက်စားချေရန် မန်စီးတီးပြိုင်ဘက် အသင်းများတွင် ယာယာတိုရေး ကစားမည်

ကွင်းလယ်လူ ယာယာတိုရေးအနေနဲ့ သူ့ကို နေရာမပေးခဲ့တဲ့ မန်စီးတီးနည်းပြ ဂွါဒီယိုလာကို လက်စားချေဖို့အတွက် မန်စီးတီးအသင်းရဲ့ ပြိုင်ဘက်အသင်းများမှာ တစ်ပတ်လုပ်ခ ပေါင်အနည်းငယ်နဲ့ ကစားမှာဖြစ်ကြောင်း ယာယာတိုရေးရဲ့ အေးဂျင့်ဖြစ်သူဆီလက်က Sport 24 ကို ပြောကြားခဲ့ပါတယ်။ တိုရေးကလည်း ပြီးခဲ့တဲ့ရက်ပိုင်းကပဲ ဂွါဒီယိုလာဟာ အာဖရိကန်ကစားသမားတွေနဲ့ ပြဿနာရှိတဲ့ နည်းပြဖြစ်ကြောင်း ပြင်သစ်မီဒီယာတစ်ခုနဲ့ ပြုလုပ်တဲ့ အင်တာဗျူးတစ်ခုမှာ ထည့်သွင်းပြောကြားခဲ့ပါသေးတယ်။

တိုရေးရဲ့အေးဂျင့် ဆီလက်က သူ့ကစားသမားကို အင်္ဂလန်ပြင်ပကလပ်အသင်းအတော်များများက ကမ်းလှမ်းထားပေမယ့် တိုရေးက သူ့ဘောလုံးကစားသမားဘဝ မကုန်ဆုံးသေးဘူးဆိုတာ မန်စီးတီးရဲ့ ပြိုင်ဘက်အသင်း တစ်ခုမှာကစားရင်း သက်သေပြဖို့ စိတ်အားထက်သန်နေတယ်လို့ ပြောခဲ့တာကြောင့် မန်ယူ၊ အာဆင်နယ်၊ လီဗာပူး၊ စပါးနဲ့ ချယ်လ်ဆီးအသင်းတွေကို တပ်လှန့်နိုင်ခဲ့ပါတယ်။

ဘိုင်ယန်လိုဘွန်ဒက်စ်လီဂါအသင်းကို ကိုင်တွယ်ပြီး ပြည်တွင်းမှာပဲ အခြေအနေကောင်းခဲ့ကာ မန်စီးတီးတို့လို ငွေကြေးအင်အားတောင့်တင်းတဲ့ အသင်းကို ကိုင်တွယ်ပြီး ပရီမီယာလိဂ်ချန်ပီယံဆုကို ရယူနိုင်ခဲ့တာကြောင့် ဂွါဒီယိုလာရဲ့ နည်းစနစ်ပိုင်းနဲ့ အောင်မြင်မှုမှာ အထင်ကြီးလောက်စရာ မရှိဘူးလို့လည်း ဝေဖန်တိုက်ခိုက်လိုက်ပါတယ်။

**မေလွဲသင်း-ရေးသားသည်**




# ဝေဖန်မှုများပြားနေတဲ့ ကမ္ဘာ့ဖလားအင်္ကျီ

Poundland က ထုတ်လိုက်တဲ့ ကမ္ဘာ့ဖလားအင်္ကျီဟာ ဒိုင်လူကြီးတွေကို ဂုဏ်သိက္ခာကျဆင်းစေတဲ့ စာသားပါဝင်တာကြောင့် ဝေဖန်မှုတွေ မြင့်တက်နေပါတယ်။ အင်္ကျီပေါ်မှာ “ဒိုင်လူကြီး ခင်ဗျားက မျက်မမြင်လား” ဆိုတဲ့ စာသားပါဝင်တာကြောင့် ဒါဟာ ကမ္ဘာ့ဖလားပြိုင်ပွဲတောင် မစရသေးဘဲ ဘာအမှားမှ မကျူးလွန်သေးတဲ့ ဒိုင်တွေကို သက်သက်မဲ့ သိက္ခာချတဲ့လုပ်ဆောင်မှုအဖြစ် သုံးသပ်ပြီး အခုလို ဝေဖန်နေကြတာ ဖြစ်ပါတယ်။

ဒီလို ဝေဖန်သူတွေထဲမှာ နာမည်ကျော်အများအပြားလည်း ပါဝင်ပြီး တာဝန်ရှိသူတွေကို အခုလို သိက္ခာချရေးသားတာက ဟာသလုပ်လို့ကောင်းတဲ့ ကိစ္စရပ်မဟုတ်ဘူးလို့ ထောက်ပြကြပါတယ်။ အစီအစဉ်တင်ဆက်သူ အော်ကလေက ဒီလိုစာသားပါအင်္ကျီတွေကို ဈေးကွက်မှာ ရောင်းချတာက “မှားယွင်းတဲ့ဆုံးဖြတ်ချက်” ဖြစ်တယ်လို့ ဆိုပါတယ်။ သူကပဲ “ရှင့်သားသမီးတစ်ဦးဦးက ဒိုင်အဖြစ် လုပ်ကိုင်နေတယ်ဆိုပါစို့။ ဒီလို အလွဲသုံးစား နာမည်ဖျက်ခံနေရတော့မှာလား၊ ဒီထဲမှာ ကာယပိုင်းလည်း ပါဝင်ပါတယ်” လို့ Poundland ကုမ္ပဏီကို ဝေဖန်လိုက်တာ ဖြစ်ပါတယ်။

# ရေပူစစ်ဆေးရေးအဖွဲ့က တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၈**

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ဇွန် ၇ ရက်က CROWN မော်တော်ယာဉ် တစ်စီးနှင့် VAN မော်တော်ယာဉ်နှစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိုးသတ်ဆေးငါးဖာ၊ ပေါင်းသတ်ဆေး ၁၀ ဖာ၊ စပါးပင်အားဆေး ခုနစ်ဖာနှင့် အမျိုးသမီးဝတ်အထည် ၁၀၀၀ (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၃၈ သန်းခန့်)အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၉၅ စီး၊ သွင်းကုန် ၉၉၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၇ စီး၊ သွင်းကုန် ၁၇၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၇ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးခစန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၃၈ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၆၃၉ သန်းခန့်) စုစုပေါင်းတားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၀၁၉ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ညောင်ဦးတွင် မိုးသည်းထန်စွာရွာသွန်း ပုဂံမြို့ဟောင်းရှိ စေတီတစ်ဆူ ပြိုကျပျက်စီး

**ညောင်ဦး ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ယနေ့ညနေက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပုဂံမြို့ဟောင်း မြင်းကပါကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအရှေ့ဘက်ရှိ ဘုရားအမှတ်(၁၃၇၈) စေတီတစ်ဆူမှာ ညနေ ၅ နာရီတွင် ပြိုကျပျက်စီးသွားခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ သိရသည်။

အဆိုပါ ဘုရားအမှတ်(၁၃၇၈)စေတီ ပြိုကျပျက်စီးရာနေရာသို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်း၊ ခရိုင်သာသနာရေးဦးစီးဌာန ဦးစီးမှူး ဦးနေလင်းသိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသမှာ မိုးသည်းထန်စွာရွာသွန်းလို့ ဘုရားပြိုကျတယ်ဆိုတာ မှန်ပါတယ်၊ ပြိုကျတဲ့နေရာက ပုဂံမြို့ဟောင်း မြင်းကပါကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အရှေ့ဘက်မှာရှိတဲ့ ဉာဏ်တော်အမြင့် ၂၇ ပေခန့်ရှိ ဘုရားအမှတ်(၁၃၇၈)စေတီပါ၊ ကျွန်တော်တို့ဆီမှာ မိုးကလည်းရွာလိုက်ရင် တအားသည်းပါတယ်၊ မေ ၃၀ ရက်က မိုးရေချိန် ၄ ဒသမ ၇၆ လက်မ ရွာသွန်းခဲ့ပြီး အခု ဒီလထဲမှာဆိုရင်လည်း ဇွန် ၃ ရက်က မိုးရေချိန် ၁ ဒသမ ၂၂ လက်မ၊ ဇွန် ၅ ရက်က မိုးရေချိန် သုည ဒသမ ၇၁ လက်မ၊ ဇွန် ၆ ရက်က မိုးရေချိန် ၂ ဒသမ ၆၄ လက်မ၊ ဇွန် ၈ ရက်က မိုးရေချိန် သုည ဒသမ ၂၀ လက်မရွာသွန်းသွားခဲ့ပါတယ်၊ အဲဒီလို မိုးတွေဆက်တိုက်သည်းထန်စွာ ရွာသွန်းခဲ့လို့ ဘုရားပြိုကျပျက်စီးသွားတာဖြစ်ပါတယ်" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်းက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မန္တလေး-ပုဂံ အစုန်ရထား စက်ခေါင်းတွဲချော် ခရီးသည်တွဲများ ထိခိုက်မှုမရှိ

**မန္တလေး ဇွန် ၈**

မန္တလေးဘူတာကြီးမှ ဇွန် ၇ ရက် ည ၈ နာရီ ၁၅ မိနစ်က ပုဂံသို့ ထွက်ခွာသော မန္တလေး-ပုဂံ အမှတ် ၁၂၀ အစုန်ရထားသည် ပလင်းဘူတာနှင့် သစ်ထောက်ဘူတာကြား(ရထားမိုင် ၃၉၉/၂၄ နှင့် ၄၀၀/၂ အကြား)၌ ဇွန် ၈ ရက် နံနက် ၃ နာရီခွဲခန့်က ရထားစက်ခေါင်းတွဲချော်တိမ်းစောင်းခဲ့ကြောင်း ရထားတိုင်းမန်နေဂျာ(သွားလာ)က ပြောသည်။

"ဘာကြောင့်တွဲချော်တာလဲဆိုတာ စစ်ဆေးတုန်းပါ၊ ပြောလို့မရသေးပါဘူး၊ ပုဂံလမ်းမှာ တစ်နှစ်ကျော် နှစ်နှစ်လောက်အထိ တွဲချော်တာ မရှိခဲ့ဘူး၊ တွဲချော်ပြီး စက်ခေါင်းတိမ်းစောင်းတာပါ၊ စက်ခေါင်းတွဲချော်တဲ့အတွက် ကရိန်းနဲ့ မ တင်ရမှာပါ" ဟု ၎င်းကပြောသည်။

ရထားစက်ခေါင်း တွဲချော်တိမ်းစောင်းသွားခဲ့သော်လည်း ခရီးသည်တွဲများ အန္တရာယ်ကင်းပြီး ထိခိုက်မှုတစ်စုံတစ်ရာမရှိကြောင်း၊ ခရီးသည်များအား မီးရထားဌာန ဝန်ထမ်းများက ကျောင်းပို့၊ ကြိုယာဉ်ဖြင့် ပုဂံသို့ပို့ဆောင်ပေးခဲ့ကြောင်း၊ ဖြစ်စဉ်ကြောင့် အနည်းငယ်ကွေးသွားသော ရထားသံလမ်းလေးချောင်း လဲလှယ်ခဲ့ပြီး ကရိန်းရထားဖြင့် စက်ခေါင်း မ တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




# ဆောမြို့နယ်တွင် တောင်ကျရေ ရုတ်တရက်ကျလာသဖြင့် ကျောင်းသား ကျောင်းသူ ခြောက်ဦးနှင့် လာကြိုသူတစ်ဦးမျောပါ

**ဆော ဇွန် ၈**

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ကျလောင်ချောင်းဖျားရွာမှ ကျောင်းသား ကျောင်းသူများသည် ဂန့်ဂေါခရိုင် ဆောမြို့နယ် သီးကုန်းရွာ အလက ကျောင်း၌ ကျောင်းတက်ပြီးအပြန် ဇွန် ၇ ရက် ညနေပိုင်းက ချပ်ချောင်းကိုဖြတ်ကူးစဉ် တောင်ကျချောင်းရေများ ရုတ်တရက်ကျလာသဖြင့် ကျောင်းသား ကျောင်းသူ ခြောက်ဦးနှင့် လာကြိုသူ ဒေါ်လေးဟုန် (၅၀)နှစ်တို့ ရေစီးတွင်မျောပါသွားကြောင်း သိရသည်။

သီးကုန်းကျေးရွာမှ ဦးစိုးလွင်သည် ယင်းနေ့ညနေ ၅ နာရီခွဲခန့်တွင် နွားကျောင်း၍အပြန် သီးကုန်းသုသာန်အနီး ချုံပင်များကြား မျောပါကြသူများအနက်မှ စတုတ္ထတန်းကျောင်းသူ မပန်မနားကို ဆယ်ယူနိုင်ခဲ့သည်ဟု သိရသည်။

ရေစီးတွင် ကျောင်းသားများ မျောပါသွားသည်ကို သတင်းရလျှင်ရချင်း ဝိုင်းဝန်းရှာဖွေကြရာ ညနေ ၆ နာရီခန့်တွင် မျောသွားသည့်နေရာနှင့် နှစ်ဖာလုံခန့်အကွာတွင် တတိယတန်း ကျောင်းသား မောင်ပိုင်းဟုန်းနှင့် မောင်ထန်းဟုန်းတို့ကို အသက်ရှင်လျက် ဆယ်ယူနိုင်ခဲ့သည်ဟု သိရသည်။

ထို့ပြင် ကျန်လေးဦးမှာ လာကြိုသူ ဒေါ်လေးဟုန်၊ တတိယတန်းကျောင်းသား မောင်နိုင်းလိန်း၊ ဒုတိယတန်းကျောင်းသား မောင်ထုံလိန်း၊ KG ကျောင်းသူ မလျူးလိန်းတို့အား ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ချောင်းရိုးတစ်လျှောက် ဝိုင်းဝန်းရှာဖွေကြရာ ယနေ့နံနက် ၁၀ နာရီခွဲခန့်က တတိယတန်း ကျောင်းသား မောင်နိုင်းလိန်း၏ အလောင်းအား လယ်ရင်းကျေးရွာအနီးတွင် တွေ့ရှိဆယ်ယူနိုင်ခဲ့ကြောင်းနှင့် ကျန်သုံးဦးအား ဆက်လက်ရှာဖွေဆဲဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ညောင်ဦးမြို့နယ် အထက်ညဉ့်ကျေးရွာအနီး ဓာတ်ငွေ့ပိုက်လိုင်း ယိုစိမ့်မှုဖြစ်ပွား

**ညောင်ဦး ဇွန် ၈**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်မှ မန္တလေးတိုင်းဒေသကြီး မြင်းခြံ-ကျောက်ဆည်-မန္တလေးမြို့များသို့ ပို့လွှတ်သော ဓာတ်ငွေ့ပိုက်လိုင်းသည် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် အထက်ညဉ့်အုပ်စုကျေးရွာ အထက်ညဉ့်ကျေးရွာ ညောင်ဦး-မြင်းခြံကားလမ်း မိုင်တိုင်အမှတ် ၈/၇ နှင့် ၉/၀ ကြားတွင် ဇွန် ၈ ရက် နံနက် ၁၁ နာရီက ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်နေကြောင်း အထက်ညဉ့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်လတ်ထံမှ သိရသည်။

အဆိုပါဖြစ်ပွားရာနေရာသို့ ချောက်မြို့နယ် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့စက်မှုအင်ဂျင်နီယာဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးသန်းဦးနှင့် ဝန်ထမ်းများ ရောက်ရှိလာပြီး ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားသည့် နေရာတစ်ဝိုက်အား လုံခြုံရေးကြိုးတားထားကာ ယိုစိမ့်နေရာအား တူး၍ (U.Bolt CLAMP)နှင့်ပတ်ပြီး ဖာထေးပြုပြင်ရာ ညနေ ၄ နာရီခွဲတွင် ပြုပြင်ပြီးစီးခဲ့ကြောင်း သိရသည်။

ဓာတ်ငွေ့ယိုစိမ့်သည့်နေရာသို့ ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်သည် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ အုပ်ချုပ်မှုယာဉ် တစ်စီး၊ မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် လာရောက်ကာ အဆင်သင့်စောင့်ဆိုင်းနေပြီး လက်ပံခြေပေါ်ရဲတပ်ဖွဲ့စခန်းမှ ဒုတိယရဲအုပ်မင်းကြိုင်နှင့် ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးယူပေးခဲ့ကြောင်း အထက်ညဉ့်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဇော်လတ်က ပြောသည်။ **ကိုထိန်(ငါ့သရောက်)**

# မူဆယ်၌ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**မူဆယ် ဇွန် ၈**

မူဆယ်ခရိုင် ရဲတပ်ဖွဲ့ဝင်များသည် ဇွန် ၇ ရက် မွန်းတည့် ၁၂ နာရီက မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် အိမ်အမှတ်(၂၅၄/ခ)တွင် အိမ်ငှားနေထိုင်သော ထွန်းလင်း၏အခန်းကို သတင်းအရ ဝင်ရောက်ရှာဖွေရာ အခန်းအတွင်း၌ ထွန်းလင်းနှင့်အတူ တေဇနှင့် ထက်နိုင်ဦးတို့ကို တွေ့ရှိရပြီး စားပွဲအံဆွဲအတွင်းမှ စီးကရက်ဘူးခွံအတွင်း ထည့်ထားသော 88&1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ ပြားနှင့် အနက်ရောင် တိပ်ဖြင့်ပတ်ထားသည့် 88&1ဆေးပြား ၄၅ ပြား စုစုပေါင်းဆေးပြား ၂၄၀ ကို သိမ်းဆည်းရမိခဲ့သည်။ ထို့အပြင် မူးယစ်ဆေးဝါးရောင်းရ ငွေကျပ် ၅၀၀၀၀ ကိုလည်း ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

မူးယစ်ဆေးဝါး လက်ဝယ်ထား ရောင်းဝယ်သုံးစွဲသူ ထွန်းလင်း၊ တေဇနှင့် ထက်နိုင်ဦးတို့အား မူဆယ်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ဆရာမောင်(မူဆယ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၉-၆-၂၀၁၈ (စနေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | Weakly Sport Info |
| ၈း၃၅ | "ရတနာထဲကရတနာ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်" |
| ၈း၅၀ | ပန်းပျိုးခင်း (အပိုင်း-၄၂) |
| ၉း၁၅ | "News Watch TV" |
| ၉း၃၀ | မြစ်မခမီဒီယာ "စာတတ်ဖို့ အသက်ရှည်ဖို့ ဝင်ငွေတိုးဖို့" |
| ၁၀း၃၀ | လုံမမှတ်စု (အပိုင်း-၄၀) |
| ၁၀း၄၅ | ကဗျာရိပ်မြုံ "ပေဒင်နဲ့မှန်ပေါင်" |
| ၁၀း၅၅ | NHK Program "အခွံခွာခြင်း" |
| ၁၁း၂၀ | ဆေးဖက်ဝင်ဟင်းသီး ဟင်းရွက်နှင့် ကျန်းမာရေး "တန်ဖိုးမြင့်ထုတ်ကုန်ကြယ်ပဲ" |
| ၁၁း၃၅ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၂း၃၀ | မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ယက်" |
| ၁၃း၄၀ | ဝန်းကျင်သဘာဝမျှလိုက သစ်ပင်စိုက်ကြဝသန်ကာလ |
| ၁၅း၁၀ | "ဆိုင်ကယ်မောင်းသူများ ဘေးကင်းဖို့ လိုင်စင်ပြုလုပ်စို့" |

**ညပိုင်း**

| | |
|---|---|
| ၁၅း၄၅ | Myanmar National League 2018 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (GFA FC Vs Sagaing United FC) |
| ၁၈း၂၀ | ဇာတ်လမ်းအတိုအထွာပြုံးစရာ "မယားကြောက်" (ဆလိုင်းလွမ်း၊ ကံမိုးဆန်း၊ အောင်ကျော်ကျော်၊ စန်းစန်းမော်) (ဒါရိုက်တာ-ဆလိုင်းမျိုးဝင်းအောင်) |
| ၁၈း၃၀ | Tasty Trip |
| ၁၉း၁၅ | အိန္ဒိယဇာတ်လမ်းတွဲ "မြွေပျိုမယ်ရဲ့မာယာလှည့်ကွက်" (အပိုင်း-၉၆) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | Big Step (Singer - ဘီလီလမင်းအေး) -ဂီတသမား၊ ဂီတစကား (ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်) -"ဖူးငုံပန်းတို့ဂုဏ်ဝင့်ချိန်" (ချစ်စနိုးဦး၊ အိမ့်ကြာဖြူ၊ သီသီဆွေ၊ နန်းယွန်းဝတီ၊ ကလေးသရုပ်ဆောင်-ယွန်းမေ) -အစီအစဉ်ပြီး၏။ |

# ဘဝနေဝင်ချိန် အတွေးတစ်စ

လှိုင်(ရန်ကုန်တက္ကသိုလ်)

စာရေးသူက ပင်စင်စား ကျောင်းဆရာမတစ်ဦးပါ။ အသက် ၈၀ ကျော်ပါပြီ။ အရွယ်က တတိယအရွယ်၊ နာတာရှည်ရောဂါသည်တစ်ဦးပါ။ ဗိုက်ခွဲဖူးသည်။ ဆေးရုံနှစ်ကြိမ်တက်ခဲ့ဖူးသည်။ အသက် ၃၀ ကျော်ကာလကပါ။ မူလကပင် ကိုယ်ခံအားညံ့သူဖြစ်၍ ရောဂါဝင်သည့်အခါ ဝေဒနာကို အပြင်းအထန်ခံစားခဲ့ရပါသည်။ သို့နှင့်ပင် အသက် ၈၀ ကျော်ခဲ့ရပါသည်။

အဆုတ်ညံ့၍ အအေးမခံနိုင်၊ အစာအိမ်ညံ့၍ အဖတ်များများမစားနိုင်။ စောင်အမြဲခြုံ၊ ရေနွေးအိတ်အကူဖြင့် အသက်ရှူနေရသူတစ်ဦးပါ။ စက်ဘီး၊ ဆိုင်ကယ် လုံးဝမစီးဝံ့ပါ။

ဝတ်စားဆင်ယင်မှုလည်း အများနှင့်မတူပါ။ အစားအစာလည်း အများနည်းတူ မစားနိုင်ပါ။ အအိပ်အနေလည်း နည်းလွန်းပါသည်။ ကံကြွင်းလေးကကျန်၊ တပည့်ဆရာဝန်သမားတော်လေးများ ဂရုစိုက်ပြုစုကုသမှုကြောင့်သာ အသက်မသေရှင်သန်နေရခြင်းပါ။

တစ်နေ့တွင် မောင်အရင်းလေးက လာကန်တော့ပါသည်။

**သေမင်းကသနားလို့**

"မမ ကျန်းမာရေးကို ဂရုစိုက်နော်၊ မမကို သေမင်းက သက်တမ်းတိုးပေးထားတာနော်" "မမေ့နဲ့" တဲ့။

"ဘုရား ဘုရား" ဟု တမိပါသည်။ သူပြောတာမှန်နေလို့ပါ။ "သေနိုင်သည့်ရောဂါများ နှစ်ကြိမ်နှစ်ခါခံစားထားရသည်။ နာတာရှည်ရောဂါသည်မို့ အခုထိ အသက်ရှင်နေတာဟာ သေမင်းကသနားလို့ အသက်ရှင်ခွင့်ကို သက်တမ်းတိုးပေးထားခြင်း" လို့ ဆိုလိုတာပါ။

စာရေးသူကို ကုသသော ဆရာဝန်များထဲမှ သားလိုရင်းနှီးသော တပည့်ဆရာဝန်လေးက သူ့ဆေးခန်းမှာ စာရေးသူကို ကုပေးရင်း "ဒီ ဆရာမကြီးက လက်မှတ်ရပြီးသားပါ" "ရထားမစီးဖြစ်သေးလို့ပါ"တဲ့။

"အို ဒါလည်း ဟုတ်တာပါပဲ" "ဘဝရထားကြီးကို စီးပြီး ပန်းတိုင်ဂိတ်ဆုံး ဘူတာကို ဝင်ရဖို့ ရထားလက်မှတ်ရပြီးသား။ ရထားမစီးဖြစ်သေးတာပါ။ ရထားစီးပြီး ဂိတ်ဆုံးဘူတာဝင်ရတော့မှာ ကျိန်းသေနေပြီ" လို့ ဆိုလိုခြင်းပါ။

"မှန်လေစွ" ဟု သံဝေဂယူလိုက်ရပါသည်။ ဆွေမျိုးများ လာလည်သည့်အခါ-

"မအေးရေ-ညည်းက သတိပေးစာကပ်ပြီးသားနော်၊ ကျန်းမာရေး ဂရုစိုက်"တဲ့။

**အသိပေးကြော်ငြာ**

"အစိုးရက သိမ်းပိုက်ခွင့်ရတဲ့ အိမ်ကို မသိမ်းသေးခင် သတိပေးစာကပ်လေ့ရှိပါသည်။ ထို့အတူ စာရေးသူကိုလည်း သေမင်းက သူပိုင်ကြောင်း အချိန်မရွေး ခေါ်ယူသိမ်းပိုက်နိုင်ကြောင်း အသိပေးကြော်ငြာစာကပ်ထားပြီးဖြစ်သည်" ဟု ဆိုလိုပါသည်။ စာရေးသူကို အပ္ပမာဒ မမေ့မလျော့ရှိစေရန် တိုက်တွန်းသတိပေးခြင်းဖြစ်၍ ကျေနပ်လက်ခံရပါသည်။ သို့မှ " အသက်ရှင်ခိုက်ယူလိုက်မည့် ကုသိုလ်"ဟု လှံ့လထားနိုင်မည် မဟုတ်ပါလား။

လောကတွင် ကိုယ့်ကိုယ်ကိုယ်သေမည် မထင်ထားသူများ၊ မရဏာနုဿတိ ပွားမထားသူများ၊ ပမာဒနှင့် အသက်ရှင်နေသူများ ကုသိုလ်ပြုရန် နှောင့်နှေးတတ်ကြသည်။ "ဥပုသ်စောင့်သွား၊ တရားနာခေါ် မလိုက်နိုင်သေး ဖြည်းဖြည်းပေ့ါနော် မြေးထိန်း မြစ်ထိန်း အေးကိန်းမပေါ်၊ အဲဒါလည်း အဘွားပဲမော်၍ ပျော်" ဟူသော ကဗျာလေးကို သတိရသွားမိပါသည်။ ထိုထိုသော အဘွားမျိုးတွေ အများကြီးရှိမှာပါ။ ကိုယ့်ကိုယ်ကိုယ် သေမည်မထင်ထားဘူး။ မသေနိုင်သေးဟု ထင်ထားသည်။ မသေတော့ဘူးလို့တောင် ထင်ထားသူတွေ ရှိနိုင်ပါသည်။

ဆရာတော်တစ်ပါး တရားဟောတဲ့အခါ ထည့်သွင်းဆုံးမထားပါသည်။

"ယောဂီတို့ လူသတ္တဝါဝေနေယျအားလုံး သေခြင်းသဘောကို မလွန်ဆန်နိုင်၊ သေရမည် အမှန်ဖြစ်သည်" တဲ့၊

"သေခြင်းသဘောကို လက်ခံပြင်ဆင်ထားသူ ရှားလှတယ်၊ ကျိန်းသေ သေရမည်ကို သိသော်လည်း သေတော့မည်လို့တော့ မထင်တတ်ကြဘူး၊ ဟုတ်ရဲ့လား ယောဂီများ"တဲ့။

"ယောဂီများ ယခုအသက် ၅၀ ရှိနေကြပြီ ကိုယ့်ကိုယ်ကိုယ် သေမယ်ထင်လား"

"မထင်ပါဘူး ဘုရား"

"ကဲ ဟုတ်ပြီ အသက် ၆၀ ကျတော့ရော"

"မထင်သေးပါဘူး ဘုရား"

"ဒီလိုဆိုရင် ၇၀ ရောက်တော့ရော"

"မထင်သေးပါဘူးဘုရား"

"၈၀ ကျော်တော့ရော"

"မထင်သေးပါဘူး ဘုရား"

"၉၀ ရောက်တော့ရော သေမယ်ထင်ပြီလား"

"မထင်သေးပါဘူး ဘုရား"

"ခေါင်းထဲရောက်တော့ရော"

"မထင်သေးပါဘူး ဘုရား"

"ယောဂီများ မီးသဂြိုဟ်စက်ထဲ ရောက်တော့ရော"

"မထင်သေးပါဘူး ဘုရား"

"ပြာဖြစ်ပြီး မြေကြီးထဲ ရောက်တော့ရော"

"မထင်သေးပါဘူး ဘုရား"

"အဲဒါပဲ ယောဂီများ ဘဝကို တပ်မက်ခြင်းကြောင့်ဖြစ်တဲ့ ဘဝေါဃ ဆိုတဲ့ ဝဲထဲမှာ လည်နေကြတာကိုး"

"ငါသည် သေခြင်းတရားကို မလွန်ဆန်နိုင်ချေ။ ဤသို့ နေ့ညမပြတ် ဆင်ခြင်အပ်၏ ဟု မြတ်ဘုရားဟောထားခဲ့ပါတယ်" သတိမမေ့ကြပါနှင့် "အပ္ပမာဒဆိုတဲ့ တရားလက်ကိုင်ထားပြီး သေခြင်းကို အမြဲနှလုံးသွင်း ဆင်ခြင်ကြပါ" ဟု ဆရာတော် ဒွိပိဋ္ဋက ရှင်ပဏ္ဍိတက ဟောကြားပါသည်။

> ❝ ငါသည် သေခြင်းတရားကို မလွန်ဆန်နိုင်ချေ။ ဤသို့ နေ့ည
> မပြတ် ဆင်ခြင်အပ်၏ ဟု မြတ်ဘုရားဟောထားခဲ့ပါတယ်…
> သေမင်းကြီးရယ် နေပါဦး
> ဒါနလေးပြုလို့ ကောင်းနေတုန်း
> သေမင်းကြီးရယ် နေပါဦး
> သီလလေးစောင့်လို့ ကောင်းနေတုန်း
> သေမင်းကြီးရယ် မခေါ်ပါနဲ့ဦး
> ဘာဝနာလေးရှုမှတ်လို့ ကောင်းနေတုန်း … ❞

**ကုသိုလ်ဂိုးတွေသွင်းဖို့**

စာရေးသူသည် နာတာရှည် ရောဂါသည်ဖြစ်၍ သေခြင်းသဘောတရားနှင့် အနီးစပ်ဆုံး အခြေအနေမှာ ရောက်ရှိနေသူဖြစ်၍ အခါမလပ်သတိချပ်နေရပါသည်။

စာရေးသူ၏ သားကြီးက ဘောလုံးသမားကောင်းတစ်ဦးဖြစ်ပါသည်။ စာရေးသူကို သတိပေးရှာပါသည်။ "မေမေ- မေမေ့ကို သေမင်းဆိုတဲ့ ဘောလုံးဒိုင်လူကြီးက အချိန်ပိုပေးထားတာနော်၊ မေမေရသင့်တဲ့အချိန် ဘောလုံးကစားခွင့် အချိန်ကပြည့်သွားခဲ့ပြီ၊ အချိန်ပိုနည်းနည်းလေးထပ်ပေးထားတာပါ၊ သေမင်းဆိုတဲ့ ဒိုင်လူကြီးက အချိန်ကုန်ရင် ဝီစီမှုတ်တော့မှာပါ မေမေ၊ မေမေရတဲ့အချိန်ပိုကစားခွင့်လေးအတွင်း ဂိုးများများသွင်းဖို့ ကြိုးစားပါ" တဲ့။

"မေမေ သိပြီးသားပါ၊ ဒါနဂိုး၊ သီလဂိုး၊ ဘာဝနာဂိုးများကို ရနိုင်သလောက် သွင်းဖို့ပါ၊ မေမေရတဲ့အချိန်ပိုကစားချိန်လေးကို ကုသိုလ်ဂိုးတွေ သွင်းဖို့ပါ၊ မေမေရတဲ့အချိန်ပို ကစားချိန်လေးကို ကုသိုလ်ဂိုးတွေများနိုင်သလောက် များများသွင်းသွားဖို့ကို မမေ့ပါနဲ့လို့ သားမေတ္တာရပ်ခံပါတယ် မေမေ" တဲ့။

သားကြီးရှုထောင့်က ကြည့်တော့လည်း ဟုတ်တာပါပဲ။ "မေမေ အချိန်ပိုလေးရသလောက် ကုသိုလ်ဂိုးတွေများများသွင်းနိုင်အောင် ဂရုပြုပါတယ် သားကြီးရယ်"

ဘယ်လိုပင် တရားဆင်ခြင် သေမင်းကို မြင်မိပြီဆိုသော်လည်း ပုထုဇဉ်တစ်ဦး၏သဘာဝအတိုင်း မိတ်ဆွေများက "မသေနိုင်သေးပါဘူး" လို့ အားပေးလာလျှင် "ဟုတ်များ ဟုတ်လေမလား" ဟု စိတ်ကတွေဝေသွားမိပြန်ပါသည်။

**ဘဝနေဝင်ချိန်**

လွန်ခဲ့သော ရှစ်နှစ်ကျော်က ရောဂါအတွက် စာရေးသူ ဆေးစစ်ရပါသည်။ ဆေးစာအုပ်တွင် စာရေးသူအသက်ကို ၇၂ နှစ်ဟု ပြောလိုက်သည်ကို စာရေးမလေးက ၇၈ ဟု မှားယွင်း၍ ရေးလိုက်ပါသည်။

ဆရာဝန်က စစ်ဆေးသောအခါ "အမေ့အသက်ဘယ်လောက်လဲ" ဟု မေးပါသည်။ စာရေးသူက ၇၂ နှစ်ပါဟု ဖြေသောအခါ စာအုပ်ပေါ်မှာ ၇၈ ဖြစ်နေတယ် အမေ" ဟု ပြောပါသည်။

ပြီးမှ ဆရာဝန်လေးက "ကောင်းတယ် အမေ-အမေ ၇၈ နှစ်အထိ အသက်ရှည်မှာပါ၊ အသက်ရှည်မယ့် နိမိတ်ပါ" ဟု ပြောရှာပါသည်။

စာရေးသူရင်ထဲ ဝမ်းသာသွားမိပါသည်။ ပျော်သလိုလို ခံစားမိပါသည်။ "ဒီဆရာဝန်ဆိုတဲ့ သားလေးတွေကလည်း စာရေးသူတို့လို မီးစာကုန်ဆီခန်းတဲ့ အဘိုး အဘွားများကို မေတ္တာထားကြတယ်။ သူတို့တတ်တဲ့ ဆေးပညာနဲ့ ကုသပေးသလို စိတ်ဓာတ်ကိုလည်း မြှင့်တင်အားပေးတတ်ကြရှာတယ်"လို့ စာရေးသူ ဝမ်းပန်းတသာ သာဓုခေါ်လိုက်ပါသည်။ အားပေးသူ ဆရာဝန်လေးကုသိုလ် အပိုရသွားသည်ဟု ပီတိဖြစ်မိလိုက်ပါသည်။

နန်းဝင်းကတဲ့ပွဲမှာ နန်းဝင်းက

"ကန့်လန့်ကာကြီးရယ် နေပါဦး

ကလို့ကောင်းနေတုန်း"

"ကန့်လန့်ကာကြီးရယ် နေပါဦး

ဆိုလို့ကောင်းနေတုန်း"

"ရွာစားလေးရယ် တီးပေးဦး

ပျော်လို့ ရွှင်လို့ မဆုံး" ဟု သီဆို၍ ကပြအသုံးတော်ခံပါသည်။

စာရေးသူလည်း ဘဝနေဝင်ချိန် နီးနေပြီဖြစ်၍နန်းဝင်းကို အတုယူကာ

"သေမင်းကြီးရယ် နေပါဦး

ဒါနလေးပြုလို့ ကောင်းနေတုန်း"

"သေမင်းကြီးရယ် နေပါဦး

သီလလေးစောင့်လို့ ကောင်းနေတုန်း"

"သေမင်းကြီးရယ် မခေါ်ပါနဲ့ဦး

ဘာဝနာလေးရှုမှတ်လို့ ကောင်းနေတုန်း"

ဟု ဆိုလိုက်ပါရစေတော့။ ။

## သာကေတမြို့နယ်တွင် လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ



**ရန်ကုန် ဇွန် ၈**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းစီစဉ်သည့် လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၇ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ဇင်မလမ်းမကြီးရှိ နယူးလိုက်တာ ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

သာကေတမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးလင်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကိုကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန(ဌာနမှူး)ဒေါက်တာအောင်ကိုဦး၊ ပညာရေးဌာနမှ ဆရာကြီးဦးမြစိန်(ငြိမ်း)၊ မြို့နယ်ဒုရဲမှူးဦးမင်းသိန်းဝေ၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ရတနာဖြိုး၊ မြို့နယ်လက်ထောက်ဆရာဝန်ဒေါက်တာကျော်ဇင်မြင့်တို့က မူးယစ်ဆေးဝါး၏ ကြောက်မက်ဖွယ်ရာ ဆိုးကျိုးအန္တရာယ်အကြောင်းကို အကျယ်တဝင့် ရှင်းလင်းပညာပေးဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသော ကျောင်းသားလူငယ်တို့က သိလိုသည်များကို ပြန်လည်မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူတို့က ရှင်းလင်းဖြေကြားပေးခဲ့ကြသည်။

ပြည်သူ့စကားဝိုင်းသို့ နယူးလိုက်တာ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများ၊ သာကေတမြို့နယ်အတွင်းရှိ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသားများ၊ ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲမင်းထွန်း(ပြန်/ဆက်)**

# တာချီလိတ်နယ်စပ်မှ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ ဝင်ရောက်လည်ပတ်



**နေပြည်တော် ဇွန် ၈**

နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှများ၊ ခရီးသွားဆွဲဆောင်သည့်နေရာများ၊ တိုင်းရင်းသားတို့၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ၊ လူနေမှုဘဝပုံစံများကို ကြည့်ရှုလေ့လာသိမြင်ခံစားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ အဆက်မပြတ် ဝင်၊ထွက်သွားလာ လည်ပတ်လျက်ရှိသည်။

ယခုနှစ် ဇွန် ၁ ရက်မှ ၇ ရက်အထိ တာချီလိတ် နယ်စပ်ဝင်၊ထွက်ပေါက်မှတစ်ဆင့် ညအိပ်၊ နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား အများစုပါဝင်သော နိုင်ငံခြားသားခရီးသွား ဧည့်သည် ၁၅၁၈၉ ဦး၊ မိုင်းဖြတ်၊ ကျိုင်းတုံ ခရီးစဉ်အနေဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၀၀၊ ဗီဇာဖြင့်လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည် ၉၆ ဦးရှိကြောင်း သိရသည်။

နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်အများစုသည် တာချီလိတ်မြို့ရှိအထင်ကရနေရာများဖြစ်သော တာလေ့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီး၊ ဝမ်ကောင်းဈေး၊ ကိုးမြို့ရှင်နတ်နန်း၊ ရွှေတိဂုံစေတီတော်၊ မြို့လယ်ဓမ္မာရုံ၊ ပဒေါင်ကျေးရွာ၊ နဂါးနှစ်ကောင် ဆရာတော်ကျောင်း၊ ကွမ်ရင်မယ်တော် တရုတ်ဘုံကျောင်း၊ ကျောက်တန်းဈေးများသို့ သွားရောက် လည်ပတ်ကြသည်။

ညအိပ်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ ဈေးတန်းကြီး ဘုန်းကြီးကျောင်း၊ သမိုင်းဝင်ဆုတောင်းပြည့် ဆံတော်ရှင် စွန်တောင်းစေတီ၊ ကျိုင်းတုံမြို့အဝင် ဗုဒ္ဓဉယျာဉ်နှင့် ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိ၊ ဟိုခုံကျောင်း၊ မြဘုရားကျောင်း၊ ကျိုင်းရင်းဘုန်းကြီးကျောင်း၊ ဝပ်အင်းကျောင်း၊ စွန်တောင်စေတီ၊ ကျော့မ်ဆရီစေတီ၊ ရမ်ကုန်းကျောင်း၊ ပါလျန်ကျောင်း၊ ရပ်တော်မူ၊ သစ်တစ်ပင်တောင်၊ ကမ္ဘာအေးစေတီ၊ စံပြယန်းလောကျေးရွာ၊ ကတ်တောင်ကျေးရွာအနီးရှိ ကိုးထပ်ရေတံခွန်စသည့် အထင်ကရ နေရာများသို့ သွားရောက် လည်ပတ်ကြကြောင်း သိရသည်။

တာချီလိတ် နယ်စပ်ဝင်ပေါက်မှ တစ်ဆင့် ဝင်ရောက်သည့် နိုင်ငံခြားခရီးသွားဧည့်သည် အရေအတွက်မှာ ဧပြီ ၁ ရက်မှ ဇွန် ၇ ရက်အထိ ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား အများစု ပါဝင်သော နေ့ချင်းပြန်ခရီးသည် စုစုပေါင်းမှာ ၁၅၀၀၆၃ ဦး ဖြစ်ပြီး မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်အနေဖြင့် ခရီးသည် စုစုပေါင်း ၁၇၈၇ ဦးနှင့် ဗီဇာဖြင့် တာချီတ်လိတ်မှတစ်ဆင့် လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ဝင်ရောက်လည်ပတ်သည့် ခရီးသည် စုစုပေါင်း ၁၃၉၇ ဦးတို့ ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# သစ်တောကြိုးဝိုင်းများအတွင်း ပုံမှန်စိုက်ခင်းနှင့် ရေဝေရေလဲစိုက်ခင်းများအဖြစ် ဧက ၉၀၀ ကျော် စိုက်ပျိုးပြီးစီး

**မုံရွာ ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီးရှိ ခရိုင်ခြောက်ခုတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မိုးရာသီတွင် စီးပွားဖြစ် ကျွန်း၊ ပျဉ်းကတိုးသစ်များကို ပုံမှန်စိုက်ခင်းများနှင့် ရေဝေရေလဲစိုက်ခင်းများအဖြစ် ယခုအခါတွင် ၉၄၂ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ သိရသည်။

“ပုံမှန်စိုက်ပျိုးခြင်းအဖြစ် တစ်ဧကကို အပင်ရေ ၁၂၁၀ နှုန်းနဲ့ ပြန်လည်စိုက်ပျိုးတာပါ၊ ရေဝေရေလဲ စိုက်ခင်းမှာတော့ တစ်ဧကကို အပင်ရေ ၂၂၀ နှုန်းနဲ့ စိုက်ပျိုးတာပါ။ ဇွန်လပထမပတ်အတွင်းမှာ ဧက ၉၄၂ ဧက စိုက်ပျိုးပြီးစီးသွားပါပြီ၊ အခုနှစ် မိုးရာသီမှာ စုစုပေါင်းဧက ၂၆၅၀ စိုက်ပျိုးဖို့ လျာထားတယ်။ ကျန်တာတွေလည်း ဆက်လက်စိုက်ပျိုးနေပါတယ်” ဟု စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးသန်းစိုးက ပြောသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မိုးရာသီတွင် စီးပွားရေးကျွန်းစိုက်ခင်းများအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း ဧက ၅၀၀ လျာထားချက်တွင် ဧက ၃၇၀ အားလည်းကောင်း၊ ယင်းမာပင်ခရိုင်အတွင်း ဧက ၂၀၀ လျာထားချက်တွင် ၇၅ ဧကအားလည်းကောင်း၊ ကသာခရိုင်အတွင်း ဧက ၁၁၀၀ လျာထားချက်တွင် ၂၈၇ ဧကအားလည်းကောင်း၊ ကလေးခရိုင်အတွင်း ဧက ၃၀၀ လျာထားချက်တွင် ၉၅ ဧကအား လည်းကောင်း၊ မော်လိုက်ခရိုင်အတွင်း ဧက ၁၀၀ လျာထားချက်တွင် ၁၅ ဧကအားလည်းကောင်း စုစုပေါင်း ၈၄၂ ဧက စိုက်ပျိုးပြီး ပျဉ်းကတိုးစိုက်ခင်းများအဖြစ် ကသာခရိုင်အတွင်း ဧက ၂၅၀ လျာထားချက်တွင် ၆၀ ဧကအားလည်းကောင်း၊ တမူးခရိုင်အတွင်း ဧက ၅၀ လျာထားချက်တွင် ၁၀ ဧကအားလည်းကောင်း စုစုပေါင်း ၇၀ ဧကအားလည်းကောင်း၊ ရေဝေရေလဲစိုက်ခင်းများအဖြစ် ပျဉ်းကတိုးနှင့် မဲဇလီပင်များကို ပုလဲမြို့နယ်အတွင်း ၁၀၀ ဧကလျာထားချက်တွင် ၁၀ ဧကအားလည်းကောင်း၊ ကောလင်းမြို့နယ်အတွင်း ဧက ၅၀ လျာထားချက်တွင် ဧက ၂၀ အားလည်းကောင်း စုစုပေါင်း ၃၀ ဧကအားလည်းကောင်း ဇွန်လပထမပတ်အတွင်း စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧေယျာတိုင်း)**

# မန္တလေးမြို့ သုံးမြို့နယ်တွင် AMR စနစ်သုံး ရေမီတာများ ပြောင်းလဲတပ်ဆင်သွားမည်

**မန္တလေး ဇွန် ၈**

မန္တလေးမြို့ ရေပေးဝေရေးစနစ်တွင် လက်ရှိသုံးစွဲနေသည့် ရေမီတာများအစား ရှေ့ပြေးစီမံချက်အဖြစ် မြို့နယ် သုံးမြို့နယ်တွင် AMR (Automatic Reading System) စနစ်သုံး ရေမီတာများကို ဇွန်လမှစတင်၍ ပြောင်းလဲတပ်ဆင်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ဇွန် ၇ ရက်က ပြုလုပ်သည့် AMR စနစ်သုံး ရေမီတာပြောင်းလဲတပ်ဆင်ခြင်းဆိုင်ရာ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အဆိုပါစီမံချက်ဆောင်ရွက်ရန် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း သုံးထောင်လျာထားခဲ့ပြီး မန္တလေး ခြောက်မြို့နယ်အနက် ဇွန်လမှစ၍ လေးလစီမံချက်ဖြင့် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့တွင် အလုံးရေ ၂၈၀၀ ကို ရှေ့ပြေးစမ်းသပ် တပ်ဆင်သွားမည် ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဒေါ်မြင့်မြင့်သန်းက ပြောကြားသည်။

“ဒီ AMR စနစ်သုံးတဲ့ ရေမီတာတွေ ပြောင်းလဲတပ်ဆင်အသုံးပြုရတဲ့ ရည်ရွယ်ချက်က ရေခွန်ကောက်ခံတဲ့ နေရာမှာ လွယ်ကူမှန်ကန်တိကျတဲ့ ယူနစ်တွေကို သိရှိရဖို့နဲ့ ဒီလိုသုံးစွဲတဲ့ ယူနစ်အတိုင်း မှန်ကန်စွာကောက်ခံနိုင်မှ မန္တလေးမှပြည်သူတွေ ကျေနပ်မှုရရှိမှာဖြစ်ပါတယ်၊ မန္တလေးစည်ပင်အနေနဲ့လည်း အမှန်တကယ်သုံးစွဲတဲ့ ရေမီတာခတွေကောက်ခံရရှိမှာဖြစ်တယ်၊ ရေမီတာဖတ်တဲ့ အခါမှာလည်း အိမ်ထဲဝင်ပြီး တစ်လုံးချင်း လိုက်ဖတ်နေဖို့ မလိုဘူး၊ ဒီရေမီတာ တပ်ဆင်ထားတဲ့ အိမ်တွေရဲ့လမ်းထဲကို ရေဒါကိုင်ပြီးဖြတ်သွားတာနဲ့ ရေဒါထဲကို သုံးစွဲတဲ့ ယူနစ်တွေ ဝင်လာမှာဖြစ်ပါတယ်၊ ရေဒါကနေတစ်ဆင့် ကွန်ပျူတာတွေမှာ ကျသင့်တဲ့ငွေပမာဏကို ချက်ချင်းမှတ်တမ်းဝင်သွားမယ့် စနစ်ဖြစ်ပါတယ်” ဟု ၎င်းက ပြောသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့နေပြည်သူများအတွက် ရေပေးဝေရာတွင် ရေမီတာ အလုံးပေါင်းတစ်သိန်းခန့် တပ်ဆင်ထားသော်လည်း လက်ရှိတွင် ပျောက်ဆုံးပျက်စီးမှုများကြောင့် မီတာ ငါးသောင်းကျော်သာ အခွန်ကောက်ခံရရှိနေသည့်အတွက် ရေသုံးစွဲသူများ အမှန်တကယ်သုံးစွဲမှုအပေါ် ထိုက်သင့်သည့် ရေမီတာခွန်ပေးဆောင်နိုင်စေရန် ယခုကဲ့သို့ AMR စနစ်ဖြင့် ပြောင်းလဲကောက်ခံခြင်းဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဇောအောင်က ပြောသည်။

“လက်ရှိမှာ ရေခွန်ကောက်ခံရရှိတဲ့ ပမာဏက ကုန်ကျတဲ့ ထုတ်လုပ်မှုစရိတ်တောင် မရရှိသေးတဲ့အပြင် ကွာဟချက်တွေ ဖြစ်နေတယ်၊ အခုသုံးမယ့်စနစ်က ဒီကွာဟချက်တွေကို ဖြေရှင်းနိုင်လိမ့်မယ်လို့ ထင်ပါတယ်၊ ကျွန်တော်တို့က အပြောင်းအလဲကို ဦးဆောင်ပြီး မန္တလေးပြည်သူတွေက ပူးပေါင်းပါဝင်ပေးကြပါ” ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

အဆိုပါ AMR စနစ်သုံး ရေမီတာများကို အောင်မြေသာစံမြို့နယ်တွင် ၇၈ လမ်းနှင့် ၈၄ လမ်းကြား၊ ၂၂ လမ်းနှင့် ၄၅ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်တွင် လမ်း ၈၀ နှင့် ၈၆ လမ်းကြား၊ ၁၂ လမ်းနှင့် ၂၆ လမ်းကြား၊ မဟာအောင်မြေ မြို့နယ်တွင် လမ်း ၆၀ နှင့် ၆၆လမ်းကြား၊ ၁၉ လမ်းနှင့် ၂၆ လမ်းကြားတို့တွင် ပြောင်းလဲတပ်ဆင်သွားမည်ဖြစ်ပြီး အဓိကအနေဖြင့် ရေမီတာအသစ် တပ်ဆင်လိုသူများကို တစ်လုံးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ဦးစားပေးတပ်ဆင်သွားမည်ဖြစ်သည်။ လက်ရှိတပ်ဆင် အသုံးပြုနေသည့် ရေမီတာ အဟောင်းများကိုလည်း ငွေကျပ် ၆၅၀၀၀ နှုန်းဖြင့် ပြောင်းလဲတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**



# မြောက်ယမား ရေလှောင်တမံ မူလမြောင်း ဆည်ရေသောက်ဧရိယာ ပြန်လည်ပြုပြင်

**ပုလဲ ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် မြောက်ယမားရေလှောင်တမံ မူလမြောင်း ဆည်ရေသောက်ဧရိယာ ပြန်လည်ပြုပြင် ဆောင်ရွက်နေရာ ရေဆိုးထုတ်အဆောက်အအုံ ၁၁ လုံးတိုးချဲ့သွားမည်ဖြစ်ပြီး မူလရေဆိုးထုတ်အဆောက်အအုံများ၏ ပျက်စီးသည့်အပိုင်းများအား ပြန်လည်ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

“တူးမြောင်းမကြီးတစ်လျှောက် ရေဆိုးထုတ်မြောင်းတွေမှာရှိတဲ့ ရေဆိုးထုတ်အဆောက်အအုံတွေကို စတင်တည်ဆောက်ခဲ့တုန်းက လက်ယာမြောင်းတည်ဆောက်တာ မရှိသေးတဲ့အတွက် ရွာတဲ့မိုးရေတွေကို ဒေသခံတောင်သူတွေက စိုက်ပျိုးရေအတွက် ရေသိုလှောင်ထားရှိတဲ့အခါ မိုးရွာတုန်းမြေထဲစိမ့်ဝင်ထားတာတွေကြောင့် စီးဆင်းတဲ့ရေပမာဏကလုံလောက်ခဲ့တယ်၊ ဒါပေမယ့် လက်ယာမြောင်းတည်ဆောက်ပြီးတဲ့နောက် ပုံမှန်စိုက်ပျိုးရေပေးဝေနေတာကြောင့် ရွာသမျှမိုးရေက ရေဆိုးအဖြစ်စီးဆင်းတာကြောင့် မူလအရွယ်အစားနဲ့ မလုံလောက်တော့ဘူး၊ အဲဒါကြောင့် ရေဆိုးထုတ်အဆောက်အအုံတွေရဲ့ အရွယ်အစားကို ထပ်မံတိုးချဲ့သွားဖို့လိုအပ်တဲ့အတွက် ရေဆိုးထုတ်အဆောက်အအုံ ၁၁ လုံးတိုးချဲ့သွားမှာဖြစ်ပါတယ်၊ မူလရေဆိုးထုတ်အဆောက်အအုံတွေကိုလည်း ပျက်စီးခဲ့တဲ့အပိုင်းတွေကို ပြန်ပြင်ဖို့လုပ်နေပါတယ်”ဟု မြောက်ယမားရေလှောင် တမံ တာဝန်ရှိသူက ပြောကြားသည်။

ရေဆိုးထုတ်မြောင်းများမှာ မိုးရွာလျှင် စီးလာသည့် ရေဆိုးများအား သဲနုန်းပို့ချမှုကြောင့် စီးဆင်းလာသည့် မိုးရေပမာဏအတိုင်းမသယ်ဆောင်နိုင်တော့သဖြင့် ပြန်လည်တူးဖော်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ထို့ပြင် တူးမြောင်းမကြီးတစ်လျှောက်ရှိ ရွာကူးတံတားများမှာလည်း မူလတည်ဆောက်စဉ်က သစ်သားဖြင့်တည်ဆောက်ခဲ့ခြင်းကြောင့် ကာလကြာလာသည့်အတွက် ဆွေးမြည့်ပျက်စီးနေရာ ကောင်းမွန်သေးသည့် တံတားများနှင့် အသုံးနည်းသည့်တံတားအချို့ကိုသာ ချန်ပြီး ပျက်စီးနေသည့် တံတားများကိုအာရ်စီကွန်ကရစ်တံတားများ ပြန်လည်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒ့ါအပြင် လက်တံမြောင်းပေါ်မှာရှိတဲ့ တချို့ရေကျ အဆောက်အအုံတွေကို သက်တမ်းကြာလာတာကြောင့် လုံးဝပျက်စီးနေတဲ့အတွက် သတ်မှတ်ရေအမြင့်ကိုထိန်းသိမ်းမထားနိုင်တော့ပါဘူး၊ တူးမြောင်းရဲ့ Design Bed Level တွေ ရေတိုက်စားတာကြောင့် မမှန်ကန်တော့တဲ့အတွက် ရေပေးဝေဖို့ အခက်အခဲဖြစ်နေပါတယ်၊ အဲဒါကြောင့် ရေကျ အဆောက်အအုံကိုလည်း ပြန်လည်ပြုပြင်သွားပါမယ်” ဟု မြောက်ယမားဆည် တာဝန်ရှိသူက ပြောကြားသည်။

မြောက်ယမားရေသောက်စနစ် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ၂၀၁၉-၂၀ ဘဏ္ဍာနှစ်တွင် ပြီးစီးအောင်ဆောင်ရွက်သွားရန်လျာထားထားပြီး ၂၀၁၇-၁၈ခုနှင့် ၂၀၁၈(Mini) ဘဏ္ဍာနှစ်တို့တွင် ပေတိုင်‘သုည’မှ ‘၈၄၀၀၀’ ပေအထိသဲနုန်းတူးဖော်ခြင်း၊ မြောင်းပုံစံကျတူးဖော်ခြင်း လုပ်ငန်းများနှင့် ပေတိုင် ‘သုည’ မှ ‘၂၆၀၀၀’ ပေအတွင်း လိုအပ်သောနေရာများအား ပေ ၁၈၈၅၀ ရှိ ကျောက်ကြိုးလိုင်နင်စီခြင်းကို ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင်ပြည်သူ့စကားဝိုင်းကျင်းပ

**ရန်ကုန် ဇွန် ၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မင်းရဲကျော်စွာလမ်း မဟာသရဖူကိုယ်ပိုင်အထက်တန်းကျောင်း၌ ဇွန် ၇ ရက် နံနက် ၉ နာရီခွဲက ‘လူငယ်နှင့် မူးယစ်အန္တရာယ်’ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးဟောပြောပွဲကျင်းပသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်လှလှထွေးက ပြည်သူ့စကားဝိုင်းများ ပြုလုပ်ရသည့်ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားသည်။

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ဒုရဲမှူးကိုကိုလွင်က မူးယစ်ဆေးဝါးများ ဖမ်းဆီးအရေးယူဆောင်ရွက်သည့် ဥပဒေ၊ မူးယစ်ဆေးဝါးဆိုးကျိုးများနှင့် မှတ်တမ်းဓာတ်ပုံများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

‘လူငယ်နှင့် မူးယစ်အန္တရာယ်’ ခေါင်းစဉ်ဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဟန်ရွှေ၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်စိမ်းမြရည်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်စု(၄၁)မှ ရဲအုပ်အောင်မျိုးထွဋ်တို့က ဆွေးနွေးပြောကြားသည်။

‘လူငယ်နှင့် မူးယစ်အန္တရာယ်’ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ NGO အဖွဲ့အစည်းများနှင့် ကျောင်းသား ကျောင်းသူ ၃၅၀ ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုကြီးစိုး (ဆိပ်ကမ်း)**

## လူငယ်နှင့် မူးယစ်ဆေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**သဲကုန်း ဇွန် ၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ၌ ဇွန် ၇ ရက် နံနက် ၉ နာရီခွဲက ‘လူငယ်နှင့် မူးယစ်ဆေး’ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက မြန်မာနိုင်ငံတွင် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုပမာဏ များပြားလာခြင်းနှင့်အတူ မူးယစ်ဆေးဝါးအန္တရာယ်ကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်လာခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ထိရောက်စွာဟန့်တားနိုင်မည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကိုသန့်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးဇော်နိုင်ဦးနှင့် ဦးဇော်လင်းထိုက်တို့ကလည်းကောင်း၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး စိုးမိုးဦးနှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်ခိုင်ကျော့ကျော့စံ တို့က ‘လူငယ်နှင့် မူးယစ်ဆေး’ ခေါင်းစဉ်ဖြင့် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သုံးစွဲမှုပပျောက်ရေး၊ မူးယစ်ဆေးဝါး လက်ဝယ်ထားရှိမှုနှင့်ပတ်သက်၍ ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ မူးယစ်ဆေးစွဲသူများအား ပြန်လည်ထူထောင်ရေးနှင့် လူမှုရေးပြစ်ဒဏ်များချမှတ်ခြင်းတို့ကို မူးယစ်ဆေးဝါးပပျောက်ရေးစီမံချက်များရေးဆွဲ၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း အသီးသီးကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသောလူငယ်များက သိရှိလိုသောမေးခွန်း မေးမြန်းမှုများကို ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့သည်။ အဆိုပါစကားဝိုင်းသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်ပြည်သူများ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များ တက်ရောက်ခဲ့ကြသည်။

**ကိုလွင်(ဆွာ)**

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် (၁၆) ခုတင်ဆံ့ ဆေးရုံဆောက်လုပ်နေမှုကြည့်ရှု

**ပဲခူး ဇွန် ၈**



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ကျန်းမာရေးဦးစီးမှူးတို့လိုက်ပါလျက် ဇွန် ၇ရက် မွန်းလွဲပိုင်းက ကျောက်ကြီးမြို့နယ် ငထွေစုတ်ကျေးရွာတွင် ဆောက်လုပ်လျက်ရှိသော ငထွေစုတ် (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကျောက်ကြီးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူးက ငထွေစုတ် (၁၆) ခုတင်ဆံ့တိုက်နယ်ဆေးရုံနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြသခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးလက်နေပြည်သူများအတွက် ကျန်းမာရေးသည် အလွန်အရေးကြီးကြောင်း၊ ကျေးလက်နေပြည်သူတို့သည် ကူးစက်ရောဂါနှင့် မွေးအန္တရာယ်တို့ကို နီးစပ်ရာ နည်းလမ်းများ၊ ဆေးမြီးတိုများဖြင့် ကုသနေကြ၍ မဆုံးရှုံးသင့်သည့် အသက်အန္တရာယ်များ နှစ်စဉ် ဆုံးရှုံးနေကြရကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသများအထိ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ရန် စီမံကိန်းများချမှတ်၍ ဆောင်ရွက်ပေးနေရခြင်းဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများအား စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ ဆောက်လုပ်သွားရန်နှင့် အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောက်ကြီးမြို့နယ် မုန်းတိုက်နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာဆောက်လုပ်နေမှု၊ ကျွန်းပင်စိပ် (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်နေမှုနှင့် တပ်ကုန်း ကျေးလက်ကျန်းမာရေးဌာနခွဲတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မုန်းတိုက်နယ်ဆေးရုံ၌ တက်ရောက်ကုသနေသည့် လူနာများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ကာ တစ်ဦးချင်း ဆေးဖိုးအလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ငထွေစုတ် (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာကို ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း ၆၁၉၀ ဖြင့် Lin Nay Zin ကုမ္ပဏီက ဆောက်လုပ်လျက်ရှိရာ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ကျွန်းပင်စိပ် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာကို ပြည်ထောင်စုရန်ပုံငွေ ကျပ် သန်း ၆၁၄၀ ဖြင့် ဇင်ချောင်းကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်ခဲ့ရာ ၁၀၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည်။ မုန်းတိုက်နယ်ဆေးရုံ၏ ဝန်ထမ်းအိမ်ရာကို ပြည်ထောင်စုရန်ပုံငွေကျပ် ၂၄၈၈ သန်းဖြင့် Cool Air Service ကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခဲ့ရာ ၁၀၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည်။ တပ်ကုန်းကျေးလက် ကျန်းမာရေးဌာနခွဲအား ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၅၇၀ ဖြင့် Green Mark ကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိရာ ၅၇ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကျောက်ကြီးမြို့နယ် ငထွေစုတ်ကျေးရွာအုပ်စုအတွင်း တိုက်နယ်ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ပေးခြင်းအားဖြင့် ကျေးလက်ဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ၊ အရေးပေါ်ခွဲစိတ်ကုသမှုများနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာများ ပိုမိုရရှိခံစားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ဝါးခယ်မတွင် ရေဘေးအန္တရာယ်ကာကွယ်ရေး သရုပ်ပြ

**ဝါးခယ်မ ဇွန် ၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ မိုးတွင်းကာလ ရေဘေးအန္တရာယ်ကြုံတွေ့ပါက ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် အသိပညာပေးသရုပ်ပြပွဲကို ဇွန် ၈ ရက် နံနက်ပိုင်းက ထော်ကနွတ်ကျေးရွာ ထော်ကနွတ်ရေတံခါး၌ ပြုလုပ်ခဲ့သည်။

ဝါးခယ်မမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်မောင်ဇော်က တာထိပ်ပေါ် ရေကျော်ခြင်း၊ ရေပေါက် (ထူးပေါက်) ပေါက်ခြင်း၊ တာအိခြင်း၊ သဲဗွက်ထခြင်းတို့နှင့်ပတ်သက်၍ ဖြစ်ပေါ်ရသည့် အကြောင်းအရင်းများ၊ ကာကွယ်ရန်နည်းလမ်းများ၊ သတိပြုရမည့်အချက်များကို အသိပညာပေး ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေဘေးကာကွယ်ရေး အသိပညာပေးသရုပ်ပြပွဲသို့ တက်ရောက်လာသော မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ထော်ကနွတ်ကျေးရွာနှင့် အနီးအနားရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို တာထိပ်ပေါ်ရေကျော်ခြင်း၊ ရေပေါက် (ထူးပေါက်) ပေါက်ခြင်း၊ တာအိခြင်း၊ သဲဗွက်ထခြင်းအခြေအနေနှင့် လက်တွေ့ကာကွယ်ပုံအဆင့်ဆင့်တို့ကို နမူနာပုံစံများဖြင့် ရှင်းလင်းပြသခဲ့ပြီး တက်ရောက်လာသူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြကြောင်း သိရသည်။

**လှမ်းသီဟ (ပြန်/ဆက်)**

## သက်မွေးဝမ်းကျောင်းအထောက်အကူပြု အပ်ချုပ်သင်တန်းဖွင့်

**ရွှေတောင် ဇွန် ၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးပွားရေးတို့ကို ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အပ်ချုပ်စက် သင်တန်းကို ရွှေတောင်မြို့နယ် သာစီကုန်းအုပ်စု ဖုန်းဆိုးကျေးရွာတွင် ဇွန် ၄ ရက်က ဖွင့်လှစ်သည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ပြည်ခရိုင်ကျေးလက်ဦးစီးမှူး ဦးသန်းနိုင်ဦးနှင့် မြို့နယ်ကျေးလက်ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသူ ၂၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇွန် ၄ ရက်မှ ဇူလိုင် ၄ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**သူရအောင်(ပြည်)**

## သဘာဝဘေးအန္တရာယ်ရေဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ကော့ကရိတ် ဇွန် ၈**



ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မီးသတ်တပ်ဖွဲ့နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနနှင့် ကြက်ခြေနီတပ်ဖွဲ့တို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ် (ရေဘေး)ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဇွန် ၇ ရက် နံနက် ၉ နာရီက ကော့ကရိတ်မြို့နယ် ရေလယ်ကုန်းကျေးရွာ၌ ကျင်းပခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးဇော်က ဇာတ်တိုက်လေ့ကျင့်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး သဘာဝဘေးများနှင့် ရေဘေးအန္တရာယ်များ ကျရောက်လာပါက မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များက လွယ်ကူလျင်မြန်စွာ ရှာဖွေကယ်ဆယ်နိုင်ရေးနှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များက ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်ကြုံလာပါက ဘေးကင်းရာသို့ အချိန်မီသွားရောက်နိုင်ရေးတို့အတွက် အုပ်စုလိုက် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးထက်အောင်(ပြန်/ဆက်)**

## ငါးသိုင်းချောင်းမြို့ဝဝန်ရေကာတာ၌ တာတမံထိန်းသိမ်းနည်းနှင့် ရေဘေးကာကွယ်ရေးသရုပ်ပြ

**ရေကြည် ဇွန် ၈**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစီအစဉ်ဖြင့် ငါးသိုင်းချောင်းမြို့ ဝဝန်ရေကာတာ တာမိုင် ၄၆/၆ နှင့် ၄၆/၇ ကြားတွင် ရေကာတာထိန်းသိမ်းနည်းနှင့် ရေဘေးကာကွယ်ရေး သရုပ်ပြပွဲကို ဇွန် ၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

မြို့နယ် ဆည်/ရေဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်ဇော်နိုင်က ရေကာတာပြုပြင်ထိန်းသိမ်းနည်းများနှင့် ရေဘေးကာကွယ်ရေးပူးပေါင်းဆောင်ရွက်သင့်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ရေခွေကတုတ်ရိုက်ထိန်းသိမ်းနည်း၊ တာအိတာလျှော ထိန်းသိမ်းနည်းနှင့် ရေကာတာမြေသားထိန်းသိမ်းနည်းများကို လက်တွေ့ရှင်းလင်းသရုပ်ပြခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ငါးသိုင်းချောင်းမြို့ ဝဝန်ရေကာတာသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေဖြင့် တာမိုင်အရှည် ၁၆ မိုင်မြေသားပြုပြင်ခြင်းဆောင်ရွက်ပြီးစီးခဲ့ပြီး မြို့တွင်းရေကာတာအရှည်ပေ ၅၁၅၀ ၌ မြေထိန်းကွန်ကရစ်နှင့် အုတ်စီနံရံများဆောင်ရွက်ပြီးဖြစ်ရာ မြေသားရေကာတာအတွက် လိုအပ်သော မြေသားအသစ်ထိန်းသိမ်းနည်းစနစ်ဖြစ်သည့် မြေသားတာစောင်း၌ မြက်စိုက်ပျိုးခြင်း၊ စပါးစိုက်ပျိုးခြင်းနှင့် ရေကာတာ မြေသားပြုပြင်ထိန်းသိမ်းနည်းလမ်းများဖြင့် ဆည်/ရေဦးစီးဌာန ဝန်ထမ်းများက သက်ဆိုင်ရာ တာမိုင်အလိုက် ဆောင်ရွက်မှုများပြုလုပ်လျက်ရှိကြောင်း မြို့နယ် ဆည်/ရေဦးစီးဌာနမှ ဒုလက်ထောက်ဦးစီးမှူးဦးသန်းဦးက ပြောကြားသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# လက်တွေ့အသုံးချဆေးနည်းတို (ဆေးမြီးတို)များ (၆၄)




**ဆရာကြီးရှင့်၊ ကျွန်မတို့အညာမှာ မိုးရာသီဆိုရင် လဲလူပင်တွေပေါပါတယ်။ အချို့က လဲလူရွက်ကို သုံးခွက်တစ်ခွက်တင်ကျိုသောက်ရင် အသည်းကြီးအသည်းခြောက်ရောဂါ ပျောက်တယ်လို့ ပြောပါတယ်။ ကျွန်မရဲ့ ဦးလေးတစ်ယောက်မှာ အသည်းခြောက်ရောဂါဖြစ်နေလို့ အင်္ဂလိပ်ဆေးကုနေပါတယ်။ လဲလူရွက်ကို သောက်ရင်ရပါသလားရှင့်။**

မြန်မာဆေးကျမ်းတွေထဲမှာ ‘အသည်းအူ လဲလူ’ဆိုတဲ့ ဆိုရိုးစကားတစ်ခုရှိပါတယ်။ ဤစကားအရ အသည်းနဲ့ အူရောဂါအတွက်ဆိုရင် လဲလူရွက်ဟာ အကောင်းဆုံးဆေးတစ်မျိုးဖြစ်တယ်လို့ဆိုလိုပါတယ်။ ဆေးကျမ်းတွေမှာ လဲလိုဖို့မ၊ ရှင်ကပစ္စည်း၊ ရှင်ပါကူ လို့လည်းနာမည်ကွဲတွေနဲ့ခေါ်ဝေါ်ပါတယ်။ လဲလူပင်ရဲ့ ဂုဏ်နဲ့စွမ်းရည်ကို အရှင်နာဂသိန် ပုံပြဆေးအဘိဓာန်က အလွန်အဖျားကြီး၍ သွေးဖောက်ပြန်ခြင်းကိုနိုင်၏။ အပူကို ငြိမ်းစေ၏။ သွေးဆိုးများကို အကောင်းဖြစ်ရန် ပြုပြင်တတ်၏။ ကျောက်၊ ဝက်သက် စသည်တို့ပေါက်မူ အရွက်ကိုပြုပ်၍ လည်းကောင်း၊ ဟင်းချိုချက်၍လည်းကောင်း အသုံးပြုနိုင်၏လို့ ဖော်ပြထားပါတယ်။ လဲလူပင်ဟာ မိုးတွင်းပိုင်း အထက်အညာဒေသမှာ ပေါများစွာတွေ့ရသလို ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်ဘက်မှာလည်း ပေါပါတယ်။ ရန်ကုန်ဆိုရင် အနီးဆုံးလှည်းကူး၊ ထောက်ကြန့်ဘက်မှာ တွေ့ရတယ်လို့ဆိုပါတယ်။ အရပ်ဒေသအလိုက် အခေါ်အဝေါ် လဲလူနဲ့ရှင်ပါကူ ဆိုတာ အတူတူပဲ ဖြစ်ပါတယ်။ ချုံပင်အကြီးစားဖြစ်ပြီး အကိုင်းများစွာဖြာတယ်။ သေးငယ်သော အဖြူရောင်ပန်းပွင့်ကလေးများ ပွင့်ပါတယ်။ ရနံ့သင်းပျံ့စွာမွှေးပါတယ်။ အသီးလည်းသီးပါတယ်။ အရွက်ကိုပြုတ်ပြီး တို့စရာအဖြစ်စားသုံးနိုင်ပါတယ်။ အရွက်နုနဲ့အညွန့်များကို ဟင်းချိုချက်သောက်လို့ရပါတယ်။

**ဆရာမင်္ဂလာပါ။ ကျွန်မအသက် ၃၅ နှစ်ပါ။ ကျွန်မလမ်းလျှောက်တဲ့အခါ မောမောနေပါတယ်။ နှလုံးအားနည်းတယ်လို့ ရပ်ကွက်ထဲရှိ ဆေးခန်းမှာ ဆရာက ပြောပါတယ်။ မျိုးရိုးမှာလည်း နှလုံးအားနည်းသူတွေရှိပါတယ်။ ဘယ်လိုဆေးမျိုးတွေ သောက်ရမယ်ဆိုတာ လမ်းညွှန်ပေးပါဆရာ။**

နှလုံးအားနည်းလျှင် အိပ်ရေးမပျက်အောင် ဂရုစိုက်ပါ။ ဝမ်းနည်းစရာ၊ စိတ်မကောင်းစရာ၊ ရုပ်ရှင်ဇာတ်လမ်းများ မကြည့်ရှုပါနဲ့။ နှလုံးအထူးကုဆရာဝန်ပြပြီး ညွှန်ကြားချက်ကို လိုက်နာပါ။ တိုင်းရင်းဆေးနဲ့ တစ်ဖက်တစ်လမ်းမှ ကုသလိုလျှင် ဗောဓိညောင်အခေါက်အမှုန့်ကြိတ်ပြီး ပျားရည်နဲ့တေစားရပါတယ်။ (အာယုဗေဒဆေးကျမ်းပါနည်း) (တစ်နည်း) ဥသျှစ်သီးကင်းအခြောက်လှန်း အမှုန့်ကြိတ် ပျားရည်နဲ့ရောစား။ (တစ်နည်း) ရဲယိုသီးအမှည့်ကို ပျားရည်နဲ့ခေါက် တစ်နေ့တစ်လုံးစားပါ။ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၁၆) အပူငြိမ်းသွေးဆေးမှာ ကံ့ကော်ဝတ်ဆံထည့်ပြီး သောက်လျှင် နှလုံးအမောရောဂါ သက်သာစေပါတယ်။

**ဆရာကြီးရှင့်၊ သမီးက မလေးရှားမှာ အလုပ်လုပ်တာပါ။ သမီးခြေဖနောင့်က ရောင်ပြီး မနက်အိပ်ရာထရင် ထောက်လို့မရအောင်နာနေပါတယ်။ သက်သာစေမယ့်နည်းလေးသိပါရစေရှင့်။**

ညအိပ်ရာဝင် ဆားနင်းပြီး ဒူးအထက်မှအောက်သို့ ရေလောင်းခြေဆေးပါ။ သက်ရင်းကြီးရွက်ကို ဆားနဲ့ထောင်း ဖနောင့်မှာစည်းပါ။ နံနက်ထရင် ဖြေပါ။ ၁၄ ရက်ခန့်စည်းရင် ပျောက်ကင်းနိုင်ပါတယ်။ မလေးရှားမှာ သက်ရင်းကြီးရွက် မရနိုင်ရင် (တစ်နည်း) ဖနောင့်ကို ပျားရည်လိမ်းပြီး ကြွပ်ကြွပ်အိတ်စွပ်အိပ်ပါ။ နံနက်ထမှဖြေပါ။ ပျားရည်သတ္တိက အသားကြေနာကို သက်သာစေပါတယ်။

**ကျွန်မတူလေးတစ်ယောက် သစ်ပင်ပေါ်တက်ပြီး ပျားအုံကို နင်းမိတာ ပျားတုပ်ခံရပါတယ်ရှင့်။ မနေ့က ပျားတုပ်တဲ့ နေရာမှာ နီရဲနေပြီး မီးစနဲ့တို့ဆိုလို့ ထင်းမီးစရဲရဲနဲ့ မထိအောင်တင်ပေးပါတယ်။ ဒီနေ့ မနက်ထတော့ ခြေခုံတစ်ခုလုံးရောင်ပြီး မထောက်နိုင်ဖြစ်နေပါတယ်။ ဘာဆေးလိမ်းရမလဲရှင့်။**

ပျားတုပ်ရင်တုပ်တဲ့နေရာမှာ အပေါက်ရှိရင် ပျားအစွယ်ပြန်ထွက်အောင် မရိုးပင်ချိုးပြီး အစေးနဲ့တို့ပေးရပါတယ်။ အချို့ကလည်း ကြက်သွန်ဖြူကိုထောင်းပြီး အုံစည်းရင် ပျားဆိပ်မတက်ဘူး ပြောပါတယ်။ ပျားတုပ်ပြီးရောင်ရင် ပျားရည်နဲ့နနွင်းရောလိမ်းပေးရပါတယ်။ လိမ်းပြီးလေလုံအောင် ပတ်တီး (သို့မဟုတ်) အဝတ်စစည်းထားပါ။ မျက်နှာနဲ့ နဖူးမှာ ပျားတုပ်ရင်တော့ နကျယ်အိမ်(အဟောင်း) သွေးလိမ်းရပါတယ်။

**ဆရာမင်္ဂလာပါ။ ကျွန်တော့်အမေရဲ့ ခါး၊ လက်တွေမှာ ယားနာခြောက်တွေ ပေါက်နေပါတယ်။ အနာလေးတွေက စထွက်ရင် သေးသေးလေးတွေထွက်ပြီး နောက်မှ ကြီးကြီး လာတာပါ။ အဲလိုဖြစ်နေတာ ကျွန်တော့်ကို ဆေးနည်းလေး ကျေးဇူးပြုပြီးပြောပြပေးပါဆရာ။**

ခရေပွင့်ခြောက်ကို အမှုန့်ပြု၍ သနပ်ခါးနဲ့ ရောလိမ်းပါ။ (တစ်နည်း) ခံပင်၏အမြစ်ကို သွေး၍ နှမ်းဆီဖြင့် စပ်လိမ်းပါ။ (တစ်နည်း) ကြက်သွန်ဖြူကို ထောင်း၍ အုန်းဆီနှင့် ရောလိမ်းပါ။ (တစ်နည်း) တမာရွက်ပြုတ်ရည်နဲ့ ရေချိုးပါ။ တမာရွက်ပြာချ အုန်းဆီ (သို့မဟုတ်) သနပ်ခါးဖြင့်စပ်လိမ်းပါ။ အသားကွက်၍ ယားလျှင် သနပ်ခါးနှင့်ဆားစပ်၍ လိမ်းပါ။

**ဆရာခင်ဗျာ၊ ကျွန်တော်လည်ချောင်းနာနေတာ တစ်ပတ်ကျော်ပြီ မပျောက်သေးလို့ ကူညီပါဆရာ။**

တမာရွက်နဲ့ဆားပြုတ်ငုံပြီး အာလုတ်ကျင်းပေးပါ။ ပြည်ပန်းညိုရွက် ဟင်းချိုချက်သောက်ပါ။ ဆားခါးကိုလျှော် ညအိပ်ရာဝင် မန်ကျည်းဖျော်ရည်နဲ့ စပ်သောက်ပါ။ အပူဆင်းပြီးသက်သာပါတယ်။ မန်ကျည်းခေါက်ကို သွေး လည်ပင်းမှာလိမ်းပါ။

**မင်္ဂလာပါဆရာ။ သမီးက ဗိုက်ခွဲမွေးထားပါတယ်။ ရက်ပိုင်းပဲရပါသေးတယ်။ ဝမ်းချုပ်ပြီး ဝမ်းသွားတာမရလို့ပါ ဆရာ။ နို့တိုက်မိခင်ဖြစ်နေလို့ပါဆရာ။ ဆေးနည်းလေးရှိရင် ဖြေကြားပေးပါဆရာ။ ကျေးဇူးတင်ပါတယ်။**

ဆားခါးကိုလျှော်ပါ။ ဖန်ပုလင်းနဲ့ထည့်ထားပါ။ ဟင်းစားဇွန်း တစ်ဇွန်းမှ နှစ်ဇွန်းအထိသောက်နိုင်ပါတယ်။ ရှောက်ရည်၊ မန်ကျည်းဖျော်ရည်နဲ့ စပ်သောက်လို့လည်း ရပါတယ်။ နို့တိုက်မိခင်လည်း သောက်လို့ရပါတယ်။ ကလေးနဲ့လည်းတည့်ပါတယ်။ မြန်မာဆားခါး၊ အင်္ဂလိပ်ဆားခါးနှစ်မျိုးရှိပါတယ်။ ဆားခါးထုပ်ကို Apson Salt ဆိုပြီး ဆေးဆိုင်များမှာ ဝယ်ရပါတယ်။ အရေးပေါ်ဝမ်းချုပ်စမြင်းခံလျှင် ရှောက်ရည် သုံးဇွန်း၊ ပျားရည် တစ်ဇွန်း၊ ဆားခါး နှစ်ဇွန်း စပ်သောက်ပါ။

**ဆရာကြီးခင်ဗျာ၊ ကျွန်တော့်အမျိုးသမီးက ဆီးခဏခဏသွားချင်နေပြီး ဆီးကျင်နေသလိုခံစားနေရလို့ပါခင်ဗျ။ ဆေးနည်းလေး ပြောပြပေးပါဦးဆရာ။ ဆရာကြီး ကျန်းမာပါစေခင်ဗျာ။**

ပူစပ်ချဉ်အစာများ ရှောင်စားပါ။ သံပရာရည်ကို သကြားနဲ့ဖျော်သောက်ပါ။ မြင်းခွာရွက်ကို ကြက်သွန်ဖြူနဲ့ ဟင်းချိုချက်သောက်ပါ။ ကုန်းထိကရုံးပင်ပြုတ်ရည် မတ်ခွက်တစ်လုံးမှာ ပျားရည်ဟင်းစားဇွန်း တစ်ဇွန်း ထည့်သောက်ပါ။ ညဘက်ဆီးများလျှင် ကြက်သွန်နီဥ ပါးပါးလှီး ဆီးခုံမှာကပ်အိပ်ပါ။

**မင်္ဂလာပါဆရာ။ ကျွန်တော့်ပေါင်မှာ အနာပေါက်ရာကနေ ညှော်မိပြီးရောင်နေပါတယ်။ ဘယ်လို ဆေးကို သောက်ပြီးလိမ်းရမလဲခင်ဗျာ။**





ညှော်မိလျှင် ကြိတ်မှန်ရွက်ကို ထန်းလျက်နဲ့ရောကျိုသောက်ပါ။ ရေနွေးပူပူတွင် ရှောက်ရွက်ကိုထည့် ကြက်သွန်ဖြူဥ တစ်လုံးနှင့် ငရုတ်ကောင်းမှုန့်များ ထည့်သောက်ပါက ညှော်မိအနာဝင် သက်သာစေပါတယ်။

**ဆရာ၊ ကျွန်မအသက် ၅၆ နှစ်ပါ။ လေတိုက်ခံရာကနေ အညောင်းမိပြီး ကိုယ်လက်တွေ မသယ်ချင်သလိုဖြစ်နေပါတယ်။ ဆေးနည်းတိုလေးများရှိရင် ကျွန်မကို လမ်းညွှန်ပေးပါဆရာ။**

ကြောင်ပန်းရွက်၊ မြင်းခွာရွက်၊ တောဆီးဖြူရွက် သုံးမျိုးကို သုံးခွက်တစ်ခွက် တင်ပြုတ်သောက်ပါ။ (တစ်နည်း) ဟင်းဂလာအရိုင်းပင်ကို ပြုတ်ပြီး ပျားရည်နဲ့စပ်သောက်ပါ။ (တစ်နည်း) ကြံရည်နှင့် ဆီးဖြူသီး ကြိတ်၍ရသောအရည်ကို ရောစပ်၍သောက်ပါ။

**ဆရာ၊ ကျွန်တော် တန်းလျားခုံရှည်ပေါ် အိပ်ရာကနေ ဇက်လှည့်မရ ဖြစ်နေလို့ပါဆရာ။ အုံးလွဲသွားတာလား၊ အကြောနာသွားတာလားမသိလို့ ဆေးနည်းလေး ပြောပြပေးပါဆရာ။**

မုန်ညင်းဆီကို မီးနွေးပြီး ဇက်နှင့်လက်ပြင်တွင် လိမ်းပါ။ ဆားကို အဝတ်ဖြင့်ထုပ် အပူပေးပြီး ဆားကြပ်ထုပ်ထိုးပေးပါ။ ခေါင်းအုန်းကို နေပူလှန်းပြီး တုတ်ဖြင့် (လက်ပြင်ငုပ်သူက) ရိုက်ပေးလျှင် သက်သာသည်။ (ရှေးထုံး) ကြေးဖလားကို မီးကင်ပြီး ဇက်ပိုးတွင် အုပ်ပေးလျှင် အုံးလွဲသက်သာစေပါတယ်။

**ဆရာ၊ ကျွန်တော့်သားလေးက ၁၁ နှစ်ပါ။ ပါးစပ်မှာ အနာပေါက်နေပါတယ်။ ပါးစပ်ဟလိုက်ရင် နာတယ်လို့ပြောပါတယ်။ သက်သာပျောက်ကင်းစေမယ့် ဆေးနည်းလေးပြောပြပေးပါခင်ဗျာ။**

ပါးစပ်ဟလျှင် ကွဲသောအနာကို ကျီးကန်းပါးစပ် အနာလို့ခေါ်ပါတယ်။ ဆေးနည်းကတော့ လေးညှင်းပွင့်ကို ကြိတ်ပြီး ပျားရည်ဖြင့်ရော၍ တို့ပေးပါ။ ကွမ်းရွက်အရည်ညှစ်ပြီး သနပ်ခါးနဲ့ ရောတို့ပေးပါ။ နှုတ်ခမ်းကွဲပြီး အဖတ်လန်လျှင် အလှူဆီ၊ သံလွင်ဆီ၊ အုန်းဆီတို့ပေးပါ။ (တစ်နည်း) မန်ကျည်းသီး အစေ့ကိုသွေး၍ လိမ်းပေးပါ။ (တစ်နည်း) ထောပတ်ဆီနဲ့ နှမ်းဆီရော၍ လိမ်းပေးပါ။ ထမင်းရည်ပူပူကို ဆားခတ်ပြီး သောက်ပေးပါ။

# သဘာဝမင်းသားကြီး ထွန်းဝေ



မဟာဇာတိက သူဌေး၊ ဆားပုလင်းနှင်းမောင်နှင့် ပိတုန်းသုံးကောင်၊ ထောင်မင်းသားဖိုးထော်နှင့် ယမင်းရုပ်၊ ဂျင်ပေါ်ကထုံး၊ အတ္တအကျဉ်းသား၊ ဂျမ်းမ၊ ပြောပြန်ရင်လည်းအောင်မင်းလွန်ရာကျမယ်၊ ဟသ်ာလည်းငှက် ကျီးလည်းငှက်၊ မုဆိုးနဲ့ကျား၊ အဗ္ဗပါလီ၊ ဘုံရှင်းတမ်း၊ စိတ်၊ သမားတော်ကြီး မဟာဇီဝက၊ ရွှေနဲ့ကွပ်တော့ ရွှေမင်းသားတို့ ဖြစ်သည်။

အနေတည်သည် အသံဩဇာကောင်းပြီး စကားပြောရာတွင် လေယူလေသိမ်း မှန်မှန်ဖြင့် စကားလုံးကို တစ်လုံးချင်း ပီသအောင် ပြောသည်။ ကြားရသူ နားလည်လွယ်ပြီး အသံသည် လုံးထွေးမနေ ကြည်လင်ပြတ်သားသည်။ သရုပ်ဆောင်ရာတွင်လည်း ဒါရိုက်တာသင်ပေး၍ ပြောရသည်နှင့်မတူ၊ အပြင်မှာ ပြောနေသည့်အလား သဘာဝကျ၏။ မင်းသားပုံပေါက်ရန် အိုက်တင်တွေ၊ ဂိုက်တွေမလုပ်၊ အရှိကို အရှိအတိုင်း၊ သဘာဝအတိုင်း သရုပ်ဆောင်လေ့ရှိသည့်အတွက် ပရိသတ်က သဘာဝမင်းသားဆိုပြီး လေးစားချစ်ခင်ကြသည်။ ပြောပုံ၊ ဆိုပုံ ဟန်ပန် အမူအရာများသည် အများနှင့်မတူ တစ်မူထူးခြားပြန်သည်။ အသံ ကြားသည်နှင့် ဘယ်သူဆိုတာ အတတ်သိကြသည်။ မြန်မာ့ရုပ်ရှင်လောကတွင် ကောလိပ်ဂျင်နေဝင်း၊ ဝင်းဦး၊ တွံတေးသိန်းတန်၊ သုမောင်၊ ဦးကျော်လုံး၊ ဦးသိန်းမောင်၊ ဒေါ်မြလေး၊ မော့စ်တို့သည်လည်း အများနှင့်မတူ အသံနှင့် ဟန်ကို မူပိုင်ယူထားသကဲ့သို့ ထူးခြားသော အသံရှင်များဖြစ်ကြသည်။

မင်းသားကြီး ထွန်းဝေကို အဘ ဦးကျော်စိန်၊ အမိ ဒေါ်ရွှေရင်တို့က ၂၃-၁၀-၁၉၂၀ ရက်တွင် ပဲခူးတိုင်း နတ်တလင်းမြို့၌ မွေးဖွားခဲ့သည်။ ၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်အတွင်း တရုတ်ပြည် ချုံကင်းမြို့၌ စာနယ်ဇင်းပညာများ သင်ကြားခဲ့ပြီး ၁၉၄၇ ခုနှစ်တွင် ရန်ကုန်မြို့၌ နယ်ခြားသတင်းထောက်အဖြစ် "နေ့စဉ်လမ်းညွှန်" သတင်းစာတိုက်တွင် ဝင်ရောက်လုပ်ကိုင်သည်။ ၁၉၄၉ ခုနှစ်တွင် မန္တလေးမြို့ "ဘဝသစ်" နေ့စဉ် သတင်းစာတိုက်၌ အယ်ဒီတာချုပ်အဖြစ် ပြောင်းရွှေ့လုပ်ကိုင်ခဲ့ပြန်သည်။

စာနယ်ဇင်းလုပ်ငန်း၌ လုပ်ကိုင်နေရသော်လည်း သူ၏ဝါသနာမှာ ရုပ်ရှင်ဖြစ်သည်။ သူ၏ ပင်ကိုဗီဇနှင့် ဝါသနာကို အတွင်းကျကျသိသည့် စာရေးဆရာကြီး သိန်းဖေမြင့်က လူမှန်၊ နေရာမှန် ဖြစ်စေရန် ဗြိတိသျှဘားမားရုပ်ရှင်သို့ ပို့သည်။ ထိုသို့ဖြင့် ဒါရိုက်တာ ရွှေဒုံးဘီအောင်နှင့်ဆုံတွေ့ကာ ဆရာရင်းအဖြစ်ခံယူပြီး ၎င်းထံမှ ရုပ်ရှင်ပညာများ သင်ယူခဲ့သည်။ အောက်ခြေမှစ၍ ကားကူး၊ ကားဆေး၊ ကားဆက်နှင့် ကင်မရာပညာများ လေ့လာသင်ယူရင်း ရုပ်ရှင်လောကသားများနှင့် အဆင်ပြေအောင် ပေါင်းသင်းပြီး ဗြိတိသျှဘားမားရုပ်ရှင်မှ ရိုက်ကူးသည့် ဇာတ်ကားများတွင် လူကြမ်း၊ ဇာတ်ရံစသဖြင့် လူလိုပါက ဝင်ရောက်ရိုက်ကူးသည်။

ပွဲဦးထွက် ဇာတ်ရံအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ရသော ဇာတ်ကားမှာ ၁၉၅၂ ခုနှစ်တွင် ဒါရိုက်တာ ဦးချစ်ခင် ရိုက်ကူးသည့် "ချစ်ရေးမလွယ်" ဇာတ်ကားဖြစ်သည်။ ထိုဇာတ်ကားတွင် တောခိုသူပုန် ဗိုလ်လင်းယုန်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ဇာတ်ရံအဖြစ်နှင့်ဆက်လက်၍ ရိုက်ကူးသော ဇာတ်ကားမှာ ဒါရိုက်တာ ဦးသုခ ရိုက်ကူးသည့် "သည်ဆောင်းဟေမာန်" ဖြစ်သည်။ ထိုကားမှစတင်၍ ပရိသတ်က သတိပြုမိလာသလို သတင်းစာအချို့ကလည်း သရုပ်ဆောင်ကောင်းကြောင်း ချီးကျူးလာသည်အထိ အောင်မြင်မှုရခဲ့သည်။

ဇာတ်ရံအဖြစ်မှတစ်ဆင့်တက်၍ ဒုတိယခေါင်းဆောင်မင်းသားအဖြစ် ၁၉၅၃ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ ရိုက်ကူးခဲ့သော ဇာတ်ကားများမှာ ဒါရိုက်တာ ရွှေဒုံးဘီအောင် ရိုက်ကူးသည့် "မာလာရီ"၊ "ပွဲခါညောင်ရေ"နှင့် "ဒေါက်တာအောင်ကျော်ဦး" ဇာတ်ကားများ၊ ဒါရိုက်တာ လှဦး၏ "ဖူးစာနှစ်ခိုင်"၊ ဒါရိုက်တာ ချစ်ခင်ရိုက်ကူးသည့် "ဖြေလျှော့ခွေ"တို့ ဖြစ်သည်။ ၎င်းကားများကြည့်ပြီး ပရိသတ်က အကြိုက်တွေ့လာသည်။ တစ်ဆင့်တက်၍ ခေါင်းဆောင်မင်းသားအဖြစ် ရိုက်ကူးသည်ကို မြင်တွေ့လိုကြသည်။ ဒါရိုက်တာများကလည်း ပရိသတ်၏ အထာကိုသိသဖြင့် မင်းသားတင်ရိုက်ကူးရန် စိုင်းပြင်းနေစဉ် ကန်တော်မိတ်ရုပ်ရှင်မှ ဒါရိုက်တာ နေဒွန်းက "ဘုန်နဲ့ဘောက်" ဇာတ်ကားတွင်လည်းကောင်း၊ ဘီဘီဘီ ဖလင်မှ ဒါရိုက်တာ ဦးချစ်စိန်က "ဗိုလ်မြဒင်" ဇာတ်ကားတွင် လည်းကောင်း ခေါင်းဆောင်မင်းသားအဖြစ် တင်ရိုက်လိုက်သောအခါ တိုင်းသိပြည်သိ နိုင်ငံကျော်မင်းသားအဖြစ်သို့ ရောက်ရှိခဲ့သည်။

ကွယ်လွန်ချိန်အထိ ရုပ်ရှင်သက်တမ်း ၃၈ နှစ်အတွင်း ခေါင်းဆောင်မင်းသား၊ ဒုတိယခေါင်းဆောင်မင်းသားနှင့် ဇာတ်ပို့အဖြစ် ရိုက်ကူးခဲ့သော ဇာတ်ကားပေါင်း ၁၀၀ ကျော်ရှိသည်။ ၁၉၅၇ ခုနှစ်တွင် ဒါရိုက်တာ ဦးချစ်စိန် ရိုက်ကူးသည့် "ဗိုလ်မြဒင်" ဇာတ်ကားဖြင့် လည်းကောင်း၊ ၁၉၅၉ ခုနှစ်တွင် သာခုရုပ်ရှင်မှ ဒါရိုက်တာ သာခု ရိုက်ကူးသည့် "ကကြိုးရေက"၊ ဒါရိုက်တာ မျိုးအောင် ရိုက်ကူးသည့် "ချစ်တော့ချစ်တယ်"၊ ဒါရိုက်တာ ကျော်သန်း ရိုက်ကူးသည့် "ဗိုလ်အောင်နိုင်" ဇာတ်ကား သုံးကားဖြင့် လည်းကောင်း၊ ၁၉၈၃ ခုနှစ်တွင် "တတိယအရွယ်၏ ဒုတိယဝေဒနာ" ဇာတ်ကားဖြင့် လည်းကောင်း အကယ်ဒမီရခဲ့သည်။

မင်းသားကြီး ထွန်းဝေသည် စိန်မာဒင်ဇာတ်အဖွဲ့နှင့် တွဲဖက်ပြီး ပြဇာတ်များလည်း ကပြခဲ့သည်။ ထို့ပြင် ကက်ဆက်ဇာတ်လမ်းခွေများ ခေတ်ကောင်းခဲ့စဉ်က ကောလိပ်ဂျင်နေဝင်း၊ မောင်ကြေးမုံ၊ ဘီအီးဒီ အောင်သိုက်၊ ပန်းချီလေးဝင်း၊ တွံတေးသိန်းတန်၊ အသံမင်းသား နိုင်လင်း၊ ကလပ် ကြေးမုံ၊ တို့တင်ဌေး တို့နည်းတူ အပြိုင်အဆိုင်ဇာတ်လမ်းများ ဖန်တီးထုတ်လုပ်ကြရင်း ပရိသတ်နှစ်ခြိုက်စွာ အားပေးခြင်းခံခဲ့ရသည်။ မင်းသားကြီး ထွန်းဝေ၏ အသံဇာတ်လမ်းများအနက် အောင်မြင်ကျော်ကြားသည့် ကက်ဆက်ဇာတ်လမ်းအချို့မှာ ကကြိုးရေက၊ နဂါးနိုင်မင်းသား၊ ပုဏ္ဏားဘကွန်း၊ ဝရမ်းပြေးဘခက်၊ မဟာဇောတိက သူဌေး၊ ဆားပုလင်းနှင်းမောင်နှင့် ပိတုန်းသုံးကောင်၊ ထောင်မင်းသားဖိုးထော်နှင့် ယမင်းရုပ်၊ ဂျင်ပေါ်ကထုံး၊ အတ္တအကျဉ်းသား၊ ဂျမ်းမ၊ ပြောပြန်ရင်လည်းအောင်မင်းလွန်ရာကျမယ်၊ ဟသ်ာလည်းငှက် ကျီးလည်းငှက်၊ မုဆိုးနဲ့ကျား၊ အဗ္ဗပါလီ၊ ဘုံရှင်းတမ်း၊ စိတ်၊ သမားတော်ကြီး မဟာဇီဝက၊ ရွှေနဲ့ကွပ်တော့ ရွှေမင်းသားတို့ ဖြစ်သည်။

၁၉၅၂ ခုနှစ်တွင် တရုတ်ပြည် ပီကင်းတွင်ကျင်းပသော အာရှနှင့် ပစိဖိတ် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ ၁၉၅၆ ခုနှစ်နှင့် ၁၉၆၀ ပြည့်နှစ်တွင် မြန်မာ့ရုပ်ရှင်ပညာရှင်များ ကိုယ်စားလှယ်အဖြစ် လည်းကောင်း တရုတ်ပြည်သို့ သွားရောက်ခဲ့သည်။

မင်းသားကြီး ထွန်းဝေသည် ဒေါ်စောနှင့် လက်ထပ်ခဲ့ရာ ဒေါ်စော ကွယ်လွန်သည့်အခါ ဒေါ်ထွေးထွေးနှင့် ထပ်မံအိမ်ထောင်ပြုခဲ့ပြီး သားနှစ်ယောက် ထွန်းကားခဲ့သည်။ ၁၃-၈-၂၀၀၅ ရက်တွင် ကွယ်လွန်သွားခဲ့သည့် မင်းသားကြီး ထွန်းဝေ (ဦးထွန်းဝေ) ကောင်းရာသုဂတိလားပါစေ။

**တင့်လွင်ဦး (စီးပွားရေးတက္ကသိုလ်)**
**ကျမ်းကိုး-မြန်မာ့စွယ်စုံကျမ်း။**

# HMD Global နှင့် အူရီဒူးတို့ပူးပေါင်းကာ တန်ဖိုးသက်သာသည့် Nokia 1 အမျိုးအစား စမတ်ဖုန်းကိုပြည်တွင်း၌မိတ်ဆက်



HMD Global နှင့် အူရီဒူးမြန်မာတို့ ပူးပေါင်းပြီး Nokia 1 ဟန်းဆက်ကို မြန်မာနိုင်ငံတွင်စတင်မိတ်ဆက်ပေးလိုက်ကြောင်းသိရသည်။ Nokia 1 စမတ်ဖုန်းကို ဆန်းသစ်ထားသည့်ဒီဇိုင်းဖြင့် မိတ်ဆက်ပေးထားပြီး Nokia ဖုန်းများကို နှစ်သက်သူများအတွက် အရည်အသွေးကောင်းမွန်သော စမတ်ဖုန်းတစ်လုံးအပေါ် ခြုံငုံထားသော Feature များအားလုံးပါရှိသဖြင့် သုံးစွဲသူအနေဖြင့် အတွေ့အကြုံကောင်းများ ရရှိမည်ဖြစ်ပြီး တန်ဖိုးအားဖြင့် သက်သာသည့် စမတ်ဖုန်းဖြစ်သည်။ Quad-Core Processor၊ ရှေ့ 2MP ကင်မရာနှင့်နောက် 5MP ကင်မရာ၊ 4G ကွန်ရက်အသုံးပြုနိုင်မှုနှင့် 2150mAh သက်တမ်းရှိ လဲလှယ်နိုင်သောဘက်ထရီနှင့် ပါဝါစွမ်းဆောင်ရည်ကောင်းသော IPS မျက်နှာပြင်ပါဝင်သည့် 4G ကွန်ရက်အသုံးပြုနိုင်သော ဆင်းကတ်နှစ်ကတ်ထည့်ပြီး အသုံးပြုနိုင်မည့် ဟန်းဆက်ဖြစ်ကြောင်း သိရသည်။

1GB RAM နှင့်အောက် ပစ္စည်းများကို Android Oreo လည်ပတ်မှုစနစ်ကိုအသုံးပြုပြီး ပြုလုပ်ပေးထားသော သုံးရလွယ်ကူပေ့ါပါးသည့် အက်ပလီကေးရှင်းများကို ကြိုတင်ထည့်သွင်းပေးထားခြင်းကြောင့် Android Nougat နှင့်နှိုင်းယှဉ်လျှင် ဖိုင်သိုလှောင်ထားနိုင်မှု နှစ်ဆပိုများပါသည်။ သိုလှောင်သိမ်းဆည်းမှုအတွက် 8GB ပမာဏပါဝင်ပြီး Micro SD 128GB အထိထပ်မံထည့်သွင်းအသုံးပြုနိုင်မည်ဟုသိရသည်။

HMD Global ၏ မလေးရှားနိုင်ငံနှင့် မြန်မာနိုင်ငံအတွက် Country Manager ဖြစ်သူ Mr. Vijay Thangavelu က "မြန်မာနိုင်ငံမှာ Feature ဖုန်းအသုံးပြုသူတွေ စမတ်ဖုန်းပြောင်းလဲအသုံးပြုလာတဲ့ ခေတ်ရေစီးကြောင်းနှင့်အညီ Nokia 1 ဟန်းဆက်ဟာ feature ဖုန်းကနေ စမတ်ဖုန်းကို ပြောင်းလဲအသုံးပြုသူတွေ နှစ်ခြိုက်စေမယ့် ဟန်းဆက်တစ်ခုဖြစ်လာမယ့် အလားအလာကိုတွေ့မြင်နေရပါတယ်၊ Feature ဖုန်းတွေရဲ့ ဈေးကွက်ထဲမှာ ဦးဆောင်ခဲ့သူဖြစ်တာနဲ့အညီ သုံးစွဲသူတွေအနေနဲ့ Feature ဖုန်းကနေ စမတ်ဖုန်းကို ပြောင်းသုံးတဲ့အခါမှာတွေ့ရမယ့် အတားအဆီးတွေ၊ စိန်ခေါ်မှုတွေကို ကျွန်တော်တို့ နားလည်သဘောပေါက်ထားပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ဟာ ပေးရတာနဲ့အတန်ဆုံးဟန်းဆက်ဖြစ်လာအောင် Nokia 1 ဟန်းဆက်ကို မိတ်ဆက်ပေးခြင်းဖြစ်ပါတယ်" ဟုပြောကြားခဲ့သည်။ အရောင်နှစ်မျိုးရွေးချယ်နိုင်သည့် Nokia 1 ကို ဇွန် ၁၅ ရက်မှစတင်၍ Nokia အရောင်းကိုယ်စားလှယ်ဆိုင်များ၊ Cyber City နှင့် အူရီဒူးအမှတ်တံဆိပ်အရောင်းဆိုင်များတွင် ကျပ် ၁၁၀၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စာဏီ**



# ၂၀၁၈ ပညာသင်နှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ စာသင်ကျောင်းများတွင် အခမဲ့အင်တာနက်များ တပ်ဆင်ပေးသွားမည်

မြန်မာနိုင်ငံ၏ စတုတ္ထမြောက်ဆက်သွယ်ရေး အော်ပရေတာဖြစ်သော Mytel မှ မြန်မာနိုင်ငံအတွင်းရှိ စာသင်ကျောင်းများတွင် ၂၀၁၈ ခုနှစ်အတွင်း အခမဲ့အင်တာနက်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကျောင်းပေါင်း ၅၀ ခန့်အထိ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် ကရင်ပြည်နယ်၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး အစရှိသောဒေသအချို့ရှိ ကျောင်းပေါင်း ၁၃ ကျောင်းတွင် အင်တာနက်ကျောင်းတော်အစီအစဉ်ဖြင့် အခမဲ့ အင်တာနက်များ တပ်ဆင်ပေးထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အနာဂတ်ကာလများတွင် ပညာရေးလမ်းကြောင်းအား ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းလုပ်ဆောင်နိုင်ရန် အင်တာနက် ကျောင်းတော် အစီအစဉ်အဖြစ် ယခုကဲ့သို့စာသင်ကျောင်းများအား အခမဲ့အင်တာနက်လိုင်းများအပြင် ပညာရေး အထောက်အကူပြု ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ သတင်းအချက်အလက်နှင့်နည်းပညာဆိုင်ရာ စာသင်ခန်းများကိုလည်း ဆက်လက်အထောက်အပံ့ပေးသွားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အရ မြန်မာနိုင်ငံရှိ စာသင်ကျောင်းပေါင်း ၁၀၀၀ ကျော်တွင် ဖိုက်ဘာနည်းပညာဖြင့် အကန့်အသတ်မဲ့ အင်တာနက် အမြန်နှုန်း 2MB နှုန်းဖြင့် အခမဲ့ အင်တာနက် ဝန်ဆောင်မှုများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံတစ်နိုင်ငံကို မြှင့်တင်ပေးဖို့စဉ်းစားတဲ့အခါ ပညာရေးကဏ္ဍမှာ မြှုပ်နှံခြင်းက အကောင်းဆုံးနည်းလမ်းတွေထဲက တစ်ခုဖြစ်ပါတယ်၊ Mytel ကလုပ်ဆောင်သွားမယ့် အင်တာနက်ကျောင်းတော်အစီအစဉ်ကနေ မြန်မာနိုင်ငံက ကျောင်းသား ကျောင်းသူတွေကို အဆင့်မြင့်ကောင်းမွန်တဲ့လေ့လာသင်ယူစရာ ပညာရေးအထောက်အပံ့တွေကို ပေးသွားဖို့ အလေးထားလုပ်ဆောင်သွားမှာဖြစ်ပါတယ်" ဟု Mytel ၏ ပြင်ပဆက်ဆံရေးအရာရှိချုပ် ဦးဇော်မင်းနိုင်က ပြောကြားခဲ့သည်။

ALEX




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## မဟာသမယသုတ်တော်(၇)သုတ်



နတ်လူစရိုက် အကြိုက်ပြည့်ဝ လိုတရစေသော ဓမ္မာစရိယ ဦးအောင်ကျော်မိုး စီစဉ်သည့် မဟာသမယသုတ်တော် (၇)သုတ် စာအုပ်ထွက်ရှိလာသည်။

အရှင်ဉာဏောဘာသသည် ညအချိန်တွင် မဟာသမယသုတ်တော်ကို အကြိမ်ကြိမ်ရွက်ဖတ်စဉ် ညတစ်ညရွတ်ပြီးချိန်တွင် ညာဘက်လက်မောင်း တစ်ခုလုံး တဆတ်ဆတ်တုန်လှုပ်နေသည်ကိုတွေ့ရ၍ ထူးခြားနေပြီဟုသိလိုက်သည်။ တစ်ခါမှ ဒါမျိုးမဖြစ်ဖူး၍ ကြောက်လန့်မိကာ အနားရှိ ရဟန်းတော်တို့ကို လှမ်းခေါ်လိုက်သည်။ ဟုတ်တယ် ကိုယ်တော် လှုပ်နေတယ်၊ ဘုန်းကြီးဦးသုဒဿနကိုသွားပင့်သည်။ ဘုန်းကြီးဦးသုဒဿန ကြွလာကာလှုပ်နေသည်ကိုကြည့်ပြီး သဘာဝသွေးသားအတိုင်းလှုပ်နေသည်မဟုတ်ဟု သိလိုက်ကာ လက်မောင်းကိုဆွဲပြီး လှုပ်နေတဲ့သူ မလှုပ်နဲ့တော့၊ အရှိအတိုင်းကိုယ်ထင်ပြလိုက်စမ်းဟုမိန့်လိုက်ရာ နတ်မင်းကြီးတစ်ပါး ရဟန်းတို့အလယ်တွင် ဘွားခနဲပေါ်လာကာ ပြန်ပျောက်သွားကြောင်း အဆိုပါစာအုပ်တွင်ရေးသားထားသည်။

စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ် - ၂၁၇(ပထမထပ် - ဝဲ)၊ ၃၉ - လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၁ - ၈၃၉၂၈၃၅နှင့် ၀၉ - ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ်၁၀၀၀ဖြင့် ဖြန့်ချိသည်။

## မဂ္ဂင်ရှစ်ပါးမြတ်တရားမြန်မာ–အင်္ဂလိပ်အဘိဓာန်



ဗုဒ္ဓဘာသာဝင်များသိရှိနိုင်စေရန် စာရေးသူ ဒေါက်တာဦးဉာဏဝရ စီစဉ်သည့် မဂ္ဂင်ရှစ်ပါးမြတ်တရား မြန်မာ-အင်္ဂလိပ် အဘိဓာန် စာအုပ်ထွက်ရှိလာသည်။

မဂ္ဂင်ရှစ်ပါး မြတ်တရား၏ အဓိပ္ပာယ် အမည်ကွဲ သရုပ်အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်စေရန် ပါဠိတော်လာသည့်အတိုင်း စုစည်းထားသည်။ ဘုရားဟောကြားတော်မူသည့် မူရင်းအဓိပ္ပာယ်ကို အင်္ဂလိပ်ဝေါဟာရဖြင့် မည်ကဲ့သို့သုံးနှုန်းထားသည်ကို သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ ရေးသားထားသည်။ ဗုဒ္ဓဘာသာဝင်များ တရားဓမ္မကိုသိရှိနားလည်ကာ ဗဟုသုတပြည့်စုံပြီးလက်တွေ့ကျင့်ကြံပွားများအားထုတ်နိုင်စေရန် ရည်ရွယ်၍ မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားထားသည်။

စာအုပ်ကို သုခီစာပေ၊ အမှတ် - ၁၀၊ ရွှေနှင်းဆီ(၃)လမ်း၊ (၂၅)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ - ၅၀၇၄၅၀၉နှင့် ၀၉ - ၅၀၀၉၉၂၄တို့မှ တန်ဖိုးငွေကျပ်၂၀၀၀ဖြင့် ဖြန့်ချိသည်။

## မြန်မာနိုင်ငံနှင့်အမျိုးဘာသာသာသနာ ကာကွယ်စောင့်ရှောက်ခြင်းများ



ဓမ္မာစရိယလွှမ်းအောင် စီစဉ်ရေးသားသည့် မြန်မာနိုင်ငံနှင့် အမျိုးဘာသာ သာသနာ ကာကွယ်စောင့်ရှောက်ခြင်းများ စာအုပ် ထွက်ရှိလာသည်။

မြန်မာပြည်ဖွားတိုင်းရင်းသားမျိုးနွယ်စု ၁၃၅စုတို့ဖြင့် စုစည်းထားပြီး ရှေးပဝေသဏီကတည်းကပင် ကိုယ့်မင်းကိုယ့်ချင်းဖြင့်နေထိုင်လာခဲ့ကြသော ပြည်ထောင်စုမြန်မာနိုင်ငံအမည်ဖြင့် ကမ္ဘာအလယ်တွင်ထင်ရှားစွာ တင့်တင့်တယ်တယ်နေထိုင်လာခဲ့ကြသည်။ ဘာသာအားဖြင့် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာနှင့် နတ်ကိုးကွယ်သူများရှိသည်။ ဗုဒ္ဓဘာသာဝင်များအတွက် မြတ်စွာဘုရားရှင်က ၄၅ ဝါ ကာလပတ်လုံး ဟောကြားဆုံးမတော်မူခဲ့သောဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်တည်းဟူသော တရားတော်အဆုံးအမများကို ယနေ့ထက်တိုင် သထုံမှ အရှင်အရဟံနှင့် ပုဂံမှ အနော်ရထာမင်းတို့ပြုစုပျိုးထောင်ခဲ့သော ကျေးဇူးတော်ကြောင့်ဖြစ်သည်။

စာအုပ်ကို အောင်ကျော်မြင့်စာပေ၊ ဦးဝိစက္ခဏာဘိဝံသ၊ ဘုရားဖြူတိုက်၊ ၅၂ - လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ - ၄၂၉၃၁၈၆၇၉နှင့် ၀၉ - ၂၅၀၉၀၃၅၈၀တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။

## အောင်မြင်ဖို့အချိန်




ယနေ့ခေတ်လူငယ်များ ဖတ်ရှုလေ့လာနိုင်စေရန် စာရေးဆရာချစ်နိုင် (စိတ်ပညာ)စီစဉ်ရေးသားသည့် အောင်မြင်ဖို့အချိန်စာအုပ် ထွက်ရှိလာသည်။

အောင်မြင်မှုကိုရရှိနိုင်ရန် ကမ္ဘာလောကထဲတွင် ကျွန်တော်တို့သည် ဘယ်လားရာအတိုင်းရွေ့လျားနေသလဲဆိုသည့် အချက်ပေါ်မှာပဲ မူတည်သည်။ အောင်မြင်လာသည့်လူနှင့် မအောင်မြင်သည့်လူ ကွာခြားမှု၏အရင်းခံသည် အချိန်ကိုတန်ဖိုးရှိရှိ သေသေချာချာ အသုံးချလေ့ရှိခြင်းနှင့် အချိန်ကို ပေါ့ပေါ့တန်တန်သဘောထားပြီး အချိန်ဖြုန်းနေခြင်းပင်ဖြစ်သည်။ မိမိကိုယ်မိမိ ယုံကြည်မှုရှိမှသာ ကြီးမားသောအောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်သည်။ အောင်မြင်မှုတစ်ခုရရှိရန် ယုံကြည်မှုရှိရမည်၊ ထက်သန်သောသင်ယူလိုစိတ်၊ ကြိုးစားအားထုတ်မှု၊ ရိုးသားဖြောင့်မတ်မှုနှင့် ဉာဏ်ရည်(သာမန်အထက်)တို့သည်မှတ်သားစရာ၊ လိုက်နာစရာ၊ ကျင့်သုံးစရာအခြေခံအချက်များ ဖြစ်ကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။

စာအုပ်ကို နိုင်စာပေ၊ အမှတ်(၁၅၀)၊ ရတနာလမ်း၊ ရတနာအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့က
ဖုန်း - ၀၉ - ၅၅၀၃၂၅၄၊ ၀၉ - ၇၃၂၂၄၅၂၄ တို့မှ တန်ဖိုးငွေကျပ်၂၀၀၀ဖြင့် ဖြန့်ချိသည်။

## ထူးချွန်ကျောင်းသားသုံး အင်္ဂလိပ်–မြန်မာအဘိဓာန်




ယနေ့ခေတ်ကျောင်းသားကျောင်းသူများ အင်္ဂလိပ်စာထူးချွန်ထက်မြက်စေရန် ဆရာဦးအောင်ခိုင်မြင့် စီစဉ်သည့် ထူးချွန်ကျောင်းသားသုံး အင်္ဂလိပ်-မြန်မာ အဘိဓာန်စာအုပ်ထွက်ရှိလာသည်။

အခြေခံပညာအထက်တန်းကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် အင်္ဂလိပ်စာလေ့လာလိုက်စားသူ ဝါသနာရှင်များအတွက်သာမက ရုံးသူ ရုံးသားများနှင့် ကုမ္ပဏီဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ဘာသာပြန်ဆိုသူများအတွက်ရည်ရွယ်၍ ထုတ်ဝေခြင်းဖြစ်သည်။ အဆိုပါစာအုပ်တွင် ဖော်ပြပါရှိသည့် စကားလုံးသစ်များမှာ မကြာသေးမီက ထုတ်ဝေခဲ့သော Oxford Advanced Learner's Dictionary (8th Edition) မှဖြစ်ပြီး ဤစကားလုံးများသည် ယင်းတို့၏မြှုပ်ထားသည့် အဓိပ္ပာယ်များကို မမြင်ဘဲ မကြည့်မိလျှင်ဖြစ်စေ၊ သို့မဟုတ် ပို၍သစ်ဆန်းသော စကားလုံးအဓိပ္ပာယ်ကို နားလည်စေရန်လိုအပ်ခဲ့လျှင်ဖြစ်စေ သိရှိနိုင်စေရန် ထည့်သွင်းဖော်ပြထားသည်။

စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ် - ၂၁၇(ပထမထပ် - ဝဲ)၊ ၃၉ - လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၁ - ၈၃၉၂၈၃၅နှင့် ၀၉ - ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ်၁၀၀၀၀ဖြင့် ဖြန့်ချိသည်။

## တရုတ်ပြည်အုပ်ချုပ်ရေးအခြေခံမူဝါဒ



တရုတ်ကွန်မြူနစ်ပါတီ (၁၉)ကြိမ်မြောက် အမျိုးသားကွန်ကရက်တွင် သမ္မတရှီကျင်းဖျင်ပြောကြားသောမိန့်ခွန်းကို စာရေးသူနိုင်ဦး စီစဉ်ရေးသားသည့် တရုတ်ပြည်အုပ်ချုပ်ရေး အခြေခံမူဝါဒ စာအုပ်ထွက်ရှိလာသည်။

ကွန်ကရက်၏ အဓိကရည်ရွယ်ချက်ကတော့ ကျွန်ုပ်တို့ရဲ့မူလမျှော်မှန်းချက်တွေ၊ တာဝန်တွေကို စိတ်ထဲမှာ မြဲမြဲမြံမြံစွဲမှတ်ထားပြီး ဆက်လက်တည်တံ့ရှင်သန်ရေး၊ တရုတ်ကြန်အင်လက္ခဏာနဲ့ ဆိုရှယ်လစ်အလံကို မြင့်မြင့်လွှင့်ထူရေး၊ သင့်တင့်လျောက်ပတ်ပြီး ဘက်ပေါင်းစုံကြွယ်ဝချမ်းသာသည့်လူ့အဖွဲ့အစည်း တည်ဆောက်ရာမှာ နောက်ဆုံးအဆင့်ကိုရောက်ရှိအောင်မြင်ရေး၊ အမျိုးသားအားသစ်အင်သစ်တွေနဲ့ တရုတ်အိပ်မက် အကောင်အထည်ဖော်ရာမှာ နောက်မဆုတ်တမ်း အလုပ်လုပ်ကြဖို့ဖြစ်တယ်၊ တရုတ်ကွန်မြူနစ်တွေရဲ့တာဝန်နဲ့ မူလမျှော်မှန်းချက်ဟာ တရုတ်ပြည်သူတွေအတွက် ပျော်ရွှင်မှုတွေရယူပေးဖို့ဖြစ်ကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။

စာအုပ်ကို ယဉ်မျိုးစာပေ၊ အမှတ် - ၂၇၄ ဘီ၊ လမ်း - ၄၀ (အပေါ်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ - ၇၃၂၀၁၅၈၆နှင့် ၀၉ - ၇၉၅၂၆၇၈၃၄တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။

## အရက်သောက်တတ်သလား




အရက်အနည်းငယ်မှီဝဲခြင်း၏ ကျန်းမာရေးအထောက်အကူပြုပုံကို ထဲထဲဝင်ဝင်သိရှိနိုင်စေရန် စာရေးသူ မင်းကျော်ဝင်းစီစဉ် ရေးသားသည့် အရက်သောက်တတ်သလား စာအုပ်ထွက်ရှိလာသည်။

ယနေ့မြန်မာပြည်တွင် လူအများစုသည် အရက်သောက်နေကြပြီး ယင်းတို့၏သောက်သည့်ပုံစံနှင့် ရည်ရွယ်ချက်များလွဲမှားနေသည်။ အရက်ကို ဆေးဝါးအဖြစ် အနည်းငယ်သာသုံးစွဲဖို့ဖြစ်သော်လည်း သောက်သည့်သူတွေ၏ ရည်ရွယ်ချက်က မူးချင်သည့်စိတ်မျိုးဖြစ်သောကြောင့် ပမာဏများစွာ သောက်သုံးကြသည်။ ထိုကဲ့သို့သောက်ခြင်းကြောင့် အရက်စွဲသွားကာ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးစသည့် အရေးခပ်သိမ်းများတွင် ရလဒ်ဆိုးများသာရရှိကြမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယောက်ျားအတော်များများသည် အရက်အလွန်အကျွံသောက်သုံးခြင်းကြောင့် လူသားအရင်းအမြစ်များဆုံးရှုံးနေကြောင်း သိရှိနိုင်စေရန် ရေးသားထားသည်။

စာအုပ်ကို သိမ့်ထိုက်စာပေ၊ အမှတ် - ၂၁၁(ဒုတိယထပ်)၊ ၃၂ - လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ - ၅၀၅၉၂၁၄နှင့် ၀၉ - ၂၅၀၆၄၈၃၆၂တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။

## Access 2016




ကွန်ပျူတာပညာကို လေ့လာလိုက်စားလိုသူများအတွက် စာရေးသူ Aung Myint (M.E., Australia) စီစဉ်သည့် Access 2016 စာအုပ်ထွက်ရှိလာသည်။

Access of Information များကိုစုဆောင်းပြီး ထိန်းချုပ်ဖော်ပြသည့် Data Base tools တစ်ခုဖြစ်သည်။ Table တစ်ခုတည်းမှာ data တွေစုပြီး သိမ်းဆည်းသည့် phone book လို simple database ထက်များစွာသာလွန်သည်။Access database မှာ အဓိကအားဖြင့် Tables, Forms, Queries နှင့်Reports ဆိုသော object လေးမျိုးပါဝင်သည်။ Access database အတွက် Tables သည်အဓိကဖြစ်သည်။ သို့သော် Access database ၏ အဓိကအင်အားမှာ Information တွေကို သိမ်းဆည်းနိုင်သော အစွမ်းမဟုတ်ပါ၊ စာဖတ်သူ သိလိုသည့်အချက်များကို မြန်မြန်နှင့် မှန်ကန်စွာ ရှာဖွေပေးသည့် Design လုပ်သူ၏ အရည်အချင်းဖြစ်သည်ကို နားလည်စေချင်သည်။ ထိုကဲ့သို့ database မျိုးကို relational databaseဟုခေါ်ကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။

စာအုပ်ကို အောင်မြင်စာပေ၊ အမှတ်(၁) အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့၊
ဖုန်း၀၁ - ၅၄၁၇၄၅ နှင့် ၀၁ - ၅၅၂၁၀၄ တို့က ဖြန့်ချိသည်။

# သီးနှံစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများရရှိစေရန် ကွင်းဆင်းပညာပေး

**ညောင်နှစ်ပင် ဇွန် ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုသည် ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူး ဦးကျော်ကျော်နှင့်အတူ ရန်ကုန်မြောက်ပိုင်းခရိုင် ညောင်နှစ်ပင် ဟင်းသီးဟင်းရွက်စိုက်ခင်းသို့ သွားရောက်ကာ သီးနှံစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။



သီးနှံစိုက်ပျိုး ထုတ်လုပ်မှုအဆင့်တိုင်းတွင် ဆောင်ရွက်ရမည့်အချက်များကို စိုက်ပျိုးပညာပေးဝန်ထမ်းများက စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ၊ စားသုံးသူများသိရှိစေနိုင်ရန်အတွက် အထူးလိုအပ်ကြောင်း၊ သို့မှသာစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၏ ကဏ္ဍလေးခုကို တစ်ခုနှင့်တစ်ခုချိတ်ဆက်ပြီး စိုက်ပျိုးရေးကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားရန် အကျယ်တဝင့်ဆွေးနွေးခဲ့သည်။ ထို့နောက် ညောင်နှစ်ပင် စိုက်ခင်းအတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာနက စိမ်းလန်းစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမ အသင်းမှ စိုက်ပျိုးထုတ်လုပ်နေသည့် ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်စိုက်ခင်းများကိုလည်းကောင်း သဘာဝမြေဩဇာ ထုတ်လုပ်သုံးစွဲမှုကိုလည်းကောင်း လေ့လာကြ၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီးရှိ ခရိုင်၊ မြို့နယ်များမှ စိုက်ပျိုးပညာပေး ဝန်ထမ်းများနှင့် စိမ်းလန်း သမဝါယမအသင်းမှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်လဲ့လဲ့ဦး၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ စုစုပေါင်း ၂၆၀ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါ ညောင်နှစ်ပင်ဟင်းသီးဟင်းရွက်စိုက်ခင်းသည် ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်များကို စိုက်ပျိုး ထုတ်လုပ်လျက်ရှိရာ ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက်များအထိ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **ဇာဏီ**

# ပြိုင်ဆိုင်မှုပြင်းထန်မည့် MNL ပွဲစဉ် (၁၅)

**နေပြည်တော် ဇွန် ၈**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၅) ကို ဇွန် ၉၊ ၁၀ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး အသင်းကြီးများ ထိပ်တိုက်တွေ့ဆုံမှု၊ အမှတ်ကွာဟမှုမရှိသည့်အသင်းများ၏ တွေ့ဆုံမှု၊ တန်းဆင်းဇုန်အတွက် အရေးပါသည့်ပွဲများပါဝင်နေကာ ပြိုင်ဆိုင်မှုပြင်းထန်ဖွယ်ရှိနေသည်။

"ပွဲစဉ် (၁၅) တွင် ဇယားထိပ်ပိုင်းမှ အသင်းကြီးများ တွေ့ဆုံလျက်ရှိပြီး ဇွန် ၉ ရက်တွင် သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် စစ်ကိုင်းအသင်း၊ ဇွန် ၁၀ ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ အောင်ဆန်းကွင်း၌ ရန်ကုန်အသင်းနှင့် ဧရာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် Southern အသင်း၊ ပဲခူးကွင်း၌ ဟံသာဝတီအသင်းနှင့် မကွေးအသင်း၊ ဝေသာလီကွင်း၌ ရခိုင်အသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရတနာပုံနှင့် ရှမ်း၊ ရန်ကုန်နှင့် ဧရာဝတီ၊ ဟံသာဝတီနှင့် မကွေး၊ တန်းဆင်းဇုန်အတွက် အရေးပါသည့် GFA နှင့် စစ်ကိုင်းပွဲများမှာ အကြိတ်အနယ်ဖြစ်ဖွယ်ရှိနေသည်။ ထိပ်ဆုံးမှ ရန်ကုန်အသင်းသည် ဧရာဝတီအသင်းနှင့် ကစားရမည်ဖြစ်သော်လည်း ဧရာဝတီအသင်း၏ လက်ရှိခြေစွမ်းကြောင့် အခက်အခဲမရှိဘဲ အမှတ်ပြည့်ရယူနိုင်ဖွယ်ရှိနေသည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းမှာမူ ရတနာပုံနှင့် အဝေးကွင်းပွဲကျပ် ကစားရမည်ဖြစ်ပြီး ယခုပွဲအနိုင်ရသည့်အသင်းသာ ထိပ်ဆုံးမှ ရန်ကုန်အသင်းကို ဆက်လက်ဖိအားပေးနိုင်မည်ဖြစ်သည်။ ၁၁ မှတ်ရထားသည့် စစ်ကိုင်းအသင်းနှင့် ၁၀ မှတ်ရထားသည့် GFA အသင်းတို့ ထိပ်တိုက် တွေ့ဆုံနေသည့် တန်းဆင်းဇုန်တိုက်ပွဲမှာလည်း ပြိုင်ဆိုင်မှုပြင်းထန်ဖွယ်ရှိနေပြီး အနိုင်ရသည့်အသင်းမှာ တန်းဆင်းဇုန်မှလွတ်ရန် အခြေအနေကောင်းဖွယ်ရှိနေသည်။

ပွဲစဉ် (၁၄) အပြီးတွင် ရန်ကုန်အသင်းက ၃၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၂၇ မှတ်၊ မကွေးအသင်းက ၂၄ မှတ်၊ ရတနာပုံအသင်းက ၂၃ မှတ်၊ ဟံသာဝတီအသင်းက ၂၁ မှတ်၊ ရခိုင်အသင်းက အမှတ် ၂၀၊ Southern အသင်းက ၁၉ မှတ်၊ ဇွဲကပင်အသင်းက ၁၇ မှတ်၊ ဧရာဝတီအသင်းက ၁၆ မှတ်၊ စစ်ကိုင်းအသင်းက ၁၁ မှတ်၊ GFA အသင်းက ၁၀ မှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။

**ရှိုင်းထက်ဇော်**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ပညာရတနာ အထက နဝမတန်းတွင် ပညာသင်ကြားနေသော မအေးမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဆွေ [၉/နထက(နိုင်)၀၁၆၁၃၉]ဖြစ်ပါသည်။

**ဦးမြင့်ဆွေ**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အထက ဒသမတန်းတွင် ပညာသင်ကြားနေသော မရတနာထွန်း ၏ ဖခင်အမည်မှန်မှာ ဦးသန်းနိုင်ထွန်း [၁၂/တကန(နိုင်)၁၄၁၄၆၅]ဖြစ်ပါသည်။

**ဦးသန်းနိုင်ထွန်း**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ မုန်တိုင်ကျေးရွာနေ ဦးမောင်လင်း၏သား ဦးမောင်မြင့်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမြင့်အေးဖြစ်ပါသည်။

**ဦးမြင့်အေး [၉/ညဥန(နိုင်)၁၂၈၇၈၇]**

## ဖခင်အမည်မှန်

ဘုရားကြီးမြို့၊ ဝေါလမ်း၊ အလက(ခွဲ)၊ ဒုတိယတန်းမှ မောင်ကောင်းခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးထွန်းကြည် [၇/ပခန(နိုင်)၀၉၇၀၈၈] ဖြစ်ပါကြောင်း။

**ဦးထွန်းကြည်**

## ဖခင်အမည်မှန်

မုံရွာမြို့၊ Top ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဒသမတန်းမှ မဖြူဖြူဖွေး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဝင်း [၅/မရန(နိုင်)၀၄၅၁၆၈]ဖြစ်ပါကြောင်း။

**ဦးမြင့်ဝင်း**

## (၂၀) နှစ်မြောက် မင်္ဂလာဆုတောင်းလွှာ

**ဦးစိုင်းအိုက်မင်း-ဒေါ်ချိုမာအောင်** (New Super Industrial Co.,Ltd)

တို့၏ ၉-၆-၂၀၁၈ရက်တွင် ကျရောက်သော (၂၀)နှစ်မြောက်မင်္ဂလာရက်မှသည် ငွေရတု၊ ရွှေရတုသို့တိုင် ချစ်မေတ္တာ၊ သစ္စာတို့ဖြင့် သာယာချမ်းမြေ့အောင် မြင်ပျော်ရွှင်ခရီးလမ်းကို ချစ်သောမိသားစုနှင့်အတူ ရွှေလက်တွဲ၍ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။

ယခုထက်ပို၍ ပို၍သာသနာပြုနိုင်ကြပါစေ။

**ချစ်မားမား၊**
**ချစ်သားသားနှင့်**
**ညီအကို မောင်နှမ**
**တူ/တူမများ**

## သက်ရှည်ကျန်းမာစိတ်ချမ်းသာ၍ သာသနာပြုနိုင်စေရန် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

* ပြည်တွင်း၊ပြည်ပ သာသနာပြု ကိုးဆယ်ဆ အနန္တမေတ္တာရှင်၊ ရှင်(၅၀၀၀) သာသနာပြုဆရာတော်၊
* ၂၀၁၄ခုနှစ်၌ ပဥ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့စည်းဝေးကြီး ဦးစီးဦးဆောင်ကျင်းပရေး ဆရာတော်၊
* ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၁ရက်တွင် လေးဆူဓာတ်တော် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဂိုဏ်းပေါင်းစုံသံဃာ (၁၈၀၀၀)ပါးတို့ဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာပွဲတော်ကို ဦးစီးဦးဆောင် ဆရာတော်၊
* ၂၀၁၈ခုနှစ်၊ ဧပြီလ ၁ရက်မှ ၂၉ရက်အထိ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၏ မူလဌာပနာတော်တိုက်မှ သဗ္ဗညုတရွှေဉာဏ်တော် ဆံတော်ရှင်ဓာတ်မြတ်ကို ပြည်တော်ဝင်၊ ပြည်တော်ပြန် ပူဇော်ခြင်း၊ ရတနာစိန်ဖူး၊ ရတနာငှက်မြတ်နား၊ ရွှေစင်ရွှေသားထီးတော်အထွတ်တင်လှူခြင်း စသောထူးကဲမြင့်မြတ်သော မဟာကုသိုလ် ဦးစီးဦးဆောင် ဆရာတော်၊
* ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တန်ခိုးကြီးဘုရားများ၏ ဩဝါဒါစရိယဆရာတော်၊
* စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ "ကိုးဆယ်ဆ အနန္တမေတ္တာ ပရဟိတလူမှုကူညီရေးအသင်းကြီး" တည်ထောင်တော်မူသော ဆရာတော်၊

ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဇေယျာလူမှုထူးချွန်ဆု၊ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ ကမ္ဘာ့ငြိမ်းချမ်းရေး စေတမန်ဆုများရှင် ဒေါက်တာဘဒ္ဒန္တ ကုဒ္ဒိဗလ ဆရာတော်အရှင်သူမြတ်အား ဗုဒ္ဓသာသနာတော်အတွက် နေ့၊ ညမနား စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းများကြောင့်

* ၇-၄-၂၀၁၈ ရက်က အိန္ဒိယနိုင်ငံ Kolkata မြို့ THE GLOBAL ACADEMY မှ ဆက်ကပ်လှူဒါန်းသော (Sewa Chakra Award-SOCIAL WORK, PEACE AND HARMONY)ဆုတံဆိပ်ကိုလည်းကောင်း၊
* ၁၃-၅-၂၀၁၈ ရက်က ထိုင်းနိုင်ငံ Mahachulalongkornrajavidyalaya University Council က ဆက်ကပ်လှူဒါန်းသော Honorary Doctorate Degree (Ph.D Honoris-causa) in Buddhist Educational Administration ဒေါက်တာဘွဲ့ကိုလည်းကောင်း၊
တစ်စာကုံး (၁) ပုဒ်၊ အဆို အချေ (၁) ပုဒ်၊ သဒ္ဒါ အသုံးအနှုန်း (၁) ပုဒ်
ထူးချွန်လိုသူ အလုပ် လုပ်လိုသူများသာ တက်ပါရန်...
၂။ တကွဲသိုလ်ဝင်သင်ရိုးနှင့် စာကုံး
အဆို အချေကို အပတ်စဉ် သင်မည်။
ဇွန် (၁၀) ရက် ဖွင့်မည်
မေးခွန်း ပုံစံသစ်နှင့် လုံးဝ ကိုက်ညီစေသည်
ဂုဏ်ထူးဦးသိန်းနိုင်
ယခုနှစ်မှ စ၍
နှစ်ဆတိုး ပညာရေးမြှင့်တင်ချက် အထူးအစီအစဉ်
ဂုဏ်ထူးမြန်မာစာ နည်းပြ
၁၀၈ (၃)ထပ်၊ ဆိပ်ကမ်းသာလမ်း (အလယ်)၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀ ၁၂၆၁၁၊ ၀၉ ၄၅၀ ၀၅၅ ၀၅၂
"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမှန်"
ကိုယ်ပိုင်အထက်တန်းကျောင်း
DAY ဘော်ဒါများ အားလုံး
ပညာရေးအဆင့်မြင့် ခန်းသွင်းဘော်ဒါ နှင့် နေ့တက်ဘော်ဒါ
မြေအမှတ် ၂၀ (A)+၂၀ (B)၊ ဝေဇယန္တာလမ်းမကြီး၊ ဥတ္တရတ်အိမ်ရာ၊ ORANGE SUPER MART ညာဘက်
ဖုန်း ၀၉ ၅၀ ၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၁၉၊
အတုမရှိ၊ အတူမရှိ ပညာရေးအင်အား
• ဂုဏ်ထူးဦးသိန်းနိုင်
• ဆရာ နေအုပ်(စိန်ပေါ်လ်)
• ဂုဏ်ထူးဦးအောင်နိုင်
• ဒေါက်တာညီညီ(Ph.D)
• ပါမောက္ခ ဒေါက်တာထွန်းခင်
• ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
• ဆရာ ဇော်လင်းအောင်
• ဒေါက်တာ စီစ (Dr. ညီညီနိုင်)
• စိုင်းစိန်မြင့်အောင်

# ရေခဲဖုံးတောင်များနှင့် မေခ၊ မလိခမြစ်နှစ်သွယ်ပေါင်းဆုံသည့် မနောမြေ

**ခရီးသွားမှတ်စု - စိုးစိုးနိုင်(ကြေးမုံ)**

**ဓာတ်ပုံ - ငွေးအောင်(ကြေးမုံ)**



မချမ်းဘောမြို့ မလိခမြစ်ကမ်းနံဘေးရှိ ကောင်းမှုလုံစေတီကို ဖူးတွေ့ရစဉ်။

မြန်မာနိုင်ငံ၏ အသက်သွေးကြောဧရာဝတီမြစ်ကြီး စတင်မွေးဖွားရာ မေခနှင့်မလိခမြစ်နှစ်သွယ်ပေါင်းဆုံသည့် မြစ်ဆုံဒေသနှင့် ရိုးရာမနောပွဲ၊ အရှေ့တောင်အာရှတွင် အမြင့်ဆုံးခါကာဘိုရာဇီ ရေခဲဖုံးတောင်၊ မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်းတွင်းရေဝပ်ဒေသ အင်းတော်ကြီးနှင့် သမိုင်းဝင် ရွှေမဥ္ဇူစေတီတော်၊ ကမ္ဘာ့အကြီးဆုံး ဟူးကောင်းကျားထိန်းသိမ်းရေးနယ်မြေ၊ ကမ္ဘာကျော်ကျောက်စိမ်းတုံးကြီးထွက်ရှိသည့် ဖားကန့်ရတနာမြေ စသည့်စိတ်ဝင်စားဖွယ် အထင်ကရနေရာများစွာရှိသောကြောင့် ကချင်ပြည်နယ်သည် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ကြသော ဒေသတစ်ခု ဖြစ်ခဲ့သည်။

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံမြောက်ဘက်စွန်းအပိုင်း၌ တည်ရှိပြီးတောတောင်ထူထပ်သော ပြည်နယ်တစ်ခုဖြစ်သည်။ ရန်ကုန်မြို့မှ ၉၁၉ မိုင်၊ မန္တလေးမြို့မှ ၄၈၇ မိုင်ကွာဝေး၍ လေယာဉ်၊ ကား၊ မီးရထားများဖြင့် သွားနိုင်သည်။ ပြည်နယ်၏ မြို့တော်မြစ်ကြီးနားသည် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ မြစ်ကြီးနားမြို့မှမြောက်ဘက် ၂၈ မိုင်အကွာ တန်ဖဲရွာအနီးတွင်ရှိသော ဧရာဝတီမြစ်၏ မြစ်ဖျားခံရာ မေခနှင့်မလိခမြစ်တို့ပေါင်းဆုံသည့် မြစ်ဆုံဒေသသို့သွားနိုင်သည်။ မြစ်ဆုံကမ်းနဖူးပေါ်ရောက်သည့်အခါ သာသနာ့ငါးထောင်စံစေတီကိုဖူးမြော်ပြီး စေတီရင်ပြင်ပေါ်မှ မြစ်ဆုံဒေသ၏အေးချမ်းသာယာသော သဘာဝအလှ၊ သန့်ရှင်းလတ်ဆတ်သော လေ၊ ရေစီးသံတို့ကို မြင်တွေ့ခံစားရမည်။ ကျောက်ခဲကြီးများ အလွန်ပေါများပြီး မြစ်ကမ်းပါးတွင် သဲသောင်ပြင်ကြီးရှိသည်။ မေခနှင့် မလိခမြစ်တို့ ပေါင်းဆုံသည့်နေရာတွင်ရေလှိုင်းခတ်သံကိုကြားနေရပြီး ရေပွက်၊ ရေဝဲများကိုလည်း မြင်တွေ့ရသည်။ မြစ်နှစ်သွယ်ပေါင်းဆုံသည့် တစ်ဖက်ကမ်းတွင် စိမ်းစိုအုံ့မှိုင်းနေသော တောင်တန်းကြီးကိုလည်း တွေ့ရသည်။ ဆောင်းရာသီ၌ တောင်တန်းကြီးပတ်လည်တွင် မြူခိုးမြူငွေ့များရစ်သိုင်းနေပြီးသဘာဝကျေးငှက်တို့၏ အော်မြည်သံကိုလည်းကြားနေရသဖြင့် မြစ်ဆုံရောက်ဖူးသူတိုင်းတစ်သက်မမေ့နိုင်သော နေရာတစ်ခုဖြစ်သည်။ စီးဆင်းနေသည့် ရေ၊ ရစ်သိုင်းနေသည့်မြူတေးသံကျူးနေသည့် ကျေးငှက်များ၏သဘာဝအလှများ ပေါင်းစုံခံစားရသဖြင့်စိတ်ကြည်နူးမှုကို ဖြစ်စေသည်။

ထို့ပြင် မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ဧရာဝတီမြစ်ကမ်းဘေးတွင်ရှိသော ဆုတောင်းပြည့်စေတီနှင့် ၎င်းစေတီအနီးရှိကျောင်းတော်မှဘုရားတို့ကို ဖူးမြော်ပြီး ကချင်လူမျိုးတို့၏အထွတ်အမြတ်ထားသည့် ဂျော်ဘွန်ဆုတောင်းတောင်သို့ သွားနိုင်သည်။ နာမည်ကြီး၍လူကြိုက်များလှသည့် ကချင်ရိုးရာ ဂျပ်ခုတ်ချည်ထည်များကို အမှတ်တရဝယ်ယူနိုင်ပြီးကချင်ပြည်နယ်ထွက် ကျောက်စိမ်းနှင့်ပယင်းများကို လေ့လာကြည့်ရှုနိုင်မည့်ကျောက်မျက်ဈေးလည်းရှိသည့်အပြင် ကချင်လူမျိုးတို့၏ မြတ်နိုးတန်ဖိုးထားသည့် စီတာပူရပ်ကွက်ရှိ မနောကွင်းကို လေ့လာကြည့်ရှုနိုင်သည်။

မနောပွဲသည် ကချင်လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သည်။ ရှေးယခင်က ကချင်ဒူးဝါးကြီးများသည် နယ်မြေအတွင်းဆန်ရေစပါးပေါကြွယ်ဝ၍ ငြိမ်းချမ်းသောအခြေအနေတွင် ရပ်ဝေးမှ ဆွေမျိုးသားချင်းများ၊ ညီအစ်ကို မောင်နှမများ၊ နယ်မြေအတွင်းရန်ဘက်ဖြစ်ခဲ့ကြဖူးသော သားချင်းများပါမကျန် ပြန်လည်စုစည်းပြီး မနောပွဲများကျင်းပကာ အတူလက်တွဲစားသောက်ကခုန်၍စည်းလုံးညီညွတ်မှုများကို ပြန်လည်ရယူခဲ့ကြသည်။ ကချင်ရိုးရာယဉ်ကျေးမှုသမိုင်းတွင်မလိခူးမဂွျယ်၊ ကျိုင်းခူးမဂွျယ်၊ ခမ်းခူးမဂွျယ်စသည့် မနောပွဲများသည် ထင်ရှားခဲ့သောမနောပွဲများဖြစ်ကြသည်။ အဓိကအားဖြင့်မနောပွဲ ငါးမျိုးရှိသည်။ ပဒန်မနော၊ဆွတ်မနော၊ ဂျူမနော၊ ဂွမ်နမ်မနောနှင့် ရှဒပ်မနောတို့ ဖြစ်ကြသည်။ ၎င်းမနောပွဲများအပြင်ကောက်သစ်စားပွဲ၊ အိမ်သစ်တက်ပွဲ၊ နတ်ပူဇော်ပွဲစသည့် ပွဲလမ်းသဘင်များလည်း ကျင်းပလေ့ရှိသည်။ ကချင်လူမျိုးတို့ ပြုလုပ်ကြသောပွဲများအနက် အကြီးကျယ်ဆုံး၊ အခမ်းနားဆုံး၊ ရှေးအကျဆုံး ပွဲတော်ကြီးဖြစ်သည့် မနောပွဲကိုလေးရက်မှ ရှစ်ရက်အထိ ကျင်းပကြပြီးကောက်သစ်စားပွဲ၊ အိမ်သစ်တက်ပွဲများကိုနှစ်ရက်၊ သုံးရက်သာ ပြုလုပ်ကြသည်။ မနောအကတွင် အဓိကကျသော တူရိယာကြီးသည်မနောတိုင်၌ တပ်ဆင်ထားသော နှစ်ဖက်ပိတ်စည်ကြီးနှင့် မောင်းကြီးများ ဖြစ်ကြသည်။မနောအကသည် စုပေါင်းတန်းစီပြီး အတန်းလိုက် စည်းချက်နှင့်အတူ ကရသောအကဖြစ်သည်။ ထိပ်ဆုံးမှ အကခေါင်းဆောင်၏ကကြိုးကကွက်အတိုင်း နောက်မှလူများကလိုက်ပါကပြကြရသည်။ ကပြရာတွင် မနောကွင်းကို လှည့်ပတ်ကပြကြသည်ဟု သိရသည်။

မြစ်ကြီးနားမြို့မှတစ်ဆင့် ၁၁၈ မိုင်ကွာဝေးသော ပူတာအိုမြို့သို့ လေယာဉ်၊ ကားများဖြင့် သွားနိုင်သော်လည်း ကုန်းလမ်းခရီးကြမ်းတမ်းလွန်းသဖြင့် လေယာဉ်ဖြင့်သွားမှသာ ပို၍သင့်တော်မည်ဖြစ်သည်။ ပူတာအိုမြို့သည် တောင်စဉ်တောင်တန်းများ ဝိုင်းပတ်ကာရံနေပြီး အေးချမ်းသာယာသော မြို့လေးဖြစ်သည်။ တစ်နှစ်ပတ်လုံး အေးမြသည့်ရာသီဥတုရှိပြီး ရေခဲဖုံးနေသော တောင်ထွတ်များကို လှမ်းမြင်နေရသည်။ မြို့ပြနှင့် အလှမ်းဝေးနေသေးသည့်အတွက် သဘာဝအလှများ၊ တိုင်းရင်းသားတို့၏ စစ်မှန်သော ရိုးရာယဉ်ကျေးမှုများကို တွေ့မြင်နေရဆဲနေရာတစ်ခုဖြစ်သည်။ အထူးကဏ္ဍ [ ခ ] သို့ »»»



မေခနှင့် မလိခမြစ်တို့ ပေါင်းဆုံသည့် မြစ်ဆုံကို တွေ့ရစဉ်။

အထူးကဏ္ဍ [ ခ ] သို့ »»»

ပူတာအိုမြို့ နံနက်ခင်းဈေးတွင် ဒေသထွက် အစားအစာများ၊ သစ်တောထွက်ပစ္စည်းများ၊ မချစ်ဥ(မဂျစ်ဥ)၊ ခမ်းတောက်မြစ်၊ ရေခဲမှို၊ မရှော့ရွက်၊ နာမည်ကျော် ဆေးဖက်ဝင်ရှီးပဒီးစသည့်တို့ကို လေ့လာနိုင်သည်။ ရှီးပဒီးပင်သည် ပေ ၆၀၀၀ မှ ပေ ၂၀၀၀၀ ကျော်မြင့်မားသော ရေခဲတောင်များတွင်သာ ပေါက်ရောက်တတ်ပြီး အပင်သည် ခြောက်လပိုးကောင်နှင့် ခြောက်လ နွယ်ရှင်ဘဝအဖြစ် ထူးဆန်းစွာဖြစ်ပေါ်နေတတ်သည်။ ရေခဲသည့်အချိန်တွင် ရေခဲများအောက်နှင့် ဆီးနှင်းရေခဲများအကြား ရှင်သန်ပြီး မချစ်ဥများကို စားသုံးနေတတ်သည်။ နှင်းခဲနှင့် ဆီးနှင်းများ အရည်ပျော်ချိန်တွင် အကောင်ဘဝမှ ငြိမ်သက်စွာ ထုံဝင်ပြီး ဦးခေါင်းရှိ မျက်စိနှစ်လုံးကြားမှ နွယ်ရှင်များပေါက်လာကာ အပင်ဘဝသို့ ကူးပြောင်းရှင်သန်လှုပ်ရှားနေတတ်သည်။ တစ်ဖန် ရေခဲသည့်အချိန်တွင် နွယ်ရှင်များ ကျွတ်ထွက်ပြီး နဂိုအကောင်ဘဝသို့ ပြန်လည်ရောက်ရှိသွားသည်ဟု သိရှိရသည်။

ပူတာအိုမြို့အနီးရှိ မူလာရှီးဒိကြိုးတံတားနှင့် ကြည်လင်လှပသော မူလာရှီးဒိချောင်းတို့ကို သွားရောက်လည်ပတ်နိုင်သည်။ ရေခဲတောင်မှ စီးဆင်းလာသော ချောင်းနှင့် ပေါင်းစပ်ကာ စီးဆင်းနေသည့် မူလာရှီးဒိချောင်း၏ သဲသောင်စပ်တွင် ရေချိုးလျှင်အပန်းပြေသည်ဟု သတင်းကြီးလှသဖြင့် ကမ္ဘာလှည့်ခရီးသည်များ လာရောက်ကြသောနေရာဖြစ်ပြီး ဖောင်စီးခြင်း၊ ဆင်စီးခြင်း စသည်တို့ကိုလည်း ပြုလုပ်နိုင်သည်။ ညနေဆည်းဆာအချိန်တွင် ကြိုးတံတားကြီးနှင့် ချောင်းကြီး၌ လီဆူ၊ ရဝမ်တိုင်းရင်းသား တိုင်းရင်းသူများ၏ ကြိုဆိုကပြနေသောအက၊ အလှများသည် သဘာဝတေးသံသာများနှင့် လိုက်ဖက်ညီစွာ ကြည့်၍အလွန်ကောင်းလှသည်။

မလိခမြစ်ကိုဖြတ်ကျော်၍ ပူတာအိုနှင့် မချမ်းဘောကို ပေါင်းကူးပေးထားသည့် မလိခကြိုးတံတား တည်ဆောက်ထားသည်။ ပူတာအိုမြို့မှတစ်ဆင့် မချမ်းဘော၊ ဆွမ်ပရာဘွမ် စသည့်မြို့လေးများကိုလည်း သွားရောက်နိုင်သည်။

မချမ်းဘောမှ ၁၂ မိုင်ခန့်အကွာ မလိခမြစ်ကမ်းနံဘေးတွင် တည်ထားသော ကောင်းမှုလုံစေတီဟုခေါ်သည့် ရွှေစက်မင်းစေတီတော်ကို ဖူးမြော်နိုင်သည်။ အောက်ရွှေတိဂုံ၊ အလယ်မှာ ရွှေစည်းခုံ၊ အထက်ကောင်းမှုလုံဟု အဆိုရှိရာ မြန်မာနိုင်ငံအထက်ပိုင်းတွင် တန်ခိုးကြီးသောဘုရားဟု ဆိုလိုဟန်ရှိပါသည်။ မချမ်းဘော၊ နောင်မွန်း၊ ခေါင်လန်ဖူးနှင့် ပန်နန်းဒင်လမ်းအနီး ကျောက်နဂါးအပန်းဖြေစခန်းရှိ နဂါးပုံသဏ္ဌာန် ကျောက်တန်းကြီးနှင့်ပတ်သက်ပြီး ဒေသခံတိုင်းရင်းသားတို့၏ ပါးစပ်ရာဇဝင်ကိုနားဆင်နိုင်သည်။ အဓိဋ္ဌာန်ပြုပြီး နဂါးဦးခေါင်းကို ကြက်ဥဖြင့်ထုခွဲပြီး လိုရာဆုတောင်းကြသည့် ဓလေ့ကိုလည်း တွေ့ရသည်။ အရပ်စကားများအရ ကျောက်နဂါးကြီးအမြီးပိုင်းသည် မလိခမြစ်ထဲတွင်ရှိသည်ဟု ဆိုကြသည်။ မလိခမြစ်ကမ်းနံဘေး၏ တောင်ကုန်းပေါ်တွင် ဂူဘားရိပ်သာလည်းရှိပါသည်။

မလိခမြစ်ကမ်းမှ အမြန်ရေယာဉ်ဖြင့် နတ်များဖန်ဆင်းထားသည့်ကျွန်းဟု တင်စားခေါ်ဝေါ်ကြသော မလိခမြစ်လယ်ရှိ နတ်ကျွန်းသို့ သွားနိုင်သည်။ စူဠာမဏိ(မိန်းဖွေ့) ရေလယ်နတ်ကျွန်းစေတီသည် ပူတာအိုမြို့နယ် အင်လွယ်ရံကျေးရွာအနီး မလိခမြစ်လယ်ရှိ ၄၅ ပေခန့်မြင့်သော ကျောက်ဆောင်၊ ကျောက်တုံးကြီးပေါ်တွင် တည်ထားသည်။

ပူတာအိုဒေသမှ နှင်းဖုံးတောင်တန်းများ၊ ဘေးမဲ့တောများနှင့် တောတောင်များသည် စွန့်စွန့်စားစားခရီးသွားလိုသူများ၊ ရေခဲတောင်တက်ဝါသနာပါသူများ၊ တောင်ပေါ်ရေခဲပြင်တို့၏အလှကို မြင်တွေ့ခံစားချင်သူများကို စွဲဆောင်လျက်ရှိသည်။

ပူတာအိုမှ မိုင် ၁၈၀ ကွာဝေးသော နောင်မွန်းမြို့နယ်တွင် အရှေ့တောင်အာရှ၌ အမြင့်ဆုံးဖြစ်သည့် ခါကာဘိုရာဇီတောင် တည်ရှိသည်။ ခါကာဘိုရာဇီရေခဲတောင်သို့ သွားရာခရီးလမ်းသည် ကြမ်းတမ်းပြီး ကြိုးတံတားများကို ဖြတ်သန်းသွားရသဖြင့် တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသူများအတွက် စွန့်စွန့်စားစားခရီးတစ်ခုဖြစ်သည်။ ခါကာဘိုရာဇီတောင်အပြင် အမြင့်ပေ ၉၀၀၀ ကျော်ရှိ ဖုန်ကန်ရာဇီတောင်၊ မဒွယ်တောင် စသည့် ရေခဲတောင်များရှိရာဒေသဖြစ်ပြီး သဘာဝဆေးမြစ် အများအပြားထွက်ရှိသော ရေခဲတောင်ဒေသတစ်ခုလည်းဖြစ်သည်။ ဖုန်ကန်ရာဇီတောင်သည် ပူတာအိုမှ ခြေကျင်ခရီးဖြင့် ခြောက်ရက်တာသွားရပြီး တောင်တက်သမားများအတွက် တက်ရောက်ရန် ပို၍အဆင်ပြေလွယ်ကူသဖြင့် တောင်တက်လေ့ကျင့်သောနေရာတစ်ခုလည်းဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်။



ဆုံးမြို့နယ် လန်နခရေတံခွန်နှင့် ကြိုးတံတား



အင်းတော်ကြီးကန် ညနေဆည်းဆာအလှ



ကချင်ရိုးရာ မနောအက

## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကျေးရွာနှစ်ရွာတွင် လျှပ်စစ်မီးဖွင့်ပွဲ ကျင်းပ

**ပင်းတယ ဇွန် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကူးကော်ကျေးရွာအုပ်စုရှိ ဒုတယ်ရေကျေးရွာနှင့် အင်းခေါင်ကျေးရွာတို့တွင် လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို ဇွန် ၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒုတယ်ရေကျေးရွာနှင့် အင်းခေါင်ကျေးရွာရှိ လျှပ်စစ်မီးဖွင့်ပွဲ ဆိုင်းဘုတ်နေရာများတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ ဓနုဒေသဦးစီးအဖွဲ့ဝင် အလုပ်အမှုဆောင် (၃) ဗိုလ်မှူးရာဇာငြိမ်းချမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးနှင့် သက်ဆိုင်ရာကျေးရွာမှ ကျေးရွာမီးလင်းရေးကော်မတီဝင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အဖွင့်အမှာစကားပြောကြားပြီး လျှပ်စစ်မီးရရှိသော ကျေးရွာနှစ်ရွာအတွက် ထိန်းသိမ်းစောင့်ရှောက်ရန် ထောက်ပံ့ကြေး တစ်ရွာလျှင် ငွေကျပ် ၁၀ သိန်းစီကို လည်းကောင်း၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ကျေးရွာများ လျှပ်စစ်မီးရရှိရန်တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဖေက လည်းကောင်း အသီးသီးပေးအပ်ကြရာ သက်ဆိုင်ရာကျေးရွာ မီးလင်းရေးကော်မတီဝင် တာဝန်ခံတို့က လက်ခံရယူခဲ့ကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါကျေးရွာနှစ်ရွာ၏ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စုရန်ပုံငွေဖြင့် ၁၁/၀. ၄ ကေဗွီ၊ ထရန်စဖော်မာ ၅၀ ကေဗွီအေ တစ်လုံး၊ ၁၀၀ ကေဗွီအေ နှစ်လုံး၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂ ဒသမ ၇ မိုင်၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၂ ဒသမ ၉ မိုင် တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကျပ်သန်း ၂၂၉ ဒသမ ၆၀ ကုန်ကျခံ၍ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၇ ခုနှစ် မတ် ၂၃ ရက်တွင် အောင်မြင်ပြီးစီးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ရွာတွေဟာ လျှပ်စစ်မီးမရတာကြောင့် လုပ်ငန်းခွင် စောစောသိမ်းရပြီး မျက်စိပိတ်၊ နားပိတ်နဲ့ ပြင်ပဗဟုသုတတွေလည်း နည်းခဲ့ရပါတယ်၊ ဒါကြောင့် ရွာရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့၏တိုးတက်မှုနှုန်း နှေးကွေးခဲ့ပါတယ်၊ ခုတော့ သက်ဆိုင်ရာက လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ပေးတဲ့အတွက် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ရပါတယ်"ဟု လျှပ်စစ်မီးရရှိသည့်ကျေးရွာနေ ပြည်သူတစ်ဦးက ပြောသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

### ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

# မိုင်းဖြတ်မြို့နယ်၌ အထက(မိုင်းဖြတ်)ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား ကျင်းပ

**မိုင်းဖြတ် ဇွန် ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ငွေကျပ် ၁၇၇ ဒသမ ၀၅ သန်းဖြင့် မိုင်းဖြတ်နဂါးဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပြီး အကျယ် (၁၄၀×၃၀)ပေရှိ အာရ်စီနှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၇ ရက် နံနက်က အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို အမှတ် (၁၈) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်စိုးတင့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်ပညာရေးမှူး ဦးစိုင်းသန်းလူနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးထွန်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် အထက(မိုင်းဖြတ်)ရှိ ရွှေလီဆောင်ခန်းမ၌ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က ကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှုကို အလေးထားကြိုးစားဆောင်ရွက်ပေးရန်၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးနှင့် ကျောင်းကျန်းမာရေးအတွက် အထူးဂရုစိုက်ဆောင်ရွက်ပေးရန်၊ ကျောင်းဆောင်များကို ရေရှည်တည်တံ့မှုရှိစေရေးနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးစိုင်းသန်းလူက ပညာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မိုင်းဖြတ်နဂါးဆောက်လုပ်ရေးကုမ္ပဏီမှ ဒါရိုက်တာ ဦးထွန်းရွှေက ကျောင်းဆောင်သစ်နှင့်ပတ်သက်၍ စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဦးစိုင်းသန်းလူထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါကျောင်းဆောင်သစ်သည် ယခုအခါ ဆောက်လုပ်ပြီးစီးပြီဖြစ်၍ ကျောင်းဆောင်သစ်၌ အခန်း



ပေါင်း ရှစ်ခန်းပါဝင်ပြီး ဘုရားခန်း၊ ရုံးခန်းနှင့် ကျန်အခန်းခြောက်ခန်းကို အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၈၂ ဦးတို့ နေ့စဉ်ပညာတက်ရောက်သင်ယူလျက်ရှိကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာကြည်ထံမှ သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**



# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဝန်ထမ်းအိမ်ရာသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား ကျင်းပ

**ပင်းတယ ဇွန် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ အော်ရောရပ်ကွက်ရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းအငှားအိမ်ရာဝင်းအတွင်း ဆောက်လုပ်ထားသည့် ဝန်ထမ်းအိမ်ရာသစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝန်ထမ်းအိမ်ရာသစ်ဆောက်လုပ်ထားမှုအခြေအနေများကို MEGABUILDER Co Ltd; မှ မန်နေဂျင်းဒါရိုက်တာ ဦးမင်းထွန်းဇော်က ဓနုဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့်အဖွဲ့ဝင်များကို ရှင်းလင်းပြသသည်။ ထို့နောက် ဓနုဒေသဦးစီးဥက္ကဋ္ဌ ဦးအာကာလင်း၊ ဒေသဦးစီးအဖွဲ့ဝင်အလုပ်အမှုဆောင် (၃) ဗိုလ်မှူးရာဇာငြိမ်းချမ်း၊ ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထိုက်ကြူနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ အဆောက်အအုံသစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို MEGABUILDER Co Ltd; မှ တာဝန်ရှိသူတစ်ဦးက လွှဲပြောင်းပေးအပ်ရာ ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထိုက်ကြူက လက်ခံရယူခဲ့သည်။

အဆိုပါအဆောက်အအုံသစ်ဝန်ထမ်းအိမ်ရာကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် လေးခန်းတွဲ သုံးထပ်အိမ် သံကူကွန်ကရစ်အမျိုးအစား အကျယ်အဝန်း ပေ(၅၁ × ၆၁. ၆) ဖြစ်ပြီး ငွေကျပ် ၂၀၈ သန်း အကုန်ကျခံ၍ MEGABUILDER Co Ltd; ဆောက်လုပ်ရေးကုမ္ပဏီက ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စတင်တည်ဆောက်ကာ ၂၀၁၈ ခုနှစ် မေ ၃၁ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

**မိုးမိုးထွေး(ပင်းတယ)**

အထူးကဏ္ဍ [ ဃ ] မှ »»»

ထို့ပြင် အမျိုးသားစာကြည့်တိုက်နှင့် မော်လမြိုင်မြို့ မွန်စာကြည့်တိုက်တွင်လည်း မွန်ပေမူများစွာကို ကူးယူစုဆောင်းထားရှိပေသည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနအောက်ရှိ ကမ္ပည်းကျောက်စာဌာနတွင် မွန်ဘာသာစာအုပ်များ၊ ကျောက်စာများ၊ ဇာတ်တော်များကို တည်းဖြတ်ပုံနှိပ်ခဲ့ပေသည်။ မွန်-မြန်မာ အဘိဓာန် ကျမ်းကိုလည်း ပြုစုထားရှိပေသည်။ ပုဂံခေတ်တွင် မွန်အက္ခရာကိုမှီတည်၍ မြန်မာအက္ခရာကို တီထွင်ခဲ့ခြင်းဖြစ်ကြောင်းကို မြစေတီကျောက်စာအရ ထင်ရှားပေသည်။ မွန်ရဟန်းရှင်အရဟံ၏ ရှေ့ဆောင်သာသနာပြုချက်အရ ပုဂံတွင် အနော်ရထာမင်းစောသည် ထေရဝါဒဗုဒ္ဓသာသနာတော်ကို ရရှိပြီးနောက် မွန်အက္ခရာဖြင့် ပါဠိဘာသာအုတ်ခွက်စာများကို ဘုရားရုပ်တုတော်၏ ကျောဘက်တွင် ကမ္ပည်းထိုးခဲ့ပေသည်။

ပုဂံတွင် ထိုစဉ်က ပျူအက္ခရာရှိသော်လည်း မြန်မာတို့လက်မခံခဲ့ပေ။ မြန်မာဘုရင်တို့၏ ဆရာတော်များသည် ရှင်အရဟံနှင့် အပေါင်းအပါ မွန်ရဟန်းပညာရှိများဖြစ်သဖြင့် ကျန်စစ်သားတစ်ခေတ်လုံး၌ မွန်ဘာသာဖြင့် စာပေရေးသားရာတွင် သုံးနှုန်းခဲ့ခြင်းဖြစ်လေသည်။ အာနန္ဒာဘုရားတွင် မွန်ဘာသာ စဉ့်ကွင်းစာပေါင်း တစ်ထောင်ကျော်မျှ တွေ့ရသည်။ မြင်းပြဂူ၊ အပယ်ရတနာ၊ ဖြတ်စရွှေဂူ၊ လောကထိပ်ပန်၊ ပုထိုးသားများ၊ နဂါးရုံ၊ ဂူပြောက်ကြီးနှင့် အလိုတော်ပြည့်ဂူဘုရားများတွင်လည်း မွန်ကမ္ပည်းစာ(မင်စာ)များစွာ တွေ့နိုင်လေသည်။ ကျန်စစ်သားခေတ်တွင် မြန်မာဘာသာဖြင့် လုံးဝရေးသားခဲ့ခြင်း မတွေ့ရပေ။ သို့သော်လည်း ကျန်စစ်သား၏သားတော် ရာဇကုမာရ်၏ အေဒီ ၁၁၁၂ ခုနှစ်ထိုး မြစေတီကျောက်စာ (ခေါ်) ရာဇကုမာရ်ကျောက်စာတွင်သာလျှင် မြန်မာဘာသာဖြင့် ရှေးဦးစွာ စတင်ရေးသားခဲ့လေသည်။ နရပတိစည်သူမင်းလက်ထက်မှစ၍ မြန်မာဘာသာစာပေများ ထွန်းကားလာပြီးလျှင် မွန်ဘာသာစာပေများ ပုဂံတွင် တိမ်ကောခဲ့ရပြန်လေသည်။ ဟံသာဝတီခေတ်တွင် ရှင်စောပု မွန်ဘုရင်မနှင့် ဓမ္မစေတီ (ခေါ်) ရာမဓိပတိ မွန်ဘုရင်လက်ထက်ကျမှပင် မွန်စာပေများ တစ်ဖန်ထွန်းကားပြန်လေသည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ကျော်က အလောင်းဘုရားခေတ်တွင် မွန်များ အရေးနိမ့်ခဲ့သည့်နှစ်မှစ၍ မွန်စာပေများ တိမ်ကောခဲ့ရပြန်သည်။

မွန်ရာဇဝင်မင်းဆက်စာရင်းကို သထုံတွင် သီဟရာဇာမှ မနူဟာမင်းအထိ ၅၇ ဆက်မျှ အုပ်စိုးခဲ့သည်ဟု ဘွဲ့အမည်များနှင့်တကွ ဖော်ပြထားလေသည်။ ထိုမင်းများသည် သထုံသာမက ဒွါရဝတီနိုင်ငံကိုလည်း တစ်ဆက်တည်း အုပ်စိုးခဲ့ဟန်တူပေသည်။ အေဒီ ၁၀၅၇ ခုနှစ်တွင် အနော်ရထာမင်းစောသည် မနူဟာမင်းကို တိုက်ခိုက်စဉ်က သထုံမဟုတ်ဘဲ ပရပထုံဖြစ်သည်ဟုပင် ယိုးဒယားနိုင်ငံရှိ ရာဇဝင်ဆရာအချို့က ယူဆကြလေသည်။ ဤအကြောင်းမှာ တွေးဆစရာအချက်တစ်ခုပင်ဖြစ်သည်။ ဒုတိယမွန်မင်းဆက်စာရင်းတွင် ဟံသာဝတီပဲခူးတွင် သမလ ဝိမလမင်းမှစ၍ တိဿမင်းအထိ မင်းပေါင်း ၁၇ ဆက် စိုးစံခဲ့သည်ဟု ဖော်ပြထားပေသည်။ တတိယမွန်မင်းဆက်စာရင်းတွင် မုတ္တမဘုရင် ဝါရီရူမင်းသည် ယိုးဒယားမင်းသမီးကို မိဖုရားမြှောက်ခဲ့လေသည်။ ဗညားဦး၏သားတော် ဗညားနွဲ့ (ခေါ်) ရာဇဓိရာဇ်သည် သူရသတ္တိဘက်တွင် အထင်ရှားဆုံး မွန်ဘုရင်ဖြစ်သည်။ ရာဇာဓိရာဇ်သည် အင်းဝဘုရင် မင်းကြီးစွာစော်ကဲ၊ သားတော် မင်းခေါင်ကြီးတို့နှင့် နှစ်ပေါင်းများစွာ စစ်ခင်းကစားခဲ့ကြပေသည်။ ၎င်း၏ သူရဲကောင်းသုံးယောက်ဖြစ်သော သမိန်ဗရမ်း၊ လဂွန်းအိန်နှင့် အဲမွန်ဒယာတို့သည် ရာဇဝင်တွင် အထူးကျော်ကြားခဲ့လေသည်။ သက္ကရာဇ် ၁၁၁၉ ခုနှစ်တွင် နောက်ဆုံးမွန်မင်းဆက်ဖြစ်သည့် ဗြမောင်ဓိရာဇ်သည် အလောင်းဘုရားအား အရေးနိမ့်ခဲ့ရာမှ မွန်မင်းဆက် ပြတ်ခဲ့လေသည်။

မွန်နှင့်မြန်မာတို့သည် ပုဂံခေတ်မှစ၍ ဆက်ဆံပေါင်းသင်းလာခဲ့ကြသဖြင့် အများဆုံး ရောစပ်ခဲ့ကြပေသည်။ မွန်နှင့် မြန်မာတို့သည် ဘာသာစကား ကွဲပြားကြစေကာမူ မွန်ဂိုလွိုက်အနွယ်တူဖြစ်ကြ၍ ရုပ်ရည်တူညီကြပြန်သဖြင့် သာ၍ပင် ရင်းနှီးချစ်ခင်ခဲ့ကြလေသည်။ မွန်တို့သည် မြန်မာစကားကို လွယ်ကူစွာတတ်မြောက်ကြပြီးလျှင် မွန်စကားကိုပစ်ပယ်ကာ မြန်မာစကားကိုသာ ပြောဆိုကြသဖြင့် သားသမီးများသည် မိမိတို့မွန်လူမျိုးဖြစ်သည်ကို မသိမမြင်ကြတော့ဘဲ မြန်မာလူမျိုးဟုသာ ထင်မြင်ခဲ့ကြလေသည်။ မည်သို့ပင်ဆိုစေကာမူ မွန်လူမျိုးတို့သည်လည်း မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ၁၃၅ မျိုးတွင် ပါဝင်သော လူမျိုးများဖြစ်ကြသည့်အပြင် ရှေးအကျဆုံး တိုင်းရင်းသားလူမျိုးများအဖြစ် ဂုဏ်ယူစွာဖြင့် ရေးသားဖော်ပြလိုက်ရပါသည်။ ။

***ကိုးကား - မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၀)***

# ပထမအကြိမ် ကရင်စာပေမွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနား ဖာပွန်မြို့၌ ကျင်းပ

**ဖာပွန် ဇွန် ၈**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီက ဖာပွန်မြို့နယ်အတွင်းရှိ ကရင်စာပေသင်ကြားနေသော ဆရာ ဆရာများအား ကရင်တိုင်းရင်းသားစာပေများကို ကျွမ်းကျင်စွာနှင့် ပိုမိုထိရောက်စွာ သင်ကြားပေးနိုင်ရေးအတွက် ပထမအကြိမ် ကရင်စာပေမွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၈ ရက် နံနက် ၈ နာရီက ဖာပွန်မြို့နယ် အမှတ်(၁)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောစိန်ကြည်နှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးမိုးကျော်အောင်တို့က အဖွင့်အမှာစကားပြောကြားသည်။ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစောဘူးသောက လူမျိုးတစ်မျိုးစီတိုင်းအတွက် စာပေသည် မရှိမဖြစ်လိုအပ်ကြောင်း၊ ကရင်တိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိဘာသာစကား၊ ရိုးရာယဉ်ကျေးမှုအနုပညာများကို အနာဂတ်မျိုးဆက်သစ် ကျောင်းသား ကျောင်းသူလူငယ်များသိရှိစေရန်နှင့် စာပေနှင့် ယဉ်ကျေးမှုအနုပညာကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်ရည်ရွယ်ချက်ဖြင့် ကရင်စာပေမွမ်းမံသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဖာပွန်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၂၀ အား သင်တန်းနည်းပြဆရာ လေးဦးက စာပေသင်ကြားမှုပုံစံများ၊ သင်ကြားရမည့်နည်းစနစ်များနှင့် ဘာသာစကားကျွမ်းကျင်မှုဆိုင်ရာ ဝေါဟာရနှင့်ပတ်သက်သည့် ဘာသာရပ်များကို မေ ၂၈ ရက်မှ ၃၀ ရက်အထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးလွင်(ပြန်/ဆက်)**

# မွန်လူမျိုးအကြောင်းသိကောင်းစရာ

● မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)



မွန်တိုင်းရင်းသားရိုးရာဝတ်ဆင်ထားကြသည့် မွန်ကလေးငယ်များကို တွေ့ရစဉ်။

မွန်လူမျိုးသည် အမျိုးအနွယ်အားဖြင့် မွန်ဂိုလွိုက် အနွယ်ဝင်ဖြစ်သော မြန်မာနှင့် အနွယ်တူသည်။ သို့သော်လည်း ဘာသာစကားတွင် လုံးဝ ကွဲပြားသည်။ မည်သို့ပင်ကွဲပြားစေကာမူ မွန်ဂိုလွိုက်အနွယ်တူဖြစ်၍ ရုပ်ရည်တူညီကြသဖြင့် ရင်းနှီးချစ်ခင်ခဲ့ကြသည်။ မွန်နှင့်မြန်မာတို့သည် ပုဂံခေတ်မှစ၍ ဆက်ဆံပေါင်းသင်းလာခဲ့ကြသဖြင့် အများဆုံးရောစပ်ခဲ့ကြလေသည်။ မွန်နှင့်မြန်မာတို့သည် ရုပ်ရည်လက္ခဏာကိုကြည့်လျှင် မည်သူကမွန်၊ မည်သူက မြန်မာဟူ၍ ခွဲခြားပြရန် အလွန်ပင်ခက်ခဲလှပေသည်။

အလွန်ရှေးကျသောကာလ၌ မြန်မာနိုင်ငံအတွင်းသို့ နီဂရိတိုခေါ် ကပ္ပလီအနွယ်ဝင်များ ရှေးဦးစွာဖြတ်သန်းခဲ့ဖူးသည်ဟု ပညာရှင်ကြီးများ ယူဆခဲ့ကြသည်။ ထို့နောက်မှ မွန်လူမျိုးများ ဆိုက်ရောက်လာကြလေသည်။ မွန်လူမျိုးများသည် ဘီစီ ၂၀၀၀ ခန့်တွင် ရာမညဒေသသို့ ဆိုက်ရောက်ကြဟန်တူကြောင်း ပါမောက္ခ ဒေါက်တာလု(စ်)က ပြောကြားခဲ့ဖူးသည်။ မွန်များ ရာမညဒေသသို့ ရောက်ရှိသည့်အချိန်တွင် နီဂရိတိုများသည် တောင်ဘက်သို့ ရွှေ့ဆင်းနေထိုင်ကြဟန်တူပေသည်။ ဘီလူးကျွန်းနှင့် ကပ္ပလီကျွန်းတို့တွင် နီဂရိတိုအနွယ်ဝင် စမင်း(ဆေမန်) လူမျိုးများ နေထိုင်ခဲ့ဟန်တူသည်။

မော်လမြိုင်နှင့် တစ်ဖက်ကမ်းရှိ ဘီလူးကျွန်းကို မွန်တို့က တကော့ခမိုင်း ဟုခေါ်သည်။ တကော့၏အဓိပ္ပာယ်မှာ ကျွန်းဖြစ်သည်။ ခမိုင်းဝေါဟာရမှ ခေတ်မွန်စကားတွင် မရှိဘဲ ရှင်မွေ့နွန်း၊ မင်းနန္ဒာပျို့တွင် ခမိုင်းကို အကိုင်းအခက်များသော သစ်ပင်တစ်ပင်ဟု ဆိုကြသည်။ ထိုသစ်ပင်ပေါ်တွင် နားနေကြသော သိမ်းငှက်မောင်နှံတို့မှ လူထူးလူဆန်းတစ်ယောက်ပေါက်ဖွားသည်ဟု ဖော်ပြထားသည်။ မွန်လူမျိုးများသည် မည်သည့်အရပ်ဒေသမှ ထွက်ခွာလာကြောင်းကို တိတိကျကျ ဖော်ပြနိုင်ရန် အလွန်ပင်ခက်ခဲလှပေသည်။ မွန်ဂိုလီယားပြည်မှ ဆင်းသက်လာသည်ဟု အချို့ကယူဆကြသည်။ သို့သော် အရှေ့တိုင်းရာဇဝင်တွင် ဝါရင့်သည့် ပါမောက္ခ ဒေါက်တာလု(စ်)က မွန်များသည် တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း တုန်ကင်လွင်ပြင်မှ ဆင်းသက်လာသည်ဟုထင်ကြောင်း ပြောကြားဖူးသည်။

မွန်များသည် သုဝဏ္ဏဘူမိသထုံသို့ မရောက်မီ ယိုးဒယားနိုင်ငံတောင်ပိုင်းတွင် ဒွါရဝတီနိုင်ငံဟူ၍ အင်ဒိုချိုင်းနား၌ ထင်ရှားခဲ့သော နိုင်ငံတစ်နိုင်ငံကို စတင်ထူထောင်ခဲ့ကြောင်းကို ပရပထုံနှင့် လော့ဗူရီ မွန်ရှေးဟောင်းကျောက်စာများက ထောက်ခံလျက်ရှိပေသည်။ ပရပထုံမွန်ကျောက်စာသည် သထုံနှင့် ပုဂံမွန်ကျောက်စာထက် နှစ်ပေါင်း ၅၀၀ ခန့် ဦးလေသည်။ ဒွါရဝတီမွန်နိုင်ငံတော်ကို အေဒီ ၁၀ ရာစုနှစ်ကျော်မှ ခမာခေါ် ကမ္ဘောဒီးယားလူမျိုးများက တိုက်ခိုက်ကြသဖြင့် မြောက်ပိုင်း ဇင်းမယ်အနီး ဟာရိဗုဥ္စခေါ် လန်ဖွန်းသို့ ပြောင်းရွှေ့ခဲ့ရသည်။ ထိုမှတစ်ဖန် ယိုးဒယားလူမျိုးများက မြောက်ဘက်မှနေ၍ တိုက်ခိုက်ကြပြန်သဖြင့် ၁၂ ရာစု၊ ၁၃ ရာစုနှစ်များတွင် ဒွါရဝတီမွန်များ တိမ်မြုပ်ပျောက်ကွယ်ခဲ့ကြလေသည်။

ရာမညဟူသောအမည်ကို အလွန်ရှေးကျသည့် သီဟိုဠ်ရာဇဝင်(မဟာဝံသ အခန်း ၇၆) တွင် ရှေးဦးစွာတွေ့ရပြီးလျှင် မွန်လူမျိုး၏ အမည်ကို ပုဂံခေတ်ထိုး ကျန်စစ်သား၏ နန်းတော် မွန်ကျောက်စာတွင် မေ[?]ည်ဟူ၍ ရှေးဦးစွာတွေ့ရပေသည်။ အသံထွက် 'ရမင်း' ဖြစ်သည်။ ထိုကျောက်စာတွင်ပင် မြန်မာလူမျိုးကိုလည်း ရှေးဦးစွာ မိမာ[?](မိရမာ)ဟူ၍ တွေ့ရပေသည်။ ဟံသာဝတီခေတ်ထိုး မွန်ကျောက်စာများနှင့် ကြေးပြားစာများတွင် မွန်ကို မာ[?]ဋ္ဌ(မ[?]န်-ရမန်)ဟူ၍ အနည်းငယ်ပြောင်းလဲလာပြန်သည်။ အသံထွက်မှာ ရမန်ဖြစ်သည်။ ယိုးဒယားနိုင်ငံတွင် ယနေ့ထိ မွန်ကို ရမန်ဟူ၍သာ ခေါ်ဝေါ်လျက်ရှိသေးသည်။ ရာမညဒေသတွင် မန်-မွန်ဟူ၍သာ ခေါ်ဝေါ်ကြတော့သည်။

ရွှေတိဂုံဘုရားကျောက်စာအရ ဂေါတမမြတ်စွာဘုရားပွင့်စဉ်ကပင် မွန်ကုန်သည်ညီနောင် တဖုဿနှင့် ဘလ္လိကတို့သည် ဆံတော်ဓာတ်ရှစ်ဆူကို ရရှိခဲ့ကြသည်။ ထို့နောက် သီရိဓမ္မာသောကမင်းကြီး တတိယသင်္ဂါယနာတင်ပြီးလျှင် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုများစေလွှတ်ရာ ဘီစီ ၂၅၀ ခန့်တွင် သောဏထေရ်နှင့် ဥတ္တရထေရ် အမှူးပြုသော ရဟန်းများ သုဝဏ္ဏဘူမိမှ ရှင်ဗုဒ္ဓဃောသသည် အေဒီ ၄ ရာစုနှစ်တွင် သီဟိုဠ်ကျွန်းမှ ပိဋကတ်တော်များကို မွန်အက္ခရာဖြင့် ကူးယူခဲ့ကြပေသည်။ မွန်တို့၏ ရှေးကျသောအက္ခရာများကို လေ့လာခြင်းအားဖြင့် မွန်တို့သည် အိန္ဒိယတောင်ပိုင်း၊ ပလ္လဝ၊ ကဒံဗအက္ခရာများမှ တစ်ဆင့် အက္ခရာစာပေကိုရရှိသည်ဟု ယူဆရပေသည်။

အေဒီ ၅-၆ ရာစုနှစ် ရေးထိုးသော ပရပထုံမွန်ကျောက်စာများ၊ အေဒီ ၇-၈ ရာစုနှစ် ရေးထိုးသော လော့ဗူရီမွန်ကျောက်စာနှင့် အေဒီ ၁၁ ရာစုနှစ်မှ ၁၃ ရာစုနှစ် ရေးထိုးသော လန်ဖွန်းမွန်ကျောက်စာများကို ယိုးဒယားနိုင်ငံတောင်ပိုင်း၊ အလယ်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် အသီးသီးတွေ့ရှိနိုင်လေသည်။ လော့ဗူရီမွန်ကျောက်စာကိုမူ ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့ အမျိုးသားပြတိုက်တွင် ပြသထားလေသည်။ မြန်မာနိုင်ငံတွင် ဘားအံမြို့အနီး ကော့ဂွန်းဂူတွင် လည်းကောင်း၊ သထုံမြို့ ရွှေစာရံဘုရားတွင် လည်းကောင်း၊ ၁၀ ရာစုနှစ်နောက်ပိုင်းတွင် ရေးထိုးသော မွန်ကျောက်စာများကို တွေ့ရပြီးလျှင် ၁၁ ရာစုနှစ် မွန်ကျောက်စာများကို ပုဂံ၌ အများဆုံးတွေ့ရသည်။ ကျောက်ဆည်၊ ပြည်၊ ပဲခူးအရှေ့၊ ရွှေနံ့သာနှင့် သထုံ စသောဌာနများတွင်လည်းကောင်း အသင့်အတင့် တွေ့ရှိရပေသည်။ ဟံသာဝတီခေတ် မွန်ကျောက်စာနှင့် ခေါင်းလောင်းစာများကို ပုသိမ်၊ ရန်ကုန်၊ ပဲခူး၊ ပုဂံ၊ သထုံ၊ ကေလာသတောင်၊ မုတ္တမ၊ ကျိုက်မရော၊ ထားဝယ်စသော ဌာနများတွင် တွေ့ရှိရလေသည်။

မွန်ပေမူ ရှေးဟောင်းစာပေများကို ယိုးဒယားနိုင်ငံရှိ မွန်ရွာများ၊ သထုံနှင့် ကျိုက္ခမီခရိုင်အတွင်းရှိ မွန်ရွာများတွင် အများအပြား တွေ့ရှိနိုင်ပေသည်။

အထူးကဏ္ဍ [ ဂ ] သို့ »»

## မန်ကျည်းသနပ်ရွက်ချဉ်ရည်ချက်ဟင်းလျာ

မြန်မာတိုင်းရင်းသားတွေရဲ့ ထမင်းဝိုင်းကိုကြည့်ရင် ဆီပြန်တစ်ခွက်က အဓိကဟင်းလျာ(Main dish)အနေနဲ့ ပါဝင်ပြီး အရံဟင်းတွေအဖြစ်နဲ့က အကြော်၊ အသုပ်၊ အတို့အမြှုပ်နဲ့ အရည်သောက် အစရှိတဲ့ ဟင်းအမယ်တွေ မြိုင်မြိုင်ဆိုင်ဆိုင်ပါဝင်တာကို တွေ့ရပါတယ်။ အဲဒီ အရည်သောက် ဟင်းလျာမှာလည်း ဟင်းချို၊ ဟင်းခါးအပြင် အချဉ်ဟင်းဆိုပြီး အသီးအနှံနဲ့ အရွက်အမျိုးမျိုးကို အချဉ်သီးတွေခတ်ပြီး တခုတ်တရ ချက်စားလေ့ရှိပါတယ်။

ချဉ်ပေါင်၊ ကင်ပွန်းနဲ့ မန်ကျည်းရွက်လို အချဉ်စူးတဲ့ အရွက်တွေကိုတော့ အချဉ်ပေါ့အောင် မှျစ်လို၊ ကန်စွန်းလို အခြားဟင်းသီးဟင်းရွက်တွေနဲ့ ရောနှောလို့ ချက်ကြပါတယ်။ အခုတလော ဈေးတွေမှာ ရာသီစာအဖြစ် မန်ကျည်းရွက်၊ ဥသျှစ်ရွက်နဲ့ သနပ်ရွက်ကလေးတွေကို စိမ်းစိမ်းစိုစို တွေ့နေရပါပြီ။ အထက်အညာဒေသတွေမှာတော့ မန်ကျည်းရွက်ပေါ်ချိန်ဆို မန်ကျည်းဖူး၊ မန်ကျည်းရွက်နုကလေးခူးထည့်ကာ အကြော်၊ အသုပ် စသည်ဖြင့် အမျိုးစုံလုပ်စားကြပါတယ်။

အချို့က မန်ကျည်းဖူး၊ မန်ကျည်းပွင့်နဲ့ မန်ကျည်းရွက်နုကလေးတွေကို ကြာကြာထားစားနိုင်အောင် အချဉ်တည်ကာ အိုးသိပ်ထားစားကြပါသေးတယ်။ အောက်ပြည်အောက်ရွာဘက်မှာတော့ မန်ကျည်းရွက်ပေါ်ချိန်ဆို အတူတွေ့လာရပြီဖြစ်တဲ့ သနပ်ရွက်ကလေးတွေနဲ့ရောပြီး ချက်ထားတဲ့ မန်ကျည်းသနပ်ရွက်ချဉ်ရည်ချက်က နာမည်ကြီးပါတယ်။ မြန်မာတိုင်းရင်းသားတွေဟာ ရာသီပေါ် အသီးအနှံနဲ့ ဟင်းသီးဟင်းရွက်တွေကို ဆေးလည်း အစာ၊ အစာလည်းဆေးဆိုပြီး ပေါ်ဦးပေါ်ဖျားအချိန်များမှာ ဈေးကြီးပေးဝယ်ကာ တန်ဖိုးထားစားတတ်ကြပါတယ်။

မန်ကျည်းရွက်နဲ့ သနပ်ရွက်တို့ရဲ့ အကျိုးဂုဏ်ကို ဥတုဘောဇနသင်္ဂဟကျမ်းမှာ "မန်ကျည်းရွက်သည် နှုတ်ကို မြိန်စေတတ်၏။ လေ, သလိပ်, ပိုး, အဆိပ်တို့ကို နိုင်၏။ ယားနာကို နိုင်၏။ သနပ်ရွက်သည် ရတ္တပိတ်နာကို နိုင်၏။ ဝမ်းချုပ်စေ၏"လို့ ဖော်ပြထားပါတယ်။

မန်ကျည်းရွက်ကို သနပ်ရွက်နဲ့ရောပြီး ချဉ်ရည်ချက်မယ်ဆိုရင် အချဉ်ပြေအောင် မန်ကျည်းရွက်နှစ်ဆနဲ့ သနပ်ရွက်တစ်ဆလောက်ရောပြီး ချက်ရပါမယ်။ အရွက်ရင့်တွေနဲ့ ရောနှောပါလာတတ်တဲ့ အရွက်ရိုးတွေဖယ်ပြီးတဲ့ အခါ ရေစင်စင်ဆေးကာ အရွက်များကို သီးခြားစိစစ်ထားပါမယ်။

ဟင်းခတ်အဖြစ် ရရာငါးသုံးနိုင်ပေမယ့် အောက်အရပ်ဘက်မှာတော့ ငါးခူနဲ့ အချက်များပါတယ်။ ဟင်းအတွဲအစပ်အဖြစ် ငါးခူပြန်ကြော်နဲ့ လိုက်ဖက်လှတာမို့ ငါးခူကို အသုံးများကြတာပါ။ "ငါးခူသည် လေကို နိုင်၏။ ကြေလွယ်၏။ အား, သုက်, သလိပ်တို့ကို ပွားစေတတ်၏" လို့ ငါးခူရဲ့အကျိုးဂုဏ်ကို ကာဝပ္ပကကျမ်းမှာ ရေးသားထားပါတယ်။ ငါးခူကို သန့်စင်ဆေးကြောပြီးရင် ဘေးဘယ်ညာကို ဓားထက်ထက်နဲ့ ခပ်စိပ်စိပ် မွှန်း၊ အမြီးဖျားနဲ့ ငါးခူခေါင်းပိုင်းကိုတော့ ဟင်းအခတ်အတွက် သပ်သပ်ဖြတ်ပြီး ဖယ်ထားပေးပါ။ ပြီးက ဆားနနွင်းနယ်ကာ အသင့်ပြင်ထားပါ။

အားလုံးအသင့်ဖြစ်ပြီဆိုရင် ငရုတ်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီထောင်းပြီးသားအရောကို ငါးခူခေါင်းအမြီးနဲ့ ဆီသတ်ပြီး မန်ကျည်းရွက်ထည့်လုံးပါ။ ဆီပြန်စပြုလာရင် ရေအနေတော်ထည့်ကာ ပွက်ပွက်ဆူအောင် တည်ရပါမယ်။ ဟင်းအိုးဆူလာရင် သနပ်ရွက်ခတ် အပေ့ါ၊ အငန်မြည်းပြီး မီးဖိုမှချနိုင်ပါပြီ။ မွှန်းထားတဲ့ ငါးခူအလယ်သားအပိုင်းတွေကို ဆီပေါပေါနဲ့ ကြွပ်ကြွပ်ကြော်ကာ ကျန်တဲ့ဆီမှာ ငရုတ်၊ ကြက်သွန်ထောင်းပြီးသားအရောကို ရွှေဝါရောင်သန်းအောင်ကြော်ပြီး ငါးခူကြော်တွေအပေါ် လောင်းလိုက်ရင် ငါးခူပြန်ကြော် ကြွပ်ကြွပ်ရပြီပေ့ါ။ မန်ကျည်းသနပ်ရွက်ချဉ်ရည်ချက်နဲ့ ငါးခူပြန်ကြော် ဟင်းစပ်အတွဲက ထမင်းပွဲကို ဂုဏ်ထည်စေတာအမှန်ပါ။

**စံလွင် (ငါးဦးစီး)**







▲▲▲

ကားစီးလုံးငှားသည်။
AC-Express(45,33,25), အံစာတုံး (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရွှေငါး) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်ငှားပါ။
မြို့တွင်း/မြို့ပြင်-ခရီးစဉ်မျိုးစုံအတွက် ကားကြီး/သေးမျိုးစုံ ငှားရမ်းနိုင်သည်။
Ph: 09-252522200, 09-33345545, 09-5089800




AA ယာဉ်မောင်းသင်တန်း
09-43158300, 09-254051326
09-782793551

ပန်း ထိုး ဝက်
ဦးသန်းအောင်
Ph: 563033, 0973191322




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ကြီးမြို့၊ အဝေးပြေးကမ္ဘောဇဘီအမ်အသင်းပိုင်ဂိတ်ဖြစ်သည့်။ "တောင်ကြီးမြို့၊ ကန်အောက်ရပ်အကွက်အမှတ်(၁၆)၊ အကွက်အမည်၊ မင်းကျောင်းရပ်၊ မြေကွက်အမှတ်(၁၀၆/၁၂၅)၊ ဦးပိုင်အမှတ်(၅၂-ပ) ဧရိယာ(၀. ၁၀၃)ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦများအပါအဝင် အကျိုးခံစားခွင့်များ"ကို အသင်းဝင်ယာဉ်ပိုင်ရှင်အများစု၏ သဘောတူညီချက်အရ ရောင်းချနိုင်ရန်အတွက် ဝယ်ယူမည့်သူထံမှ စရန်ငွေတစ်စိတ်တစ်ဒေသရယူ ရောင်းချထားပြီးဖြစ်ပါသည်။

ထိုသို့ ရောင်းချထားခြင်းအပေါ် ကန့်ကွက်လိုပါက အများပိုင်ဥပစာဖြစ်၍ ယာဉ်ပိုင်ရှင်အများစု၏ သဘောတူညီချက်အပါဝင် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၁၄)ရက်အတွင်း သက်ဆိုင်ရာရုံးများတွင် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ယာဉ်ပိုင်ရှင်အများစု၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်ထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၂၂)**
**အမှတ်(၃၁)-ဃ၊ နယ်မြေ(၇)၊ ဝန်ကြီးလမ်းခွဲ(၂)**
**ရေအေးကွင်းရပ်။ တောင်ကြီးမြို့။**

## ဒေါ်သူသူဝင်း (ဘ) ဦးဆန်းမောင်
## [၈/မသန(နိုင်)၀၇၀၆၀၈]နှင့် အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၄)ရပ်ကွက်၊ (၃)လမ်းနေ ဒေါ်လဲ့ဝေမွန် (ဘ) ဦးခင်မောင်ညွှန့် [၇/ ကတခ(နိုင်)၁၁၇၇၀၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ဒေါ်သူသူဝင်းသည် ကျွန်ုပ်၏မိတ်ဆွေထံသို့ စုကြေးငွေများအားအကြိမ်ကြိမ်ရောင်းချခဲ့ပြီး ကျွန်ုပ်၏မိတ်ဆွေယုံကြည်စေရန်အတွက် စုကြေးငွေအချို့တစ်ဝက်ကို ပေးအပ်ခဲ့ပြီး ကျန်စုကြေးငွေကျပ်သိန်း(၁၁၀၀)တန်ဖိုးရှိသောဆုကြေးငွေများကို ဒေါ်သူသူဝင်းသည် ကျွန်ုပ်၏မိတ်ဆွေသို့ ပြန်လည်ပေးအပ်ခြင်းမရှိဘဲ မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့ကြောင်းသိရှိခဲ့ရပါသည်။ထို့ကြောင့်ကျွန်ုပ်၏မိတ်ဆွေထံမှရယူထားသည့်ငွေကျပ် သိန်း(၁၁၀၀)အား ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပြန်လည်ပေးအပ်ရန်နှင့် အကယ်၍ပေးအပ်ခြင်းမရှိခဲ့ပါက တည်ဆဲဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဒေါ်သူသူဝင်းနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်လဲ့ဝေမွန်** | **ဦးကျော်ဆန်းဝင်း (LL.B) (စဉ်-၇၈၈၁)** |
| **[၇/ကတခ(နိုင်)၁၁၇၇၀၈]** | **တရားလွှတ်တော်ရှေ့နေ** |

**၈၀×၈၁ လမ်း၊ ၃၃×၃၄ လမ်းကြား၊ ဘုံဘိုင်တန်းဝင်း၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၅၇၈၉၆**

## ဒေါ်နှင်းရည်နန္ဒာ (ဘ) ဦးခင်မောင်သိန်း
## [၁၂/လမတ(နိုင်)၀၃၀၆၇၄] နှင့် အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၄)ရပ်ကွက်၊ (၃)လမ်းနေ ဒေါ်လဲ့ဝေမွန် (ဘ) ဦးခင်မောင်ညွှန့်[၇/ကတခ(နိုင်)၁၁၇၇၀၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်နှင်းရည်နန္ဒာသည် ကျွန်ုပ်၏မိတ်ဆွေထံသို့ ငွေကျပ်(၆၂၅)သိန်းတန်ဖိုးရှိသော စုကြေးများအား(၁၀)ကြိမ်တိတိရောင်းချခဲ့ပါသည်။ ထိုသို့ရောင်းချခဲ့သော်လည်း ဒေါ်နှင်းရည်နန္ဒာသည် ကျွန်ုပ်၏မိတ်ဆွေသို့ စုကြေးငွေများအားပြန်လည်ပေးအပ်ခြင်းမရှိဘဲ မိမိ ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့ကြောင်းသိရှိခဲ့ရပါသည်။ထို့ကြောင့်ကျွန်ုပ်၏မိတ်ဆွေထံမှရယူထားသည့်ငွေကျပ်(၆၂၅)သိန်းအား ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပြန်လည်ပေးအပ်ရန်နှင့် အကယ်၍ပေးအပ်ခြင်းမရှိခဲ့ပါက တည်ဆဲဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဒေါ်နှင်းရည်နန္ဒာနှင့်အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်လဲ့ဝေမွန်** | **ဦးကျော်ဆန်းဝင်း (LL.B) (စဉ်-၇၈၈၁)** |
| **[၇/ကတခ(နိုင်)၁၁၇၇၀၈]** | **တရားလွှတ်တော်ရှေ့နေ** |

**၈၀×၈၁ လမ်း၊ ၃၃×၃၄ လမ်းကြား၊ ဘုံဘိုင်တန်းဝင်း၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၅၇၈၉၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၁၄၇)၊ မြေကွက်အမှတ်(၁၄၀၅)၊ မြေကွက်တည်နေရာအမှတ်၁၄၀၅၊ (၁၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒေါ်ခင်စန်းရီ [၁၂/လမတ(နိုင်)၀၀၃၆၄၃]အမည်ပေါက် ပါမစ်မြေအားပါမစ်အမည်ပေါက် ဒေါ်ခင်စန်းရီ[၁၂/လမတ(နိုင်) ၀၀၃၆၄၃]မှ ၎င်းမှ မြေချပါမစ်မူရင်းမှာ ၎င်း၏လက်ဝယ်တွင်သိမ်းဆည်းထားရာမှ ပျောက်ဆုံးသွားသည်မှာမှန်ကန်ပါကြောင်းနှင့် ဖြစ်ပေါ်လာသည့် ကိစ္စအဝဝတို့အား တာဝန်ယူပါကြောင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ကျမ်းကျိန်လွှာအမှတ် ၃၁/၁၅ (၂၆-၁-၂၀၁၅) ပါမစ်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်များဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ ၁၀ပေ×၁၅ပေရှိ သွပ်မိုးသွပ်ကာ၊ အဆောက်အအုံ(၁)လုံးရှိပြီး လူမနေ သော့ဖွင့်ပြပါကြောင်း တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်သစ်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤ ကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ခင်လပြည့်ဝန်း (ဘ) ဦးကျေး
## [၁၃/လရန(နိုင်)၂၀၁၄၉၂]နှင့် အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၄) ရပ်ကွက်၊ (၃)လမ်းနေ ဒေါ်လဲ့ဝေမွန် (ဘ) ဦးခင်မောင်ညွှန့် [၇/ကတခ(နိုင်)၁၁၇၇၀၈] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ဒေါ်ခင်လပြည့်ဝန်းသည် ကျွန်ုပ်၏မိတ်ဆွေထံသို့ စုကြေးငွေများအား အကြိမ်ကြိမ်ရောင်းချခဲ့ပြီး ကျွန်ုပ်၏မိတ်ဆွေယုံကြည်စေရန်အတွက် စုကြေးငွေအချို့တစ်ဝက်ကိုပေးအပ်ခဲ့ပြီး ကျန်စုကြေးငွေ(၆၀၉)သိန်းတန်ဖိုးရှိသော စုကြေးငွေများကို ဒေါ်ခင်လပြည့်ဝန်းသည် ကျွန်ုပ်၏မိတ်ဆွေသို့ ပြန်လည်ပေးအပ်ခြင်းမရှိဘဲ မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့ကြောင်းသိရှိခဲ့ရပါသည်။ ထို့ကြောင့်ကျွန်ုပ်၏မိတ်ဆွေထံမှရယူထားသည့် ငွေကျပ်(၆၀၉)သိန်းအား ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပြန်လည်ပေးအပ်ရန်နှင့် အကယ်၍ပေးအပ်ခြင်းမရှိခဲ့ပါက တည်ဆဲဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဒေါ်ခင်လပြည့်ဝန်းနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်လဲ့ဝေမွန်** | **ဦးကျော်ဆန်းဝင်း (LL.B) (စဉ်-၇၈၈၁)** |
| **[၇/ကတခ(နိုင်)၁၁၇၇၀၈]** | **တရားလွှတ်တော်ရှေ့နေ** |

**၈၀×၈၁ လမ်း၊ ၃၃×၃၄ လမ်းကြား၊ ဘုံဘိုင်တန်းဝင်း၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၅၇၈၉၆**

## အလက(၂)ဒဂုံ(ယခင် မင်းမနိုင်) (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

အလက(၂)ဒဂုံ(ယခင် မင်းမနိုင် အစိုးရအလယ်တန်းကျောင်း)၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)ပြည့် ပင်စင်စားကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများအား ကျောင်းသား၊ ကျောင်းသူဟောင်းများမှ (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇူလိုင်လ ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အလက(၂)ဒဂုံ၌ ကျင်းပမည်ဖြစ်ပါသည်။

အလှူငွေများ ထည့်ဝင်လိုပါက ဦးစောညဏ်လင်းထက်- ၀၉-၇၉၉၆ ၀၅၀၅၈၊ မဖြူသဲဦး-၀၉-၄၃၀၆၅၃၅၆၊ မောင်ဇင်မင်းနိုင်-၀၉-၄၅၀၀၁၃၀၆၃၊ CB Bank Account: 0114600100005312 သို့ ပေးပို့လှူဒါန်းနိုင်ပါသည်။







## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ (၁၂)လမ်း၊ အမှတ်(၃၄၂)၊ ၅လွှာ(A)၊ (ခေါင်းရင်းခန်း)ကို တရားဝင် လက်ဝယ်ထားရှိ ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ယင်းတိုက်ခန်းတွင် လက်ရှိနေထိုင်သော ဒေါ်ပူတူးမာ[၁၂/ဒပန(ပြု) ၀၀၀၈၁၃]မှ ဒေါ်ခင်ချိုပြုံး[၁၂/မဂဒ(နိုင်)၀၂၂၂၂၃]ထံသို့ ရောင်းချခြင်း၊ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ၎င်းတို့တိုက်ခန်းနှင့်ပတ်သက်၍ (၁)ပတ်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်ချိုပြုံး[၁၂/မဂဒ(နိုင်)၀၂၂၂၂၃]**
**ဖုန်း-၀၉-၉၇၂၄၂၇၂၆၂**

## အများသိစေရန် အသိပေး၊ သတိပေးကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ ပရိက္ခရာရပ်၊ ဈေးတောင်ဘက်ရှိ အကွက်အမှတ်( D)၊ ဦးပိုင်အမှတ်(၅၅)၊ မြေဧရိယာ ဧက (၀. ၀၇၇)ဧကရှိ မြေနှင့် ဝိုင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံဟုခေါ်တွင်သော မြေကွက်နှင့် အဆောက်အအုံမှာ ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးဝင်းမောင်-ဒေါ်ကြင်ရွှေ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး ကွယ်လွန်သူ မိဘများဖြစ်ကြသော ဦးဝင်းမောင်- ဒေါ်ကြင်ရွှေတို့တွင် သားသမီးများဖြစ်ကြသော (၁) ဒေါ်ခင်စန်းမြင့်၊ (၂) ဦးတင့်လွင်၊ (၃) ဦးမြင့်လွင်၊ (၄) ဦးစန်းလွင်၊ (၅) ဦးသက်လွင်၊ (၆) ဒေါ်ခင်လေးမြင့်တို့ (၆)ဦးမွေးဖွားခဲ့၍ မိဘများကွယ်လွန်သွားပြီးဖြစ်သည့်အတွက် အမွေပုံပစ္စည်းအဖြစ် မရွှေ့မပြောင်းနိုင်သောပစ္စည်း ကျန်ရှိကြောင်းနှင့် အမွေဆက်ခံသူများဖြစ်၍ အမွေဆက်ခံပိုင်ဆိုင်သော ဦးအစ်ကိုမောင်နှမ(၆)ဦးမှ တစ်ဦးတစ်ယောက်မသိဘဲ ရောင်းချပေါင်နှံ၊ လွှဲပြောင်းခြင်းများ မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထွန်းထွန်းလွင် (LL.B.,C.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၂၃)**
**အမှတ်-၆၀၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၅၂၉၂၄၊ ၀၉-၅၄၀၄၀၃၁၊ ၀၉-၃၀၂၈၂၄၈၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ မြေကွက်အမှတ်-၁၂၅၆၊ မြေကွက်တည်နေရာအမှတ်-၁၂၅၆၊ ယုဝတီ(၄)လမ်း၊ ၃၄ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ (ဦးမောင်သန်း)[၁၂/ဥကတ(နိုင်)၀၉၀၆၉၇] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးမောင်သန်း ခင်ပွန်းဖြစ်သူ ကွယ်လွန်သဖြင့် ဒေါ်ကြည်ကြည်ဌေး[၁၂/ဥကတ(နိုင်)၀၄၀၆၄၅]မှ ဇနီးတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ ၎င်းထံမှ ကိုယ်စားလှယ်လွှဲစာ ၁၇၃၅၆/၁၂(၂၉-၁၀-၁၂)ဖြင့် G.Pရသူ ဦးစစ်အောင်[၁၂/ဥကတ(နိုင်)၁၆၈၅၈၅]မှ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ဇင်ပွန်းကုန်းအုပ်စု၊ သစ်ပုတ်ကုန်းကျေးရွာ(ဝါးရာကျောင်း)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးပရယ်စိုးနိုင်[၁၄/ပသန(နိုင်)၂၉၄၈၇၃]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးပရယ်စိုးနိုင်[၁၄/ပသန(နိုင်)၂၉၄၈၇၃]နှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းကို အတူတကွလုပ်ကိုင်ခဲ့သူများအားလုံးနှင့် သိရှိရင်းနှီးသူအားလုံးတို့သည် ကျွန်ုပ်မိတ်ဆွေ၏ အမည်၊ မှတ်ပုံတင်အမှတ်၊ ဓာတ်ပုံတို့ကိုအသုံးပြုပြီး ကျွန်ုပ်မိတ်ဆွေ၏ပတ်ဝန်းကျင်နှင့် လူမှုကွန်ရက်၊ Facebook, Viber, Social Network Mediaတို့တွင် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍လည်းကောင်း၊ အခြားမည်သည့်အကြောင်းကြောင်းနှင့်မျှ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကျဆင်းအောင် ပြုမူပြောဆိုကြေညာခြင်းများမပြုလုပ်ရန် ကြေညာအပ်ပါသည်။ ပြုလုပ်ဆောင်ရွက်ထားသူများအနေဖြင့်လည်း အမြန်ဆုံး ဖျက်သိမ်းပေးရန် အသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေမှ လုပ်ကိုင်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပေးရန်၊ ရရန်ရှိသူများအပေါ် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ရန်စီစဉ်လျက်ရှိပါသည်။ သို့ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကျဆင်းစေရန် ပြုမူဆောင်ရွက်လာပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ဒေါ်အေးပရယ်စိုးနိုင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းဇော်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၂၇၇၃/၁၇)**
**(LL.B,D.B.L,WIPO)**
**အမှတ်(၂၆၈၈)၊ စိန်တစ်ပွင့်လမ်း၊ (ဒ-၆၃/၁၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၅၀၀၃၄၃၆၃**

## ကုန်သည်စက်မှုအသင်းချုပ်(UMFCCI) Global MBA Offshore Program (Batch-11) သင်တန်းသို့ လျှောက်လွှာခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် ထိုင်းနိုင်ငံ University of the Thai Chamber of Commerce (UTCC)နှင့် ပူးပေါင်း၍ "စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့"သင်တန်း Global MBA(Batch-11)ကို ၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁၁ရက်မှစတင်၍ ဖွင့်လှစ်မည်ဖြစ်ပါသည်။

Global MBA Program ဖြစ်သည့်အားလျော်စွာ ထိုင်းနိုင်ငံ University of the Thai Chamber of Commerce(UTCC)၌ သင်ပြနေသော အမေရိကန်တက္ကသိုလ်များမှ ပါရဂူဘွဲ့ရ ထိုင်းလူမျိုးပါမောက္ခများ သာမက UTCC နှင့် ချိတ်ဆက်ထားသည့် နိုင်ငံတကာတက္ကသိုလ် များမှ ပါမောက္ခများ ပူးပေါင်းသင်ကြားပို့ချသော မဟာဘွဲ့သင်တန်းဖြစ်ပြီး အပြည်ပြည်ဆိုင်ရာစီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့ကို ပြည်တွင်းမှာပင် တက်ရောက်နိုင်မည်ဖြစ်ပါသည်။ စိတ်ပါဝင်စားသူများအနေဖြင့် UMFCCI Training Institute အမှတ်- ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၃၀၄၃၄၄~၄၉(လိုင်းခွဲ-၁၃၃၊ ၁၃၄)သို့ **၂၀-၆-၂၀၁၈**ရက် နောက်ဆုံးထား ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ပါသည်။

**ကုန်သည်စက်မှုအသင်းချုပ်(UMFCCI)**




## မြေပိုင်ရှင် ဒေါ်ရှုတီ [၁၂/မရက(ဧည့်)၀၀၀၁၀၅]နှင့် ၎င်း၏သမီးများဖြစ်ကြသည့် (၁)ဒေါ်နီနီဝင်း [၁၂/မရက(ပြု)၀၀၀၁၀၉]၊ (၂) ဒေါ်ခင်ဝင်း [၁၂/မရက(ပြု)၀၀၀၁၀၈]၊ (၃)ဒေါ်ရှုကီး [၁၂/မရက(ပြု)၀၀၀၁၁၀] ကိုင်ဆောင်သူတို့နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၂/ရပ်ကွက်၊ အောင်မြေသာလမ်း၊ အမှတ် (၅၂၈)နေ ဒေါ်အေးအေးခိုင် [၈/ဆပဝ(နိုင်)၀၂၀၄၀၆](ရွှေအောင်ဇမ္ဗူဆောက်လုပ်ရေး)၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အထက်ဖော်ပြပါ မြေပိုင်ရှင် ဒေါ်ရှုတီပါ(၄)ဦးနှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၂/ရပ်ကွက်၊ အောင်မြေသာလမ်း၊ အမှတ်(၅၀၉)ဟုခေါ်တွင်သော ခန့်မှန်းမြေဧရိယာ ပေ(၂၀× ၄၀)ရှိ မြေကွက်အား မြေပိုင်ရှင်ဒေါ်ရှုတီနှင့် ၎င်း၏သမီးများဖြစ်ကြသော (၁)ဒေါ်နီနီဝင်း၊ (၂)ဒေါ်ခင်ဝင်းနှင့် (၃)ဒေါ်ရှုကီးတို့(၄)ဦးတို့က တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းလုံးဝကင်းရှင်းသဖြင့် ၎င်းမြေကွက်ပေါ်တွင် အခန်းပေး-အခန်းယူစနစ်ဖြင့် အာရ်စီ(၃)ထပ်ခွဲတိုက် ဆောက်လုပ်ပေးရန်ပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေက ၁၀-၁၂-၂၀၁၃ရက်စွဲပါ စာချုပ်နှင့် ၈-၂-၂၀၁၅ရက်စွဲပါစာချုပ်တို့ကိုပြုလုပ်ချုပ်ဆို၍ စာချုပ်ပါသဘောတူညီချက်များအတိုင်း ကျွန်ုပ်မိတ်ဆွေက ယင်းမြေကွက်ပေါ်၌ဆောက်လုပ်၍ ပေါ်ထွက်လာသောတိုက်ခန်း(၅)ခန်းအနက် ပထမထပ်၊ ဒုတိယထပ်နှင့် တတိယထပ် တိုက်ခန်း(၃)ခန်းတို့ကိုရယူ၍ မြေပိုင်ရှင် ဒေါ်ရှုတီပါ(၄)ဦးတို့အား ဖယ်ရှားပြောင်းရွှေ့စရိတ် အလိုက်ငွေကျပ်သိန်း (၅၀) တိတိနှင့် ယင်းအဆောက်အအုံ၏ မြေညီထပ်နှင့် မှန်ခန်းတိုက်ခန်း(၂)ခန်းတို့ကို ခွဲဝေယူကြရန် အကျိုးတူဆောက်လုပ်ခဲ့ကြပါသည်။

ကျွန်ုပ်မိတ်ဆွေမှ ၎င်းအဆောက်အအုံကို တရားဝင်ဆောက်လုပ်နိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (အဆောက်အအုံ)ဌာနတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောက်လုပ်ခွင့်ပြုမိန့်တင်သွင်းခြင်း၊ ၂၀-၃-၂၀၁၄ရက်စွဲပါ အဆောက်အအုံပုံစံများ ပူးတွဲတင်သွင်းခြင်းတို့ကြောင့် မြို့တော်စည်ပင် (အင်ဂျင်နီယာဌာန၊ အဆောက်အအုံ)မှ ၁၄-၅- ၂၀၁၄ရက်စွဲပါ စာအမှတ်၊ ၀၂၈(၇)/၀၁၈/စည်ပင်-ယာ(အုံ)ဖြင့် (၂)ထပ်ခွဲအဆောက်အအုံတစ်လုံး ဆောက်လုပ်ခွင့်ပြုမိန့်တောင်းခံရရှိကာ အဆောက်အအုံကိုတာဝန်ယူဆောက်လုပ်နေစဉ်တွင် မြေပိုင်ရှင် ဒေါ်ရှုတီသည် ၁၂-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားခဲ့ပါသည်။ကျွန်ုပ်မိတ်ဆွေသည် ၎င်းတာဝန်ယူဆောက်လုပ်နေသည့် အဆောက်အအုံပြီးစီးသည့်အခါ မြေပိုင်ရှင် ဒေါ်ရှုတီပါ(၄)ဦးရရှိမည့် ရေ-မီးအပြည့်အစုံ တိုက်ခန်း(၂)ခန်းတို့ကို ဒေါ်ရှုတီ၏သမီး ဒေါ်ခင်ဝင်းနှင့် ဒေါ်နီနီဝင်းတို့ထံ ၂-၉-၂၀၁၅ရက်တွင် မြေပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းများနှင့်တကွ တရားဝင် လက်ရောက်လွှဲပြောင်းအပ်နှံခဲ့ပြီးနောက် ကျွန်ုပ်မိတ်ဆွေရရှိသည့် ဒါဘာတိုက်ခန်း(၅)လွှာ(၁)ခန်းကို ဒေါ်သန်းသန်းအေး [၁၂/ကမရ(နိုင်)၀၃၅၉၆၃]အား ၁-၃-၂၀၁၇ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်စာချုပ်ဖြင့် လည်းကောင်း၊ ဒုတိယထပ် (၄)လွှာ တိုက်ခန်း(၁)ခန်းကို ဦးလှငွေ [၈/မသန(နိုင်)၀၁၇၅၈၀]အား ၁၁-၁၀-၂၀၁၅ ရက်စွဲပါ တိုက်ခန်းအရောင်း အဝယ်စာချုပ်ဖြင့်လည်းကောင်း၊ ပထမထပ် (၃)လွှာ၊ တိုက်ခန်း(၁)ခန်းကို ဦးစိုးလွင် [၁၂/လမန(နိုင်)၁၀၄၀၇၁]နှင့် ဒေါ်ဌေးဌေးဦး[၁၂/လမန(နိုင်)၁၀၄၂၃၉]တို့အား ၁၉-၉-၂၀၁၅ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်စာချုပ်ဖြင့် လည်းကောင်း အသီးသီးတရားဝင်လွှဲပြောင်းရောင်းချခဲ့ပြီးလည်း ဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေထံမှလွှဲပြောင်းဝယ်ယူထားသူ အထက်ပါတိုက်ခန်းပိုင်ရှင် (၃)ဦးတို့ကလည်း ၎င်းတို့၏တိုက်ခန်းများတွင် အသီးသီးနေထိုင်လျက်ရှိနေကြစဉ် ၉-၅-၂၀၁၈ရက်ထုတ် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၂၂)တွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၏ ၂၀၁၇ခုနှစ်၊ တရားမဇာရီမှုအမှတ်(၁၇၃) တရားနိုင် ဦးဇော်ဝင်းနှင့် တရားရှုံးများအဖြစ် ဒေါ်နီနီဝင်း ပါ(၆)ဦးတို့၏ အမွေပုံစီမံခန့်ခွဲပေးစေလိုမှုဒီကရီအရ လေလံတင်ရောင်းချရန် ကြော်ငြာတွင် ကျွန်ုပ်၏မိတ်ဆွေရောင်းချခဲ့သည့် အဆိုပါတိုက်ခန်း(၃)ခန်း ပါဝင်နေကြောင်း တွေ့ရပါသည်။

သို့ဖြစ်ပါ၍ ၉-၅-၂၀၁၈ရက်ထုတ် ကြေးမုံသတင်းစာ၏ လေလံတင်ရောင်းချရန်ကြော်ငြာတွင် ပါဝင်နေသည့် တိုက်ခန်း(၃)ခန်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်မိတ်ဆွေထံ လုပ်ငန်းအပ်နှံစဉ်က အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုပြီး အပ်နှံခဲ့ကြသည့် ဒေါ်ရှုတီပါ(၄)ဦးတို့မှ ဤကြေညာချက်ပါရှိနေ့ရက်မှစ၍ (၁)လအတွင်း တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ သတ်မှတ်ထားသည့်ကာလအတွင်း တစ်စုံတစ်ရာဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့ပါက တည်ဆဲတည်မြဲ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ရှုတီပါ (၄)ဦးနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးအေးခိုင်၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးအောင်နိုင်စိုး (LL.B) | ဒေါ်ဇင်ဇင်နိုင် (LL.B,D.B.L) |
|---|---|
| တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၈၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၉၂) |

**အမှတ်(၁၄၇၀/က)၊ ထူပါရုံ (၁၃)လမ်းအရှေ့၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း-၀၉-၄၅၇၂၉၃၃၄၄၊ ၀၉-၇၃၁၉၃၃၄၄၊ ၀၉-၇၉၈၁၉၃၂၉၉**

